www.burmeseclassic.com

အလင်းသစ်

ကြွေချိန်မကျတဲ့...ကြယ်

(အာခွစ်လ်းခွင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

အလင်းသစ်

ကြွေချိန်မကျတဲ့ကြယ်

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆ခု၊ သြဂုတ်လ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး – ၁၅၅၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

ဘဋ္ဌ ၀၃

အလင်းသစ်
ကြွေချိန်မကျတဲ့ကြယ် / အလင်းသစ် – ရန်ကုန်၊
ရွှေပဒေသာစာပေ၊ ၂၀၁၆ ။
၂၉၆ စာ၊ ၁၂ × ၃၈ စင်တီ။
(၁) ကြွေချိန်မကျတဲ့ကြယ်

www.burmeseclassic.com

စာရေးဆရာဆိုပြီး နှင့်ဇာတ်ကောင်တွေပြောတဲ့ စကားလုံးတွေနဲ့ ငါ့ကို ဆရာလာမလုပ်နဲ့ ကြယ်။ ငါ မပေးဆပ်နိုင်ဘူး။ မစားရတဲ့အမဲကို ငါက သဲနဲ့တော့မပက်ဘူး။ ငါလိုချင်တဲ့အရာတစ်ခုကို ငါမှ မပိုင်ဆိုင်ရင် သူများလည်း မပိုင်ဆိုင်ရဘူး။ အဲဒါ ငှဲ့ခံယူချက်ပဲ။

နောင်းသွဲ့လေညင်း

အခုတော့ ... မင်း တောင်းပန်လို့ သူ စိတ်ချမ်းသာအောင် ငါ အလိုက်အထိုက် ပြောလိုက်တာပါ မိုးသောက်။ တစ်နေ့ ငါ မင်းကို ပြန်ပြီးတောင်းပန်ရလိမ့်မယ်။ အဲဒီအခါကျရင် မင်း ငှဲ့ကို ခွင့်လွှတ်နိုင်အောင် ကြိုးစားထားပါ။ မင်းက စာရေးဆရာတစ်ယောက်ပဲ။ ငါ ဘာကိုဆိုလိုတယ်ဆိုတာ သိမှာပါ။

နှစ်သစ်ချို

www.burmeseclassic.com

www.burmeseclassic.com

နင်ပျော်မယ်ဆိုရင် ငါ့နလုံးသားကို ခွဲထုတ်ပြီး နင်ချစ်တဲ့သူကို လက်ဆောင်အဖြစ် ပေးချင်ပေးပါ နောင်းရယ်။ ငါ ရင်ကွဲခံပါ့မယ်။ ဒါပေမဲ့ ... ငါ့ကိုယ်နဲ့ငါ့နလုံးသား အိုးစားကွဲသွားရင်တော့ ငါ့နလုံးသားက ကခုန်ပြီး နောင်းကို ချစ်တယ်လို့ ရွတ်နေဦးမှာပါ။

မိုးသောက်ကြယ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာဆိုပြီး နှင့်ဇာတ်ကောင်တွေပြောတဲ့ စကားလုံး တွေနဲ့ ငါ့ကို ဆရာလာမလုပ်နဲ့ ကြယ်။ ငါ မပေးဆပ်နိုင်ဘူး။ မစားရ တဲ့အမဲကို ငါက သဲနဲ့တော့မပက်ဘူး။ ငါလိုချင်တဲ့အရာတစ်ခုကို ငါမှ မပိုင်ဆိုင်ရရင် သူများလည်း မပိုင်ဆိုင်ရဘူး။ အဲဒါ ငှဲ့ပယ်ချက်ပဲ။

နောင်းသွဲ့လေညင်း

အခုတော့ ...မင်း တောင်းပန်လို့ သူ စိတ်ချမ်းသာအောင် ငါ အလိုက်အထိုက် ပြောလိုက်တာပါ မိုးသောက်။ တစ်နေ့ ငါ မင်းကို ပြန်ပြီးတောင်းပန်ရလိမ့်မယ်။ အဲဒီအခါကျရင် မင်း ငှဲ့ကို ခွင့်လွှတ်နိုင်အောင် ကြိုးစားထားပါ။ မင်းက စာရေးဆရာတစ် ယောက်ပဲ။ ငါ ဘာကိုဆိုလိုတယ်ဆိုတာ သိမှာပါ။

နှစ်သစ်ချို

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

"ကြွေချိန်မကျတဲ့ ကြယ်"

နှင့်အတွက်ဆိုရင်...
ငါဟာ
နင်ဆုတောင်းတိုင်းပြည့်စေဖို့
ကြယ်တစ်ပွင့် ဖြစ်ချင်ခဲ့တယ်။
နင်တောင်းတဲ့ဆုတိုင်း
ပြည့်စေဖို့အတွက်
ကြွေချိန်မကျလည်း
ငါ...ကောင်းကင်ကရအောင်
ကြွေကျခဲ့မယ်

www.burmeseclassic.com

www.burmeseclassic.com

ကဲ . . .

သင်လိုရာဆုတောင်းပေတော့။

မနေ့ညက ခုလိုပဲ ကြယ်တွေကိုမော့ကြည့်ပြီး ကဗျာရေးချင်စိတ်ပေါ်လာတာနဲ့ အိပ်ရာဝင်ကာနီးမှာ သူ ဒီကဗျာလေးကို ရေးခဲ့မိသည်။ ခဏခဏ ပြန်ဖတ်မိရင်းပဲ ဒီညတော့ အလွတ်ရနေခဲ့ပြီလေ။ အခု ကြယ်တွေကို မော့ကြည့်ရင်း သူ ဒီကဗျာလေးကို ရွတ်နေမိတာပါ။

ညော့ . . . ကြယ်တဲ့။

လရောင်က လင်းသလောက် သူတို့မှာတော့ မှိန်တုတ် မှိန်တုတ်နဲ့ မျက်နှာငယ်နေကြရတာ။ သနားစရာကောင်းလိုက်တာ။ လမင်းကို ဝန်းရံခဲ့ပြီး ခစားနေရတဲ့အချိန်တော့ လမင်းရဲ့အလင်းရောင်ကြောင့် သူတို့ရဲ့ အဲရောင်အဝါက တောက်ပမနေတော့ဘူးပေါ့။

ဒါပေမဲ့ . . .

အားမငယ်ပါနဲ့ ကြယ်။ လမင်းဆိုတာ ကောင်းကင်မှာ အမြဲတမ်း သာမနေပါဘူး။ လဆုတ်ရက်ရောက်ရင် သူ ကောင်းကင်ကနေ ဆုတ်ခွာပြေးထွက်သွားရမှာပါ။ ကြယ်လေးတွေကတော့ ကောင်းကင်ယံမှာ သူ တတ်စွမ်းသလောက် အလင်းရောင်နဲ့ ထာဝရ လင်းလက်နေမှာပါ။

လရောင်အောက်မှာ . . .

ကြယ်တွေကို ဘယ်သူကမှ မတပ်မက်ကြပေမယ့် ည အမှောင်ကျချိန်မှာတော့ ကြယ်ရောင်နဲ့လမ်းလျှောက်သူတွေအတွက် မင်းက ကူညီဖေးမ လမ်းပြကြယ်ပါ။

"မိုးသောက်"

"ဟင်_____"

"မိုးသောက်"

"အင် . . . ဟင်"

အနားကိုကပ်ပြီး ခပ်ကျယ်ကျယ်ခေါ်လိုက်မှ မိုးသောက် လှည့်ကြည့်ကာ –

"ညော့ . . . ကိုစစ်"

"မအိပ်သေးဘူးလားကွ၊ ညဉ့်နက်နေပြီ"

"အိပ်မပျော်လို့ပါ။ ပြီးတော့ မျက်လုံးက ဒီအချိန်ထိ နေနေကျတော့ အကျင့်ပါနေတာ။ ပြီးတော့ ကျွန်တော် ကြယ်တွေကို ကြည့်နေတာလေ။ အကျိုးမယုတ်ပါဘူး"

"စာရေးဆရာပေါက်စကတော့လုပ်ပြီ၊ ဘာလဲ ကြယ်တွေကို ကြည့်ပြီး စိတ်ကူးယဉ်နေတာလား"

"အဟွန်း . . . မနေ့ညက ကဗျာတစ်ပုဒ်တောင် ရေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လိုက်သေးတယ်။ ကြယ်တွေကိုကြည့်ပြီး ကုန်ကြမ်းရတာပေါ့''

''ဟုတ်လား၊ ကဗျာခေါင်းစဉ်က ဘာလဲ''

''ခြင်္ကြိုန်မကျတဲ့ ကြယ်တဲ့''

''အင်း ... စာရေးဆရာတွေအတွက်ကတော့ မြင်သမျှ တွေ့သမျှ ကုန်ကြမ်းချည်းပဲဖြစ်နေတော့တာပဲ။ တစ်ခါတလေ ငါ မင်းကို ကြောက်တယ်သိလား''

''ဟင် ... ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမှာလဲ၊ မင်းရှေ့မှာ လေ့လည်ရင်တောင် အသံမထွက်အောင် လည်ရမှာနိုးလေ။ တော်ကြာ စာထဲထည့်ရေးလိုက်မှာစိုးလို့ကွ''

''ဟား ဟား ဟား ဟား''

မိုးသောက် ရယ်ပစ်လိုက်တာ လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါး။ ဒီအချိန်က သူအတွက် အလွတ်လပ်ဆုံးအချိန်ပဲလေ။ ငယ်ငယ်ကတည်းက စာရေးဆရာဖြစ်ချင်တဲ့ အိပ်မက်၊ စပြီးအကောင်အထည်ပေါ်ပြီဆိုကတည်းက ကုန်ကြမ်းရှာလိုက် စာရေးလိုက်။ အားလပ်ချိန်ဆိုတာတောင် စာဖတ်ပြီး ဗဟုသုတ ရှာနေရတာပဲလေ။

ကွန်ဒြေကြီးတစ်ခွဲသားနဲ့ နေရတဲ့အခါရှိသလို –

တစ်ခါတလေ ဗရုတ်ကျရတဲ့အခါတွေလည်း ရှိသည်၊ တစ်ခါ

တလေ ကိုယ်မတတ်တဲ့ အလုပ်တွေ ကိုယ်တိုင်ဝင်လုပ်ကြည့်ရတာက ရှိသေး။ ဒီတော့ သူအတွက် အားလပ်ချိန်ဆိုတာ သိပ်မရှိလှပါဘူး။ ဒီအချိန်လေးကသာ သူအတွက် လွတ်လပ်ပေါ့ပါးသောအချိန်။

''ရယ်မနေနဲ့၊ ငါက တကယ်ပြောတာ။ ဟိုတစ်ခါ ငါ မင်းကို ဖုန်းခေါ်တာ အခြောက်မဆီ ဖုန်းမှားဝင်သွားတဲ့ကိစ္စ မင်းပြီးခဲ့တဲ့စာအုပ်မှာ ထည့်ရေးလိုက်တယ် မဟုတ်လား။ မင်းသားရဲ့သူငယ်ချင်းက မင်းသားဆီ ဖုန်းခေါ်တာကို အခြောက်မဆီမှားဝင်သွားတဲ့ဟာနဲ့လေ''

''ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ။ ဝတ္ထုရေးတယ်ဆိုတာ လူတွေရဲ့ဖြစ်တတ်တဲ့ သဘောတရားတွေကို ဇာတ်လမ်းလုပ် ရေးရတာပဲဥစ္စာ။ အဲဒီတော့ လူတွေရဲ့ပြောဆိုဆက်ဆံရေးနဲ့ လှုပ်ရှားမှုမှန်သမျှက ကျွန်တော့်အတွက် ကုန်ကြမ်းပဲ။ အခု ကိုစစ်လည်း ကျွန်တော့်ကို ကုန်ကြမ်းပေးတယ်လို့ သဘောထားလိုက်ပါ''

ကိုစစ်ငြိမ်း ခေါင်းခါလိုက်ကာ –

''မင်းကိုပြောဖို့ မနိုင်တော့ဘူး''

'''မနိုင်ရင် လွတ်သာချလိုက်''

''ဒါနဲ့ မိုးသောက်''

''ဟင်''

''မင်း အစ်ကိုအခြောက်မ သူရအကြောင်းလည်း ရေးဦး

www.burmeseclassic.com

www.burmeseclassic.com

လေကွာ။ တစ်နေ့တစ်နေ့ မှန်ရွေ့ကခွာတယ်ကိုမရှိဘူး။ ဘုန်းကံညာ တစ်ပါး လုံးရောကပြားပြီး ကောင်လေးချောချောလေးတွေမြင်တာနဲ့ လိုက်ငမ်းနေတဲ့အကြောင်းလေ''

''တော်စမ်းပါဗျာ ... သူအကြောင်း ပြောကိုမပြောချင်ဘူး။ ကျွန်တော့်တော့ လုံးဝကို ကြည့်လို့မရဘူး''

''ဟဲ့ ... ကွယ်ရာပြောအတင်းတဲ့နော်။ ငါ့ကွယ်ရာမှာ ငါ့အတင်း ဘာတွေပြောနေကြတာလဲ''

''အဲ''

''ပြောရင်းဆိုရင်းက လာပြီ''

သူရကိုမြင်တာနှင့် ကိုစစ်ပြိမ်းနဲ့ မိုးသောက် နှာခေါင်းရှုံ့ကြ လေလျှင် –

''အဲဒါ ဘာဖြစ်ကြတာလဲ။ ငါ့ကိုမြင်တာနဲ့ နှာခေါင်းရှုံ့ကြတာ။ ငါက မသေခင် ပုပ်နေတဲ့အတိုင်းပဲ။ ဒီမှာ ငါက တစ်ကိုယ်လုံး မွှေးပျံကြိုင်သင်းနေအောင် ရေမွှေးတောင် အကောင်းစားမှုံးတာဟဲ့ သိလား။ ပြောကိုမပြောချင်ဘူး''

ကိုယ့်အစ်ကိုဖို့လို့သာ ပြောမရလို့ကြည့်နေရတာ။ အဲဒီလို ကန္တဲ့ကလျပုံစံကို မိုးသောက်အမုန်းဆုံးပါ။ ယောကျ်ားကြီးဖြစ်ပြီးတော့ တောင်မရောက် မြောက်မရောက် ခြောက်နေတာလေ။ ဖေဖေက

ခဏခဏဆူလည်း ဆူမောပါပဲ။ သူပုံစံက ပြောင်းမသွားပေ။ နောက်တော့ ဆူရတဲ့သူကပဲ မဆူနိုင်တော့လို့ အလျော့ပေးကာ ကြည့်နေရသည့်အဖြစ်ပါ။

ကိုစစ်ကတော့ –

အိမ်မှာ ခြွေစောင့်ပေါ့။ ဒါပေမဲ့ အလုပ်သမားကို အလုပ်သမားလို့ သဘောမထားဘဲ မိသားစုလိုပဲ သဘောထားပြီး ဆက်ဆံခဲ့ကြတာပါ။ ဒါကြောင့် ကိုသူရကို သူလည်း ပြောရဲ ဆိုရဲရှိတာပေါ့။

''မပြောချင်မပြောနဲ့ အခြောက်မ''

''ခြောက်တော့ ဘာဖြစ်လဲ။ နင် ငါ့လိုတောင် ခြောက်တတ်လို့လား။ သူ သူတို့က တွန့်လိမ်ရှုံ့တွပြီး ဂျုတ် ဂျုတ် ဂျုတ် ဂျုတ်မြည် အောင်ကိုပဲ ခြောက်ဦးမှာ''

''ခြောက် ခြောက် ... ရုပ်ကိုက မစင်နဲ့ငှက်ပျောသီးကို ရောမွှေထားတဲ့ရုပ်နဲ့''

''ကိုစစ်နော် ... သူများကို မတရားမပြောနဲ့။ သူများကမှ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းလေးရှိသေးတယ်။ နင်ကမှ သစ်တုတ်တို မီးလောင်ထားတဲ့ရုပ် သိလား''

''ကဲ ... တော်ကြပါဗျာ။ ဒါနဲ့ ကိုသူက အခုထိ မရောက်သေးတာလား။ ဒီကို ဘာလာလုပ်တာလဲ''

www.burmeseclassic.com

www.burmeseclassic.com

သူရက ကိုစစ်ကို မျက်စောင်းထိုးပြီး မဲ့ရွဲ့ပြုံးကာ –

"အိပ်မပျော်သေးလို့ အပြင်ထွက်လာတာလေ။ မနက်က ငါ စေးသွားတော့ မုန့်ဟင်းခါးဝယ်စားတာ ဆိုင်က ခုမှဖွင့်တဲ့အသစ်ဟဲ့။ မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးပန်းကန် လာချပေးတဲ့ ကောင်လေး အရမ်းချောတာပဲဟယ် သိလား။ ငါ သူ့ကို သတိရပြီး အိပ်လို့မပျော်ဖြစ်နေတာ"

"ပါးစပ်က ပြော လက်မပါနဲ့"

ကိုစစ်ပြောတော့ သူသူက မျက်စောင်းလှည့်ထိုးပြန်လေသည်။ သူက စကားပြောရင်း ကိုစစ်ပေါင်ကို ပုတ် ... ပုတ်ပြီး ပြောတာကိုး။ ဒါကြောင့် ကိုစစ်က သူ့လက်ကို ဖယ်ချပစ်တာပါ။

"ကြီးကျယ်လိုက်တာဟယ် ... နင့်အသား ပဲ့ပါသွားလို့လား ... ဟဲ့"

"မပဲ့ပဲ့"

"ကိုသူ"

"ဘာလဲ"

"သူများတွေစကားပြောနေတာ လာမရှုပ်စမ်းပါနဲ့ဗျာ။ သွား အိပ်မပျော်ရင်လည်း အိပ်ဆေးသောက်အိပ်"

"ဟယ် ... ငါ့ကိုများ နှင်နေတာ မကောင်းဆိုးဝါးကျနေတာ

ပဲ။ သွားမယ် ... သွားမယ်"

"သွား ... သွား"

"သွားမှာ"

ကိုသူ ခြေဆောင့်၍ ထွက်သွားလေတော့သည်။ တစ်ခါတလေ ကိုသူက အနောင့်အယှက် ဖြစ်တတ်ပေမယ့် တစ်ခါတလေ ကျတော့ သူ့ကို စနောက်ပြီး ရယ်ရတာပျော်စရာပါ။

"ဟွန်း ... မုန်းစရာကောင်းလိုက်တာ"

ကိုစစ် ကိုသူ့ကိုကြည့်ပြီး ပြောလိုက်တာ ယောင်ပြီး ကန့်ကလျှဖြစ်သွားတာမို့ –

"ကိုစစ်"

"အမ် ... ဟုတ်ပါဘူး"

"ခင်ဗျားပါရောပြီး ခြောက်သွားပြီလားလို့"

"ယောင်သွားလို့ပါကွာ၊ ခြောက်စရာလား။ စာကြောင်း ပေကြောင်းပြောရင်း ဘယ်တွေရောက်ကုန်မှန်း မသိတော့ပါဘူးကွာ။ ဒါနဲ့ မင်း နောက်တစ်အုပ်ရေးဖို့ စဉ်းစားပြီးပြီလား"

"စဉ်းစားတုန်းပါ"

"ဟုတ်လား ... ခေါင်းစဉ်က ဘာလဲ"

"ဩော် ... မစဉ်းစားရသေးပါဘူးဆိုမှဗျာ။ ခုမှ စဉ်းစားတုံး"

www.burmeseclassic.com

www.burmeseclassic.com

''ဒါဆို မင်းသားနဲ့မင်းသမီးနာမည်ကို ငါ ရွေးပေးမယ်''

''ဘာလဲ''

''မင်းသားနာမည်က စိန်ဌေး''

''ဟာဗျာ''

''မင်းသမီးက မတင်ရွှေ''

မိုးသောက် ရယ်မိပြန်သည်။ ဝတ္ထုတစ်အုပ်ရေးရင် ခေါင်းစဉ် ကဆွဲဆောင်မှုရှိမှ။ မင်းသား မင်းသမီးနာမည်တွေက လှပြီး ဇာတ် လမ်းကလည်း Romantic ဆန်မှ ပရိသတ်က ကြိုက်ကြတာပါ။ ဒါကိုသိလို့ ကိုစစ် နောက်တာကိုသိပြီး –

''သေချာတယ်၊ အဲဒီစာအုပ် အမှိုက်ပုံးထဲရောက်မှာ''

❐❐❐

အခန်း (၂)

''ကြယ်''

''_____''

''ဟဲ့ ကြယ် ... ခေါ်နေတာ မကြားဘူးလား''

''ကျွတ်''

အသံစူးစူးနဲ့ခေါ်ပြီး အနားရောက်လာသူက နောင်းပဲမို့ မိုး သောက် ဘောလ်ပင်ကိုချပြီး –

''ဒီမှာ စာရေးနေတယ်လေဟာ ဘယ်လိုဖြစ်နေတာလဲ၊ ကြယ်လို့မခေါ်ပါနဲ့လို့ ပြောရတာလည်း ခဏခဏ။ အဲဒီလိုခေါ်ရတာကို တော်တော်ပါးစပ်အရသာတွေ့နေတာလား ဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ နင့်ကို ကြယ်လို့ခေါ်တာ ငါတစ်ယောက်တည်းပဲလေ။ နင် ဂုဏ်တောင်ယူရဦးမယ်"

"မှတ်တောင်ထားရဦးမယ်"

ပြောပြီး မိုးသောက် ထရပ်လိုက်သည်။ နောင်းရောက်လာရင် သူ စာရေးလို့ရမှာမှ မဟုတ်ဘဲလေ။ ရှုပ်လို့ မလာနဲ့လို့လည်း မနှင်ရက်ပါဘူး။ မိုးသောက်က နောင်းအတွက်ဆိုရင် အမြဲတမ်းအချိန်ပေးပြီး အလိုလိုက်ခဲ့သူပါ။ သူတို့နှစ်ယောက်က ငယ်ငယ်လေးကတည်းက သွားအတူ လာအတူ ရှိခဲ့ကြသည့် သူငယ်ချင်းတွေ။

ဒါကြောင့် –

ငယ်သံယောဇဉ်ကို အကြောင်းပြုပြီး မိုးသောက် အလိုလိုက်အလျော့ပေးသမျှ နောင်းက အနှိုင်ယူခဲ့သူပါ။ အခုတော့ ပိုဆိုးတာပေါ့။ မိုးသောက်က နောင်းနဲ့ဆိုရင် စကားကို ထော်လော်ကန့်လန့် ပြောတတ်တာကလွဲပြီး အရာအားလုံး နောင်း အလိုကျ ဖြစ်စေသတည်းပါပဲ။

အဲဒီလိုဖြစ်နေတာ ဘာ့ကြောင့်လဲဆိုရင် သူ နောင်းကို ချစ်နေလို့ပဲပေါ့။

"ဟဲ့ ... ကြယ်"

"ဘာလဲ"

"မနက်ဖြန် ငါ သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင် သွားစရာရှိလို့။ အဲဒါ နင် အဖော်လိုက်ခဲ့ပေးဦးနော်"

"ဟာ ... မလိုက်ချင်ပါဘူး။ တော်ကြာ နင့်သူငယ်ချင်းတွေက ဟိုစ ဒီစ စကြဦးမှာ။ ပြီးတော့ ငါ စာရေးနေတာ ဇာတ်ရှိန်က တက်နေပြီဟာ"

"ဟာ ... တက်တက်, မတက်တက် မလိုချင်ဘူး။ ဇာတ်လမ်းက နင့်ခေါင်းထဲမှာ ရှိနေတာပဲလေ။ ဘယ်အချိန်ပဲရေးရေး ရတာပဲဥစ္စာ"

မိုးသောက် ဒုတိယမြို့ သက်ပြင်းချလိုက်မိတ်။ ပါးစပ်ကလေးက ပြောတာလွယ်လိုက်တာ။ ကိုယ့်ဦးနှောက်နဲ့ စဉ်းစားတဲ့ဇာတ်လမ်းဆိုတာတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ထွေးရင်းရေး ရေးရင်းနဲ့ ပေါ်လာတဲ့ အတွေးတွေက ရေးနေရင် တစ်ယောက်ယောက်နဲ့ စကားပြောလိုက်ရင်ဖြစ်ဖြစ်၊ တစ်နေရာရာကို ထသွားလိုက်ရင်ပဲဖြစ်ဖြစ် ထွေးထားတာတွေပျောက်ပြီး ပြန်စဉ်းစားလို့မရတဲ့အခါတွေ ရှိသည်ခရိုတာကိုတော့ ကိုယ်ပဲသိသည်လေ။ ဒီလောက် ရင်းရင်းနှီးနှီးနေပြီး ကိုယ့်အလုပ်ကို ဘာလို့ နားလည်မပေးနိုင်ရတာလဲ နောင်းရယ်။

"ငါ မလိုက်ချင်ဘူးဟာ"

"ကြယ်"

www.burmeseclassic.com

www.burmeseclassic.com

"_____"

"နင် လိုက်မှာလား မလိုက်ဘူးလား၊ ဒါပဲပြော"

"ကျွတ်"

"မလိုက်ဘူးလား"

"ကျွတ်"

မေးလိုက်သံက မာဆတ်ဆတ်မို့ မိုးသောက် 'ကျွတ်' ခနဲ လုပ်လိုက်မိသည်။ မလိုက်ရင် ရွှေစိတ်တော်ကောက်ဦးမှာက ကြိမ်းသေပါပဲ။ နောင်းက စိတ်ကောက်ရင် ကြာတယ်လေ။ စိတ်ကောက်ပြီး မခေါ်ရင် ကိုယ်ပဲ မနေနိုင်တာ။

ဒီတော့ –

"လိုက်မယ်ဟာ၊ လိုက်မယ် . . . လိုက်မယ်"

နောင်း မျက်နှာလေး ချက်ချင်းပဲပြုံးသွားပြီး –

"အဲဒီလို လုပ်စမ်းပါ ချစ်သူငယ်ချင်းလေးရဲ့။ အဲဒါကြောင့် ချစ်နေရတာ"

"အင်"

ပြောပြီး နောင်းက မေးစေ့ကို လှမ်းကိုင်လေတော့ ရင်ထဲကို နွေးထွေးမှုတွေ စီးဝင်သွားသလိုပါ။ ချစ်တယ်ဆိုတဲ့စကားကို ၅၂၀ အတိုင်းအတာနဲ့တော့ မပြောပါနဲ့လား နောင်းရယ်။ ၁၉၀၀ ချစ်ခြင်း

နဲ့သာ ပြောပါလား။

ဟူး . . .

အဲဒီလိုဖြစ်ဖို့ကလည်း ကိုယ့်တက်ကစပြီး ဖွင့်ပြောမှ ဖြစ်မှာလေ။ ကိုယ်လည်း ဖွင့်ပြောဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် နောင်း စိတ်ဆိုးမှာစိုးလို့ပါ။

"ကြယ်"

"ပြော"

"အခု နင်ရေးနေတာ ဘာစာအုပ်လဲ"

မိုးသောက် မျက်မှောင်ကြုတ်သွားပြီး –

"ဝတ္ထုရေးနေပါတယ်ဆို ဘာစာအုပ်လဲတဲ့။ နင် ဘာဝက်သားချက်လဲ မေးတဲ့သူထက် ဆိုးနေပြီ"

"နင်ကလည်း ဆောရီး၊ ဆောရီး။ ဘာခေါင်းစဉ်နဲ့ ရေးနေတာလဲလို့ မေးတာပါဟာ"

"သိချင်ရင် ကိုယ့်ဘာသာယူကြည့်"

မိုးသောက်ပြောတော့ နောင်းက စာအုပ်ခေါင်းစဉ်ကိုယူပြီး ကြည့်လေသည်။ **"ခစ်းမခြောက်သည့်နွေ"** တဲ့။ ခေါင်းစဉ်လေးကတော့ စိတ်ဝင်စားဖို့ကောင်းသားပါပဲ။ ဒါ နောင်းမို့လို့ ကြယ်က အကိုင်ခံတာပါ။ အခြားသူတွေဆိုရင် ကြယ်က သူစာမူတွေကိုယူပြီး ကိုင်တာ

www.burmeseclassic.com

www.burmeseclassic.com

ခစ်နှင့် ရယ်နေတော့တ၏။ အခြောက်တွေ ကြည့်မရပါဘူးဆိုမှ ကိုယ့်အစ်ကိုက အခြောက်ဖြစ်နေရတယ်လို့။

"ကဲ ... ကြယ်"

"_____"

"ငါ စိတ်ချနေမယ်နော်။ မနက်ဖြန် သွားကာနီးကျမှ ငါ ဖုန်းဆက်လိုက်မယ်"

"ပြီးရော"

"စိတ်တိုမနေနဲ့၊ နင် စိတ်တိုလို့လည်း နင့်အစ်ကို စိမ့်မာမဟုတ်တော့ဘူး"

ပြောပြီး ထွက်သွားပြန်ပြီလေတစ်ယောက်။ နှောင်းထွက်သွားတာကိုကြည့်ပြီး မိုးသောက် လွန်ခဲ့ပြီးလိုက်မိသည်။ ရှေ့မှာဆို စိတ်ဆိုးဟန်ပြပေမယ့် နှင့်အပေါ်မှာ ငါ တကယ်ဒေါ်သူညံခဲ့ပါတယ် နှောင်းရယ်။ သူများတွေက 'ကြယ်' လို့ခေါ်ရင် မကြိုက်တဲ့ မိုးသောက်ကြယ်ဆိုတဲ့ကောင် နှောင်းက 'ကြယ်' လို့ခေါ်တာကိုတော့ မကြိုက်ဘူး ပြောရင်း တိတ်တဆိတ် နှစ်သက်နေမိသည်သာ။ ငါက နင့်အတွက်တော့ နင့်ဘေးမှာဝန်ဆံခပြီး နင့်ဘဝ ထိန်ထိန်သာနေမယ်ဆိုရင်–

ငါ အလင်းရောင်တွေကို ဘယ်သူမှမမြင်လည်း ကျေနပ်နေမယ့် ကြယ်ပါ နှောင်း။

ကြည့်တာ မကြိုက်ဘူးလေ။

"ကြယ်"

"ဟင်"

အခုတစ်ခါခေါ်လိုက်သူက သူသူပါ။

"သူသူ"

"လာပြန်ပြီတစ်ယောက် ကြယ်၊ အဲဒီလိုမခေါ်နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

"နှောင်းခေါ်သလို ခေါ်ကြည့်တာပါဟယ်၊ နင်ကလည်း ငါခေါ်တာကျ မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"ဟွန်း ... ကိုယ့်အစ်မခေါ်တာကျ မကြိုက်တူးဆဲ၊ ပြောကို မပြောချင်ဘူး"

"ဘာအစ်မလဲ ... လာနဲ့မနေနဲ့၊ ပန်းအိုးနဲ့ပေါက်ထည့်လိုက်မယ်"

"ပြောရက်လိုက်တာဟယ်၊ ကိုယ့်အစ်မကို"

"လာပြန်ပြီအစ်မ ... ဒီမှာနော်"

မိုးသောက် ပန်းအိုးကိုကိုင်လိုက်တော့ သူသူ မျက်စောင်းထိုးပြီး ခြေဆောင့်ကာ ထွက်သွားလေတော့သည်။ နှောင်းကတော့ တခစ်

www.burmeseclassic.com

သူများတွေရှေ့မှာ 'ကြယ်' လို့ခေါ်တာကို မကြိုက်ရတဲ့ အကြောင်းရင်းကတော့ ကျောင်းသားဘဝတုန်းကပေါ့။

□□□

အခန်း (၃)

"ကြယ်"

"____"

"ကြယ်"

ကန်တင်းကိုသွားပြီး နောင်းကိုရှာတာလေ။ နောင်းက သူ့ကို အရင်မြင်ပြီး ဆိုင်ထဲကနေ လှမ်းခေါ်တာဖြစ်၏။

"ကြယ် ... ငါတို့ ဒီမှာ"

သူလည်း နောင်းကိုမြင်သွားပြီး ဆိုင်ထဲသို့ ဝင်လာခဲ့ပေမဲ့ သည်။ မိုးသောက်မိတွေက သားကိုချစ်လွန်းလို့ ကျောင်းကင်တာ ကြယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ကြယ်' လို့ ခေါ်ခဲ့ကြကာပါ။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com

နှောင်းတို့အိမ်သားတွေကလည်း ကြယ်လို့ပဲ ခေါ်ကြတာပေါ့။ အဲဒီအချိန်အထိ ကြယ်ဆိုတဲ့ နာမ်စားလေးကို သူ နှစ်သက်နေတုန်းပါပဲ။

မနှစ်သက်တော့တဲ့အကြောင်းရင်းကတော့ –

မိုးသောက်ဆိုင်ထဲကို ဝင်လိုက်သည့်တွင် ကောင်မလေးအချို့တ ကွက်ကြည့်,ကွက်ကြည့်လုပ်ပြီး –

"ဟဲ့ ... နာမည်က ကြယ်တဲ့"

"အေးနော် ... ဘာကျယ်တာလည်းမသိဘူး။ ယခုစ်မှန်းမသိ ယပင်းမှန်းမသိခဲ့"

"ပါးစပ်ကတော့ မကျယ်ဘူးဟဲ့။ ဖင်ခေါင်းကျယ်တာလား မသိဘူး ... ခစ်ခစ်"

"အဲဒီမှာ နင်ပဲ သွားမေး၊ နင်ပြောသလို ကျယ်တာဆိုရင် နင် ဝင်အောင်းနေမလို့လား"

"ကောင်မစုတ် ... နင်ပဲ အောင်း"

"နင်ပဲ အောင်းပါ၊ နင့်ဘီးကြိုလိုက်လာရင် ပုန်းစရာနေရာ ရှာစရာမလိုတော့ဘူးပေါ့ ... ခစ်ခစ်"

တစ်ဖက်ဝိုင်းမှ စကားသံရော ရယ်သံတွေရော ကြားနေရတော့ မိုးသောက် စိတ်မလုံစွာပဲ မျက်နှာလေး ရဲသွားလေသည်။

နှောင်းလည်း ကြားတော့ သူသူငယ်ချင်းတွေရောပါ ပြုံးစိစိ

ဖြစ်ကုန်ကြ၏။

"ကြယ်ဆိုတော့ သူနာမည်အပြည့်အစုံက ဘာဖြစ်မလဲ မသိဘူးနော်"

"ခူဝံကြယ်"

"သောကြာကြယ်"

"ဖင်ခေါင်းကျယ်"

တစ်ယောက်တစ်မျိုးပြောပြီး ရယ်ပြန်လေသည်။ သူတို့က ရယ်လေ မိုးသောက် ရှက်လေပါပဲ။ ဒါကြောင့် မျက်နှာ ဘယ်လို ထားရမှန်းမသိပေ။

"ဖင်ခေါင်းကျယ်လို့ မပြောပါနဲ့ဟယ်၊ သနားပါတယ်။ သူ ရှက်နေမှာပေါ့"

"ဟဲ့ ... ငါတို့ဆီမှာ ဖင်ခေါင်းကျယ်တာ မရွေးဟဲ့။ နင်တို့ မြင်ဖူးကြလား"

"ဟင့်အင်း ... ဘယ်လိုလဲ"

"ကောက်ညှင်းနဲ့ လုပ်တာဟယ်။ အတောင့်တော့ အတောင့် ဒါပေမဲ့ အလယ်မှာ ပောင်းလောင်းဖြစ်နေလို့ မရွေးဖင်ခေါင်းကျယ်လို့ ခေါ်တာ"

"ဩော် ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

"ဒါနဲ့ နင်က ဘယ်ရွာသူ"

စကားလမ်းကြောင်း ပြောင်းသွားလို့ တော်ပါသေးရဲ့လို့ မိုးသောက် သက်ပြင်းချလိုက်မိသည်။

"နွားခြံသူလေ"

"နွားတွေမွေးတဲ့ခြံထဲမှာ မွေးတာလား"

"ကြံကြံဖန်ဖန်ဟယ်၊ နွားခြံဆိုတာ ရွာနာမည်ကိုပြောတာ ဟဲ့။ ရောဝတီတိုင်း၊ ဟသံတခရိုင်၊ အင်္ဂပူမြို့နယ်ထဲက နွားခြံရွာသိပြီလား"

"ဟုတ်လား၊ ငို့သူငယ်ချင်းတွေကလည်းနော် ထူးထူးဆန်းဆန်းရွာကလူတွေချည်းပဲ။ ဒီတစ်ယောက်က ကျွဲခြံသူ ... ဟဲ့"

"ဟင် ... အဲဒီကျွဲခြံက ဘယ်မှာလဲ"

"မန္တလေးတိုင်းထဲမှာလေ။ မိတ္ထီလာခရိုင်၊ မလိုင်မြို့နယ်ထဲက ကျွဲခြံရွာ"

"အင်း ... အထက်အညာသူနဲ့ အောက်သူ တွေ့တတ်ပဲ့"

ဒီစကားတွေကို နောက်မှဝင်လိုက်လာတဲ့ မိုးသောက်သူငယ်ချင်းတွေ ကြားသွားတော့ –

"ဒီမှာ မြင်းခြံသားရှိတယ်ဟေ့"

"ငါက မျောက်မထားသားကွ"

သူငယ်ချင်းတွေ ရောက်လာတော့ မိုးသောက်လည်း အားရှိသွားလေသည်။ ဒီတော့မှ ကိုယ်လည်း ပါးစပ်ဟနိုင်တော့တာ။ မဟုတ်ရင် မိန်းကလေးတွေကြားထဲမှာ ကိုယ်တစ်ယောက်တည်းဆိုတော့ ရှက်တာပေါ့။

အခုတော့ –

"မျောက်တောင်မထားတာ ကျန်တဲ့အကောင်ဆို ဘယ်မှာလဲ"

"နေပါဦး ဝေဖြိုးရေ၊ သူတို့ပြောတဲ့ နွားခြံ၊ ကျွဲခြံနဲ့ မြင်းခြံထဲမှာ မြင်းခြံနဲ့ ကျွဲခြံက သိတယ်။ နွားခြံဆိုတာလည်း ရှိနိုင်တာပဲ။ မျောက်မထားရယ်လို့တော့ ငါ တစ်ခါမှ မကြားဖူးပါဘူး။ အဲဒီရွာက ဘယ်မှာလဲ"

"မင်းတို့အိမ်က ဒရိုင်ဘာကိုထူးကိုသိတယ် မဟုတ်လား"

"အေး ... သိတယ်လေ"

"အဲဒီလူရဲ့မွေးရပ်ဇာတိရွာက မျောက်မထားတဲ့ကွ။ ယခုနဲ့မြောက်တာလား ယပင်းနဲ့မျောက်တာလားတော့ ငါလည်း မမေးမိဘူး။ ရောဝတီတိုင်းတော့ ရောဝတီတိုင်းထဲကပဲကွ။ မြို့နယ်တွေ ဘာလွေတော့ ငါမသိဘူး"

"အဲဒါဆို ရောဝတီတိုင်းသူကို မေးကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com

"မင်းပဲမေး"

ပြောပြီး သူတို့ရယ်ကြတော့ ဟိုဘက်ပိုင်းက ကောင်မလေးတွေ အသံတိတ်သွားကြလေသည်။ ငြိမ်မှာပေါ့။ အင်အားချင်းက မျှမှ မမျှတာကို။ နောင်းကပဲ သွက်သွက်လက်လက်နှင့် –

"ငါမေးမယ်"

"ဟင်"

"မေးလေ"

မမေးရဲဘူးထင်ပြီး မိုးသောက်က မေးဆတ်ပြလေလျှင်–

"ဖြောင်း ဖြောင်း"

"သူငယ်ချင်း"

နောင်းခေါ်လိုက်တော့ တစ်ဖက်ကကောင်မလေးတွေ လှည့်ကြည့်ကြလေသည်။

"ဇော်ဝတီတိုင်းက သူငယ်ချင်း သူပြောတဲ့ မျောက်မထား ဆိုတာကို သိလား"

"သိတယ်လေ၊ ငါတို့နဲ့ တစ်ပြိုနယ်တည်းပဲဥစ္စာ။ ယရစ်နဲ့ မြောက်လား ယပင်းနဲ့မျောက်လား ဆိုတာတော့ မသိဘူး။ ဟိုတစ်ယောက်ကရော ယရစ်နဲ့ကြယ်လား ယပင်းနဲ့လား"

ကိုယ့်ဆီ မြားဦးပြန်လည်လာသဖြင့် မိုးသောက်မျက်နှာ ရှုံ့မဲ့မဲ့

ဖြစ်သွားလေသည်။ အဲဒါမေးချင်ဦးလို့ နောင်းကိုပဲ ဒေါသဖြစ်ကာ ယောက်ျားတန်မဲ့ မျက်စောင်းထိုးပစ်လိုက်မိ၏။

"သူက ယရစ်နဲ့ကြယ်လေ"

"ဩော် ... မသိပါဘူး၊ ယပင်းနဲ့ကျယ်တာလားလို့"

"အေးလေ၊ တို့က ဟိုဟာကျယ်မှက်လို့ ... ခစ် ခစ်"

"နင်တို့ မမိုက်ရိုင်းနဲ့နော်"

"မိုးသောက်"

မိုးသောက် မခံနိုင်စွာ ထပြောတော့ ကိုယ့်အဖွဲ့ကစ ဦးခနဲ ထရယ်ကြလေသည်။ ကဲ ဘယ်လောက်များ ဒေါသဖြစ်ဖို့ကောင်းလိုက်ပါသလဲ။ ဒါ တမင်ရွဲနေတာ။ လူနာမည်ကို ဘယ်သူက ယူပင်းနဲ့ မှည့်မှာလဲ။

"ငါ့နာမည် မိုးသောက်ကြယ် သိလား"

"ဟူး ... အဲဒီ ယရစ်နဲ့ယပင်း မသဲကွဲတဲ့ပြဿနာက တော်တော်ဆိုးပါလား။ စိတ်လျော့ပါ ကြယ်ရာ၊ စိတ်လျော့ စိတ်လျော့"

စိတ်ဆိုးပါတယ်ဆိုမှ ရဲနိုင်က ဖြေသလိုလိုနှင့် ကြယ်လို့ ထပ်ခေါ်တော့ –

"ခေါ်ပြန်ပြီ၊ ဒီနေ့ကစပြီး နင်တို့ ငါ့ကို ကြယ်လို့ ဘယ်သူမှ မခေါ်ကြနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ကြားတယ်မို့လား။ မိုးသောက်လို့ပဲခေါ်တဲ့။ နင်တို့ သဘော တူကြလား"

ရဲနိုင်က လက်ညှိုးထိုးပြီးမေးလေတော့ ဘယ်သူကမှ ခေါင်း မညိတ်ကြပေ။ ခေါင်းခါသူနဲ့ လက်ခါပြသူနဲ့ နှုတ်ဆိတ်နေသူနဲ့လေး ဒီပြဿနာကိုစတာ နှောင်းပဲမို့ မိုးသောက် နှောင်းကိုပဲ မျက်စောင်း တထိုးထိုးနှင့် ဒေါသဖြစ်မိသည်သာ။ အစက ဒီလိုနောက်သူမရှိလို့ ဘာမှမဖြစ်ပေမယ့် –

အခု ...

သူတို့ကစပြီး ကိုယ့်နာမည်က စ,စရာ နောက်စရာ ဖြစ်လာ တော့မှာလေ။

"သဘောမတူဘူး"

"____"

"မိုးသောက်"

"ဘာလဲ"

"ဘယ်သူမှ သဘောမတူဘူးတဲ့"

"မတူလို့မရဘူး၊ နောက်ထပ် အဲဒီလို ခေါ်ရဲခေါ်ကြဦး"

"ဘာလုပ်မှာလဲ"

"အဲဒီ ကျယ်စဲ့အထဲကို နင်တို့အားလုံး စုထည့်ပြီး ဝမ်းဗိတ်

"အေး ... ဟုတ်တော့, ဟုတ်တယ်၊ ကြွယ်လို့ တစ်လုံး တည်းခေါ်တော့ ဘာကျယ်မှန်းမသိ ညာကျယ်မှန်းမသိကြီးနော်"

"ဖင်ခေါင်းကျယ်"

"နောင်း"

ဟိုဘက်က ဖင်ခေါင်းကျယ်ကိစ္စက ကိုယ့်အဖွဲ့ထဲသို့ ကူးစက် လာပြီး နှောင်းကစပြောတော့ အကုန်ရယ်ကုန်ကြလေလေ မိုးသောက် ဒေါသထွက်လေလေပါပဲ။

"ရယ်မနေနဲ့၊ အဲဒါ နင်စလို့ ကျယ်သွားတာ၊ နင်ပဲပြန်ပိတ် ပေး"

"ဘုရားရေ"

နှောင်း ရင်ဘတ်ကိုလေးဖိလေလျှင် ဇော်ဖြိုးက –

"ငါပိတ်ပေးရမလား"

"ဘာ"

"ဘာဖြစ်တာလဲ၊ ပိတ်ပေးမယ်ဆိုတော့တစ်မျိုး။ နောက်ကို အဲဒီလိုမခေါ်နဲ့လို့ ပြောပေးမလို့ဟာ"

"မခေါ်နဲ့"

"ဒါဆို ဘယ်လိုခေါ်ရမလဲ"

"မိုးသောက်လို့ပဲခေါ်"

www.burmeseclassic.com

ဆေးသောက်ပစ်မယ်''

''ဘုရား ... ဘုရား''

''အဲဒါဆို မွန်းပြီးသေမှာပေါ့''

''တောက်''

''ဟား ဟား ဟား ဟား''

''ခစ် ခစ်''

ဟိုဘက်ဝိုင်း ဒီဘက်ဝိုင်း ရယ်သံတွေ ထွက်လာတော့ မိုးသောက် ဒေါသဖြစ်ပြီး ထထွက်သွားလေလျှင် –

''ကြယ်''

''ဖင်ခေါင်းကျယ်''

သံပြိုင် ဝိုင်းအော်တာကို မိုးသောက် လုံးဝလှည့်မကြည့်တော့ပေ။

❐❐❐

အခန်း (၄)

ဟိုအရင် ကျောင်းသားဘဝတုန်းကကိစ္စကို ပြန်တွေးမိပြီး မိုးသောက် တစ်ယောက်တည်းပြုံးလိုက်မိသည်။ အဲဒီကတည်းက ကြယ်လို့ခေါ်တာကိုမကြိုက်လို့ ကျန်တဲ့သူတွေ မိုးသောက်လို့ ခေါ်ခဲ့ကြပေမယ့် နောင်းကတော့ မပြောင်းလဲပဲ အခုထိ ကြယ်လို့ ခေါ်တုန်းပဲလေ။ ပါးစပ်က မကြိုက်ဘူးလို့ ပြောပေမယ့် –

သူတစ်ယောက်တည်းပဲ ကြယ်လို့ခေါ်နေတာကို မိုးသောက် ကျေနပ်ပါသည်။ ကိုယ်က နောင်းဆိုတဲ့လမင်းလေးကို အမြဲခစားနေမယ့် ကြယ်ပါ။ နောင်းဘဝမှာ ဒုက္ခတွေနဲ့ ကြုံတွေ့လို့ အမှောင်ကျခဲ့ရင်တော့ ကိုယ်က လမ်းပြကြယ်ပဲ ဖြစ်လာမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

"သား"

"_____"

"သား မိုးသောက်"

"ဗျာ"

မေမေ အနားကို ရောက်လာပြီးခေါ်မှပဲ မိုးသောက် စိတ်နှင့် ကိုယ် ပြန်ကပ်ကာ –

"ဩော် ... မေမေ"

"တစ်ယောက်တည်း ဘာတွေတွေးပြီး ပြုံးနေတာလဲ သား ရဲ့"

"ဘာမှမဟုတ်ပါဘူး မေမေ။ ကျောင်းသားဘဝတုန်းက အကြောင်းတွေ ပြန်တွေးမိသွားလို့ပါ"

"ဟုတ်လား ... ဘာအကြောင်းလဲ သား"

"ကြယ်လို့ခေါ်ကြတာကိုပါ"

"ဩော်"

ဩော် ... ဆိုပြီး ဒေါ်ဝင်းသီရိက ရယ်လေသည်။ ကြယ်လို့ ခေါ်တာကိုမကြိုက်ဘူးဆိုပြီး မိဘတွေခေါ်တာကိုတောင် လက်မခံ တော့တာ အခုထိပါ။

"စာပြန်ရေးနေပြီလား သား"

"ဟုတ်ကဲ့ မေမေ၊ ပြန်ရေးနေပါပြီ"

"သိပ်ပြီးလည်း အပင်ပန်းမခံပါနဲ့ သားရယ်။ နားနားနေနေ လုပ်ပေါ့။ သား စာမရေးလည်း မေမေတို့မှာ ပြည့်စုံပြီးသားပဲဥစ္စာ"

"ဝါသနာက ပြည့်စုံတာ၊ မပြည့်စုံတာနဲ့ မဆိုင်ဘူးလေ မေမေ ရဲ့။ သားက စာမရေးဘဲ မနေနိုင်တာ"

"ဟုတ်ပါတယ်၊ မေမေက နားနားနေနေရေးဖို့ ပြောတာပါ"

မှန်ပါသည်။ မိုးသောက်တို့ဘဝက အရာရာပြည့်စုံပြီးသားပဲ လေ။ ဖေဖေက စီးပွားရေးသမား။ အစ်ကိုက စင်ကာပူမှာပါ။ ဖေဖေနဲ့ ကိုကြီးက အပြိုင်ရွာသလို မိုးသောက်ကိုလည်း စီးပွားရေးသမားပဲ ဖြစ်စေချင်တာလေ။ စာရေးဆရာပဲလုပ်မယ်ဆိုတော့ ဖေဖေတို့နဲ့ အတိုက်အခံ ဖြစ်ခဲ့သေးတာပေါ့။

နောက်တော့ –

မိုးသောက်ကလည်း ကိုယ် ဝါသနာပါတဲ့အလုပ်ကိုပဲ ဇွတ် လုပ်တော့ အလျော့ပေးကြရသည်သာ။ အခုတော့ ကိုကြီးက အိမ်ထောင်ကျသွားပါပြီ။ ဖေဖေကတော့ ကျန်းမာရေးကောင်းတုန်း လုပ်ရမည်ဟု သူလုပ်ငန်းတွေ သူလုပ်နေတုန်းပါပဲ။ မိုးသောက်ကလည်း အောင်မြင်နေပြီလေ။

ဖေဖေ အလုပ်မလုပ်နိုင်ရင်လည်း ရှိနေကဲ့ စည်းစိမ်က

www.burmeseclassic.com

www.burmeseclassic.com

ထိုင်စားလို့ ရနေတာပဲလေ။

"ဒါနဲ့ စောစောက နှောင်းလာတာ မြင်လိုက်သလားလို့"

"ဟုတ်တယ် မေမေ၊ မနက်ဖြန် မင်္ဂလာဆောင်သွားစရာ ရှိလို့တဲ့။ အဲဒါ သားကို အဖော်လိုက်ခဲ့ဖို့ လာခေါ်တာပါ"

"ဟုတ်လား"

"ဟုတ်"

"သား လိုက်သွားမှာမဟုတ်လား"

"လိုက်ရမှာပေါ့၊ မလိုက်ရင် မကောက်တေးက ကောက်ဦးမှာလေ။ နှောင်းအကြောင်း မေမေ သိလျက်သားနဲ့"

မသိဘဲနေပါ့မလား။ ငယ်ငယ်ကတည်းက နှောင်းက ကိုယ့်သားအပေါ် အနှိုင်ယူခဲ့ပေမယ့် သား စိတ်ချမ်းသာသလို နေပါစေ။ ကိုယ့်သားကလည်း ခံနိုင်တာပဲဆိုပြီး နေခဲ့တာပါ။ ပြီးတော့ သူမ ကိုယ်တိုင်ကလည်း ကိုယ့်မှာ သမီးမိန်းကလေးမရှိတော့ နှောင်းကို သမီးလေးအရင်းလို ချစ်ပါသည်။

သားနဲ့ လူငယ်ချင်း မေတ္တာမျှနေရင်လည်း ကိုယ်တွေဘက်က သဘောတူပေးဖို့ အဆင်သင့်ပါ။ အနှိုင်ယူတယ်ဆိုတာလည်း ကြီးကြီးမားမားကိစ္စတွေမှ မဟုတ်တာ။ အလျှော့ပေးမှန်းသိလို့ ဆိုးတာလောက်ကို သူမ ခွင့်လွှတ်နိုင်သည်လေ။

"သားကို မေမေ တစ်ခုမေးလို့ရမလား"

မိုးသောက် ရယ်လိုက်ပြီး –

"မေမေကလည်း သားက မေမွေးသားလေ၊ မေးစရာရှိတာ ကိုမေးပေါ့"

"အခြားတော့ မဟုတ်ပါဘူးသားရဲ့။ သားနဲ့နှောင်းက အခုထိ ဘာမှမထူးခြားသေးဘူးလား။ ရိုးရိုးပဲလား"

မေမွေးအမေးကြောင့် မိုးသောက် လည်ပင်းကိုပွတ်လိုက်မိသည်။ သူ ဘယ်လိုဖြေရမလဲ။

"ဟိုလေ ... အဲဒါပြောတော့ ပြောမလို့ မေမေရဲ့။ ဒါပေမဲ့ ပြောလိုက်ရင် နှောင်း စိတ်ဆိုးမှာစိုးလို့"

"ဖြစ်ရမယ်၊ မေမွေးသားကတော့ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ"

"ယောကျ်ားတော့ ယောကျ်ားပေါ့ မေမေရဲ့။ အချစ်က ဆယ်တန်းစာမေးပွဲ ဖြေသလိုပဲ နတ်ကြီးတယ်"

ဒေါ်ဝင်းသီရိ သက်ပြင်းသာချလိုက်မိတော့တ၏။ တော်တော် အသုံးမကျတဲ့သားပါလားလို့လေ။ ချစ်တာကိုများ ဖွင့်မပြောရဲလို့ပဲ။ အဲဒီလောက်တောင်ပဲ ရှိရသလားလို့။ ကိုယ်က မြွောက်ပေးပို့လည်း မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းကတော့လေ ... အခုကတည်းက အဲဒီလောက် ကြောက်နေသလား။ မပြောလိုက်ချင်ဘူး"

ပြောပြီး မျက်စောင်းထိုးလေလျှင် –

"မမေမေကလည်း ကြောက်တာမဟုတ်ဘူးဗျ။ ချစ်တာ ချစ်တာ"

"အေးပါ ... ချစ်လွန်းတော့ ကြောက်ရတာနဲ့ မယား ကြောက်ဖြစ်မှာ ငါမြင်ယောင်ပါသေးရဲ့"

"မမေမေကလည်း"

"မမေမေကလည်း လုပ်မနေနဲ့၊ ချစ်တာကို မမေ လက်ခံ တယ်။ ချစ်လွန်းလို့ ကြောက်ရာကနေ မယားကြောက်ဖြစ်မှာတော့ မမေ လက်မခံနိုင်ဘူး"

"အဲဒီလို မဖြစ်စေရပါဘူး မမေရာ၊ သား ကတိပေးတယ်"

"အပြောနဲ့အလုပ် ညီပါစေ"

မမေမေက ပြောတော့လည်း မိုးသောက် ခေါင်းညိတ်လိုက် သည်။ ချစ်တာကို အပြစ်မမြင်ရင် ငါ့ကို နှင် နားလည်မှာပါ၊ နှောင်း ရယ်။ မမေမေပြောရလောက်အောင်ကိုပဲ ငါ နှင့်ကိုချစ်ခဲ့တာပါ။

❐❐❐

အခန်း (၅)

"ဟယ် ... ချောလိုက်တာဟယ်၊ ကိုရီးယားမင်းသားလေး ကျနေတာပဲ"

"ဟင် ... ဘယ်သူ့ကိုပြောတာလဲ"

"ဟိုမှာလေ၊ ဟိုတစ်ယောက်"

မြတ်နှင်းဖွေး ကြည့်တဲ့နေရာကို ကျွန်တဲ့သူတွေပါ လိုက် ကြည့်ပြီး ကြည့်မိတဲ့မျက်လုံးက ထိုလူဆီကနေ ချက်ချင်း ပြန်မလွှာနိုင် ကြပေ။ အနောက်တိုင်းဝတ်စုံအဖြူရောင်နှင့် ဘယ်လိုပဲကြည့်ကြည့် သန့်စင် ချောမွေ့နေသူပါ။ မျက်ခုံးထူထူနှစ်ဖက်က စိမ်းညို့နေပြီး နှာတံပေါပေါ၊ နူတ်ခမ်းကမထူမပါးနှင့် ပန်းချီရေးလားသည့်နှယ်

www.burmeseclassic.com

www.burmeseclassic.com

နီထွေးထွေးဖြစ်နေပြီး –

အသားအရည်ကလည်း ဖြူဝင်းနေတော့ –

သွားထိလိုက်ရင်ပဲ လက်ရာထင်ကျန်ခဲ့မလားတောင် ထင်ရပါသည်။

"နတ်သားလေးများ နတ်သမီးကြွေကျလာသလား မသိဘူးနော်"

"တစ်ကိုယ်လုံး ဖြူဖွေးနေတော့ တိမ်မင်းသားလေးပေါ့"

"အေးဟုယ် ... သူများတွေများ ဆုတောင်းကောင်းလိုက်တာ"

"အင်း ... ဒါမျိုးသာရလို့ကတော့"

"ဘာဖြစ်လဲ"

"အသေရရ အရှင်ရရဲ့"

"အသေရရင် ဖဝိုင်းထောင်မလို့လား"

"မဟုတ်ဘူး ... ငါပြာရည်ထည့်ထားမလို့"

"ထို့"

"ဝေါ့"

အခုမှပဲ ထိုလူဆီမှ မခွာချင်ခွာချင် မျက်လုံးတွေခွာပြီး တစ်ယောက်တစ်ပေါက် ပြောကာ ရယ်မိကြလေသည်။ မြင်ဖူးသူတွေ

ပါးစပ်ဖျားမှာ တကယ့်ကိုပဲ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်လောက်အောင် ချောတဲ့သူဟာ ဘယ်သူလဲ။ နာမည်ကို သိချင်နေကြမှာ မလွဲမသွေပါ။

"လူမှုဟုတ်ရဲ့လား မသိဘူးနော်"

သက်သက်ခိုင်ကပြောတော့ ဝိုးနှင်းသက်က မျက်လုံးပြူးကာ

"ဟဲ့ ... နင့်စကားက ဘာကြီးတုံး။ လူမဟုတ်လို့ ဘာဖြစ်ရမှာလဲ။ လူမိုလို့ လူတွေထဲမှာနေတာပေါ့"

"စကားအဖြစ် ဥပမာပြောတာပါဟဲ့ ... နင်ကလည်း။ ဟိုကာတ်လမ်းတွေထဲကလို ဥစ္စာစောင့်တွေ၊ ဘာတွေများ လူပြည့်လူရွာကို ခဏလာသလားလို့"

"လူတွေထဲမှာလည်း ချောတဲ့သူတွေ ရှိပါတယ်ဟယ်"

"ဟိတ်"

"ဟင်"

ဟိတ်ဆိုတဲ့အနီးကပ်သံကြောင့် အားလုံး မော့ကြည့်လိုက်တော့ –

"ဟယ် ... နှောင်း"

"ငါလာတာတောင် မမြင်ရလောက်အောင် ဘာတွေဖြစ်နေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ထိုင် ... နောင်း"

နောင်းက ဝင်ထိုင်လိုက်၏။ ကြယ်က ယောကျ်ားလေးတွေ ထိုင်တဲ့ဘက်ကို သတို့သားကိုယ်တိုင် လာခေါ်သွားပြီလေ။ သူက ဘယ်နေရောကိုပဲသွားသွား မျက်နှာပွင့်ပြီးသားပါ။ ဘာလို့လဲဆို အောင်မြင်နေတဲ့ စာရေးဆရာဖြစ်နေတာကိုး။

"နင်တို့ ဘာတွေပြောနေကြတာလဲ၊ ငါ့ကိုပြောဦးလေ"

"ဟိုမှာလေ ... ဟိုတစ်ယောက် အရမ်းချောလို့ ပြောနေတာ"

"ဘယ်မှာလဲ"

"ဟိုမှာ"

မြတ်နှင်းဖွေး မသိမသာ လက်ညှိုးထိုးပြတဲ့နေရာကို နောင်း ကြည့်မိလိုက်တော့ အားပါးပါး တကယ့်ကို မှုန်ညက်နေအောင် ချောပါလား။ ပိုင်းချင်းက သိပ်မဝေးတော့ အထင်းသားမြင်နေရသည်လေ။ အသက်ရှုမှားလောက်တယ်ဆိုတာ ဒါမျိုးကိုပြောတာပဲဖြစ်မှာ။ ဩ ကြယ်လည်း အဲဒီပိုင်းရောက်သွားတာကိုး။

တခဏအတွင်းမှာ ဖြစ်သွားသည့်စိတ်သည် ဖြစ်နိုင်ရင် ကြယ်နဲ့ နေရာချင်း ပြောင်းလဲချင်လိုက်တာ။ သူနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်ခွင့်ရလို့လေ။ အနီးကပ်မြင်ရတာပေါ့။ ဟော ... ဝင်းမာက မိတ်ဆက်ပေး နေတယ်ထင်ပါရဲ့။

"မိုးသောက်"

"ဟင်"

"မှတ်ထားနော်၊ သူက ကိုသော့်ရဲ့အချစ်ဆုံးသူငယ်ချင်း ဒေါက်တာနှစ်သစ်ချို့တဲ့"

မိုးသောက် ခေါင်းညိတ်လိုက်ပြီး –

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"

"သူက နှစ်သစ်ချို့၊ ဟိုဘက်က နှစ်ဟောင်းခါးခါးလေ"

သော်တာဦး ဝင်နောက်လိုက်တော့ နေညိုက လက်သီးဆုပ်ပြီး ထောင်ပြလေသည်။

"သူလည်း ကိုသော့်သူငယ်ချင်းပဲ ... ဒေါက်တာနေညို့လေ"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ ... ခုလို ဒေါက်တာတို့နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

အပြန်အလှန် ခေါင်းညိတ်ပြုံးပြကြလေသည်။

"ကိုချိုနဲ့ကိုညိုလည်း မှတ်ထားကြနော်။ သူက ဝင်းမာရဲ့ သူငယ်ချင်း စာရေးဆရာ မိုးသောက်ကြယ်ပေါ့"

"ဟာ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာအားရဖြစ်သွားသူက ကိုချိုပါ။

"တွေ့ရတာ အရမ်းဝမ်းသာပါတယ် ဆရာ။ ကျွန်တော်က ဆရာ့စာအုပ်တွေဆို အရမ်းကြိုက်တာ ဆရာရဲ့။ အချစ်နဲ့ဘဝနဲ့ ဒဿန တွေ ရောပြီးရေးတာ ပညာပေးတာတွေလည်း ပါတယ်။ ကျွန်တော် အားတဲ့အချိန်မှာ ဆရာ့စာအုပ်ဆို ဖတ်ဖြစ်တယ်ဆရာ။ ဆရာဝန်မို့ ဝတ္ထုမဖတ်ဖြစ်ဘူးမထင်နဲ့။ ကျွန်တော်က ငယ်ငယ်ကတည်းက ရေးသာမရေးတတ်တာ ဖတ်ရတာတော့ ဝါသနာပါတယ်။ ဆရာ့ကို ကျွန်တော် အရမ်းလေးစားပါတယ် ဆရာ"

ကိုချိုပြောလိုက်တာမှ မနားတမ်း။ အသက်မှရှူဖြစ်ရဲ့လား မသိပေ။ မှန်ပါသည် နှစ်သစ်ချိုက ဝတ္ထုဖတ်ရတာ ဝါသနာပါသူပါ။ အရင်ကတော့ မျှား၊ သျှင်မ၊ လရောင်ကျွန်းရင့် စသည်တို့ ဖတ်ခဲ့ပြီး အခုနောက်ပိုင်းမှာ မိုးသောက်ကြယ်ကိုလည်း တော်တော်ဖတ်ဖြစ်ခဲ့သည်လေ။ အမြဲတမ်း ဖတ်မနေနိုင်ပေမယ့် တစ်လမှာ ကိုယ်ကြိုက်တဲ့ စာရေးဆရာတွေရဲ့ စာအုပ်နှစ်အုပ်သုံးအုပ်တော့ ဖတ်ဖြစ်၏။

"ဟို ... ကျွန်တော့်ကို ဆရာ့ ဆရာနဲ့ မခေါ်ပါနဲ့ဗျာ။ ရင်းရင်းနှီးနှီး မိုးသောက်လို့ပဲခေါ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ့ အဲ ကိုမိုးသောက် ... ကျွန်တော် စာရေးဆရာတွေကိုတော့ တကယ်လေးစားတယ်ဗျာ။ စာတစ်အုပ်နဲ့

တစ်အုပ် ဖတ်လမ်းမထပ်အောင်၊ ဖတ်ကောင်တွေ နာမည်မထပ်အောင်၊ ဖတ်လမ်းအချိတ်အဆက်မိအောင် ရေးရတာ လွယ်တဲ့အလုပ်မှ မဟုတ်ဘဲ။ ပါရမီမပါရင် စာရေးဆရာတစ်ယောက်ဖြစ်ဖို့ဆိုတာ တကယ်မလွယ်တဲ့အလုပ်ပဲ"

"နည်းနည်းတော့ လျော့ပါဦး ဒေါက်တာရာ။ ကျွန်တော် မနေတတ်တော့ဘူးဗျ"

မိုးသောက် တကယ်မနေတတ်တော့တာပါ။ အချို့စီးပွားရေးသမားတွေကျတော့ စာရေးဆရာကို အထင်သေးတတ်ကြသည်။ အချို့ကျတော့ စိတ်ကူးယဉ်ပြီး ပေါက်ကရ လျှောက်ရေးနေတယ်လို့ ထင်နေသလားမသိပါဘူး။ သူလောက်တော့ ငါလည်းရေး ရသားပဲဆိုတာတွေ့။

အချို့ကျတော့ –

စာရေးဆရာဆို လေးစားလွန်းလို့ ပြောမဆုံး ချီးကျူးမဆုံးနဲ့လေ။ အခု ဒေါက်တာနှစ်သစ်ချိုလိုပဲပေါ့။ သေရင်တောင် ဦးနှောက်တည်ရှိရာ ခေါင်းကို ဖြတ်ယူထားချင်တယ် ဆိုတာမျိုးတွေပေါ့။

"ကျွန်တော်က တကယ်ပြောတာ ကိုမိုးသောက်ရဲ့။ ကျွန်တော်တို့ ဆရာဝန်ဆိုတာ စာကြိုးစားလို့ အမှတ်ကောင်းရင် ဘာဆန့်ပေါင်းပြီး ဖြစ်တာပဲ။ စာရေးဆရာဆိုတာ စာကြိုးစားလို့ အမှတ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ မဖြစ်နိုင်ဘူးလေ။ ကိုယ်ပိုင်အတွေးအခေါ်နဲ့ ကိုယ်တိုင် ပုံဖော်ယူရတာ"

"ကဲ ... တော်ပါတော့အေကြိတ်တာရယ်"

"အဲဒီလိုမခေါ်ကြေးလေ။ ကျွန်တော့်ကိုလည်း အများခေါ်သလို ကိုချိုလို့ပဲခေါ်ပါ"

"ကဲ ... ချိုးမွမ်းခန်းတွေ ရပ်ပါတော့နော်။ နောက်ထပ် မိတ်ဆက်ပေးဖို့ ဝင်းမာသူငယ်ချင်းတွေ ရှိသေးတယ်"

ပြောပြီး ဝင်းမာက ထွက်သွားလေတော့သည်။ နှောင်းတို့ ဝိုင်းဘက်ကို သွားတာလေ။ နှောင်းရယ်၊ ဝင်းမာအေးရယ်၊ ပိုးနှင်းသက်နဲ့ မြတ်နှင်းဖွေး၊ သက်သက်ခိုင်။ ဒီလူတွေက တက္ကသိုလ် ကျောင်းသားဘဝကတည်းက တွဲလာကြသည့်သူတွေ။ အခု ဝင်းမာအေးက ပထမဦးဆုံး အိမ်ထောင်ကျတာလေ။

ကျောင်းပြီးကြတော့ –

ကိုယ့်တာသာ လုပ်ငန်းကိုယ်စီနှင့်မို့ တွေ့ဖြစ်တဲ့အခါရှိသလို မတွေ့ဖြစ်တဲ့အခါက ခပ်များများရယ်။ ဒါကြောင့် ဝင်းမာအေးရဲ့ချစ်သူဆိုတဲ့ ကိုသော်တာဦးကို သိသာသိပြီး မမြင်ဖူးကြပေ။ မင်္ဂလာဖိတ်စာလာကမ်းမှ နှစ်ယောက်အတူတူမို့လို့ မြင်ဖူးကြတာလေ။

"ဟဲ့ ... ကောင်မတွေ"

"တို့သူငယ်ချင်း အရမ်းလှတာပဲ"

"လှမနေနဲ့၊ နင်တို့ကို ကိုသော်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့ လာခေါ်တာ"

"ဟုတ်လား ... ဝိုးသောက်ထိုင်နေတဲ့ဝိုင်းက လူတွေလား"

"အေး ... ဟုတ်တယ်"

"ဒါဆိုလိုက်မယ်"

ပြောပြီး မြတ်နှင်းဖွေးက ချက်ချင်းထရပ်လေတော့ ကျန်တဲ့သူတွေက မျက်စောင်းထိုးကြလေသည်။

"ကူးစေ့မထိန်းဘူး"

"အေးဟယ်၊ ရုပ်ပျက်လိုက်တာ"

"ဒါဆို ... နင်တို့က မလိုက်ဘူးလား ပြော"

"လိုက်မှာပေါ့လို့"

အားလုံး ထရပ်လိုက်ကြတော့ မြတ်နှင်းဖွေးက ပြန်ပြီး မျက်စောင်းထိုးလေသည်။ ကိုယ်တွေ့ရဲ့ရုပ်ရည်နဲ့ သူလိုလူကို မမှန်ရဲပါဘူး။ ဒါပေမဲ့ အနီးကပ်မြင်ခွင့်ရချင်လို့ ခုလိုဖြစ်နေကြတာပါလေ။

"ကိုချိုနဲ့ကိုညီ"

"ဟင်"

"ဒါ ... ဝင်းမာရဲ့သူငယ်ချင်းတွေလေ။ သူက မြတ်နှင်းဖွေး

www.burmeseclassic.com

www.burmeseclassic.com

သူတာ ပိုးနှင်းသက်၊ သူက သက်သက်ခိုင်၊ သူကတော့ နှောင်းသွဲ့လေညင်းတဲ့''

ကိုညီဆိုတဲ့လူထက် ကိုချို့ဆီကိုသာ အာရုံရောက်နေကြသဖြင့် ကိုချို့မျက်လုံးတွေကို သတိထားမိကြသည်သာ။ တစ်ယောက်နာမည်ကိုပြောပြီး တစ်ယောက်နဲ့ မိတ်ဆက်တိုင်း အဲဒီတစ်ယောက်ကို လိုက်ကြည့်နေတာဆိုတော့ နောက်ဆုံးအကြည့်ရပ်သွားသည်က နှောင်းဆီမှာပါ။

''ဟဲ့ ... နင်တို့လည်း မှတ်ထားကြနော်။ သူတို့က ကိုသော့ရဲ့သူငယ်ချင်းတွေ။ သူက ဒေါက်တာနှစ်သစ်ချို့စဲ့။ သူကတော့ ဒေါက်တာနေညို''

''အားလုံးနဲ့ အခုလိုတွေ့ပြီး ခင်မင်ခွင့်ရတာ ဝမ်းသာပါတယ်။ နောက်လည်း လမ်းမှာတွေ့ရင် ခေါ်ပေါ့''

''ကျန်းမာရေးအတွက် လိုအပ်တာရှိရင်လည်း အကူအညီတောင်းကြပေါ့ဗျာ''

''ဟော့ကောင်''

သော်တာဦး နေညိုကို မျက်လုံးပြူးနှင့်ကြည့်လေတော့တ်။ အပြောမတတ်တော့ ဆဲတာနဲ့တူဆိုသလို နေညိုစကားက သူ့အကောင်းပြောတာပေမယ့် တွေးတဲ့သူက တစ်မျိုးတွေးရင် အဓိပ္ပာယ်

တစ်မျိုး သက်ရောက်သွားနိုင်သည်လေ။

''ငါက စိတ်ရင်းခံနဲ့ပြောတာပါကွ''

''မင်းက စိတ်ရင်းခံနဲ့ပြောတာ။ တစ်ဖက်လူက ချော်တွေးရင် မင်း ဆေးခန်းလာဖို့အတွက် လူနာမိတ်ဆွဲနေသလိုပဲ။ သူတို့ကပဲ နေမကောင်းဖြစ်ပေးရမလိုလို''

''ဟာ ... ငါက အဲဒီသဘောနဲ့ပြောတာမဟုတ်တူးလေကွာ''

နေညို ပျာပျာသလဲဖြစ်သွားလေတော့ အားလုံးရယ်မိကြသည်သာ။ မိုးသောက်က –

''ပထမဆုံး စျေးဦးပေါက်အဖြစ် ပိုးနှင်းကို ရိုက်နှက်ပြီး ထည့်လိုက်ရ မကောင်းလား''

''မိုးသောက်နော် ... ကောင်စုတ်''

သူများတွေရယ်နေကြပေမယ့် ပြုံးရုံမျှနှင့် စကားဝင်မဆိုဖြစ်အောင် စိတ်နဲ့ကိုယ်မကပ်ဖြစ်နေသူက နှောင်းပါ။ သူမ စိတ်ထဲမှာ ရွတ်နေမိတာက –

နှစ်သစ်ချို

နှစ်သစ်ချို

နှစ်သစ်ချို ... ဆိုတာပါပဲ။

□□□

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

နှစ်သစ်ချီးတဲ့။

နာမည်က မိန်းမဆန်သလိုလိုနဲ့ ချစ်စရာကောင်းတဲ့ နာမည်လေးပါပဲ။ လူကလည်း တစ်ခါမြင်ဖူးရုံနဲ့ အခုထက်ထိ မေ့လို့မရအောင် ချောမောသူ။ ပြီးတော့ ဆရာဝန်ကဲ့။ သူ ဘယ်မှာနေတာလဲ။ သူ ဖုန်းနံပါတ်၊ ဒါမှမဟုတ် သူရဲ့ facebook account လေးရရင် သိပ်ကောင်းမှာပဲ။ ဒါမှ သူနဲ့ ဆက်သွယ်လို့ရမှာလေ။

ဟူး –

ဧါ ဘာဖြစ်နေပါလိမ့်။ ဘာလို့ သူ့ကိုပဲ သတိရပြီး သူ့အကြောင်းတွေ တွေးနေမိပါလိမ့်။ ထွက်သွားပါ ကိုချိုရယ်။ ရှင်

... နောင်းရဲ့အတွေးထဲကနေ ထွက်သွားပေးပါ။

"သမီး"

"___"

"သမီး"

"အင် ... ရှင် မေမေ"

"သက်ပြင်းတွေ ခဏခဏချပြီး ဘာဖြစ်နေတာလဲ"

နောင်း မေမေ့ကိုမြင်လိုက်တော့ အယောင်ယောင်အမှားမှား နှင့် ခေါင်းခါလိုက်မိသည်။ မေမေ အနားရောက်လာတာကိုပင် သူမ မသိလိုက်ပါလား။ မေမေကပဲ ခြေသံလုံတာလား။ နောင်းကပဲ စိတ်တွေ ပျံ့လွင့်နေတာလား။

"ဘာမှမဖြစ်ဘူးသောပြောတယ် ဘာလို့ သက်ပြင်းတွေ ခဏ ခဏ ချနေရတာလဲ။ ဘာလဲ မိုးသောက်ကို စိတ်ကောက်လာပြန်ပြီလား"

"မဟုတ်ပါဘူး မေမေရဲ့၊ သမီး တကယ် ဘာမှမဖြစ်ပါဘူး"

"မဖြစ်ရင်လည်း ပြီးတာပါပဲအေ။ မေမေ သမီးကို တစ်ခုတော့ ပြောချင်တယ် သမီး"

ပြောလေဆိုသော သဘောနှင့် မိခင်၏မျက်နှာကို မော့ကြည့်လိုက်လေလျှင် –

www.burmeseclassic.com

www.burmeseclassic.com

"တစ်ဖက်လူက အလျော့ပေးတိုင်း သမီး အနိုင်ယူတာကို တော့ မမေ မကြိုက်ဘူးသမီး"

"မေမေကလည်း သမီးက ဘယ်သူကို အနိုင်ယူနေလို့လဲ"

"မိုးသောက်အပေါ်ကို အနိုင်ယူတာလေ။ သူက စာရေးဆရာ။ စာရေးဆရာဆိုတာ နားအေးပါးအေးနဲ့ စဉ်းစားပြီးရေးမှရတာ။ သမီး သူ့ကို ဟိုလိုက်ပို့ပါ ဒီလိုက်ပို့ပါနဲ့ ပူညံပူညံ သွားမလုပ်ပါနဲ့"

နောင်း နူတ်ခမ်းလေး စူသွားလေတော့တ်။ ဒါ မင်္ဂလာဆောင်ခေါ်တဲ့ကိစ္စကို မိုးသောက် ချန်လိုက်လို့ မေမေ သိသွားတာပဲ ဖြစ်မှာ။ ချန်တွန်းကျောင် ငတွေဦးမယ်။

"မေမေက ခုလိုပြောလို့ မိုးသောက် ဘာချန်တွန်းလုပ်တယ် မသိဘူးလို့ မထင်နဲ့နော်။ မိုးသောက်က ဘာမှမပြောဘူး။ မပြောလို့ကို ခက်နေတာ"

သေလိုက်ပါတော့ နောင်းသွဲ့လေညင်းရယ်။ ကိုယ့်အတွေးကို မေမေက နတ်မျက်စိနဲ့ ကြည့်နေသလား မှတ်ရအောင် ဘာလို့ ကြိုးသိနေရတာလဲ။

"တစ်ဦးတည်းသောသမီးဆိုပြီး မေမေတို့က သမီးကို အလိုလိုက်ထားတာ သူများအပေါ် ဆိုးဖို့မဟုတ်ဘူးနော်"

"ဟာ ... ကြယ်က သူများမှမဟုတ်တာ မေမေရဲ့။ သမီးနဲ့

သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးကို"

"သမီး"

"----"

"သူငယ်ချင်းဆိုတာ မောင်နှမ မဟုတ်ဘူးလေကွယ်။ မောင်နှမတောင်မှ မောင်နှမတိုင်း သည်းခံကာမဟုတ်ဘူး။ ကြယ် သည်းခံတယ်ဆိုတာ"

စကားကို ဆက်မပြောဘဲ ဖြတ်ထားလေတော့ နောင်း မေမေ့မျက်နှာကို ကြည့်လိုက်မိသည်။ ဘာများဆက်ပြောမလဲလို့လေ။ ဒါပေမဲ့ ပါးစပ်က ဘာမှဆက်မပြောတော့တဲ့ မျက်လုံးကတော့ တစ်ခုခုကို ပြောနေသလိုပါ။ ဘာပြောသလဲဆိုတာကိုတော့ နောင်း အဓိပ္ပာယ်မဖွင့်ဆိုတတ်ပါဘူး။

ဒါကြောင့် -

"ဘာဖြစ်လဲ မေမေ"

နောင်း မေးလေတော့ -

"ဖွင့်ပြောမှသိမှာလား သမီးရယ်။ တစ်ခါတလေ ပါးစပ်က ဖွင့်ပြောတဲ့စကားလုံးထက် မပြောဘဲ မျိုသိပ်ထားတဲ့ လူတစ်ယောက်ရဲ့ အမူအရာတွေက မပြောဘဲသိနေရလောက်အောင် အဓိပ္ပာယ်ပိုပြီး သက်ရောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"မေမေ ဘာကိုပြောချင်တာလဲ၊ သမီးနားမလည်ဘူး"

ဒေါ်နွေဦးမေ သမီးမျက်နှာလေးကို ခပ်တွေတွေကြည့်လိုက်မိ၏။ လူချင်း ဒီလောက်ရင်းနှီးနေတာ စိတ်ချင်းက မရင်းနှီးဘူးတဲ့လား။ တကယ်မသိတာလား မသိချင်ယောင်ဆောင်နေတာလား။ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တော့မည်ဟု –

"သမီးက လူငယ်တစ်ယောက်ပါ။ မိုးသောက်နဲ့အနီးကပ်နေပြီး သူ့စိတ်ကို သမီး ဘာကြောင့် နားမလည်ရတာလဲ။ ဒီလောက် သမီးအပေါ် သူ အလိုလိုက် အလျော့ပေးပြီး သည်းခံနေတာ သမီးကို ချစ်နေလို့ပဲပေါ့"

"ဟာ ... မေမေကလည်း မဖြစ်နိုင်တာ။ မေမေပြောသလို သူ သမီးကို ချစ်နေမှတော့ ဖွင့်ပြောမှာပေါ့"

ဒေါ်နွေဦးမေ ခေါင်းခါလိုက်မိသည်။ ဘေးလူတောင် ရိပ်မိနေတဲ့ကိစ္စကို သမီးက ဘာကြောင့် မသိရတာလဲ။ မိုးသောက်က မျိုသိပ်နိုင်သူ။ ပြောသင့်တဲ့စကားနဲ့ မပြောသင့်တဲ့စကားကို ခွဲခြားချင့်ချိန်ပြီး စကားလုံးတိုင်းကို ဖွင့်ဟပြောတတ်သူမှ မဟုတ်ဘဲလေ။

စကားနည်းလို့ နံအနေတာမဟုတ်ပါဘူး။

စကားဆိုတာ ပြောတိုင်းမကောင်းဘူးဆိုတဲ့ မူဝါဒနဲ့ တစ်ဖက်သား စိတ်အနှောင့်အယှက် ဖြစ်မည့်စကားဆို ပြောသူမဟုတ်ပေ။

အခု နှလုံးသားကိစ္စမှာလည်း သမီးစိတ်ဆိုးမှာကြောက်ပြီး ဖွင့်မပြောတာပဲ နေမှာပေါ့။

"သမီး လူတွေရဲ့စိတ်ကို ခန့်မှန်းနိုင်လောက်အောင် မရင့်ကျက်သေးဘူး။ ဒါပေါ့လေ ... ကလေးဘဝကတည်းက အခုထိ ပူတာအေးတာ ဘာမှမသိရအောင် လိုလေသေးမရှိဘဝနဲ့ မေမေတို့က ထားခဲ့တာကိုး။ အဲဒါကြောင့် ထင်ပါတယ်။ အခုထိသမီးက ကလေးစိတ်မကုန်ဘဲ ကလေးတွေးပဲ တွေးနေမှာပါ"

"အဲဒီလိုပြောကြေးဆို မိုးသောက်လည်း လိုလေသေးမရှိတာနဲ့ နေခဲ့ရတာပဲလေ မေမေရဲ့"

"စကားကို ကပ်မပြောနဲ့သမီး။ ဘဝချင်းအတူတူပေမယ့် အတွေးအခေါ်ချင်းမတူဘူး။ ဗဟုသုတရှိတာခြင်း မတူဘူး။ မိုးသောက်က စာရေးဆရာဆိုတော့ စာဖတ်တယ်၊ ဘလိမ္မာစာမှာရှိဆိုတဲ့စကားကို သမီး မကြားဖူးဘူးလား။ ပြီးတော့ သူက လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံနဲ့ ရင်းနှီးဆက်ဆံပြီး ဘဝပေါင်းစုံအကြောင်းကို လေ့လာထားတဲ့သူလေ"

"ဘာတွေမှန်းမသိဘူး ရှုပ်နေတာပဲ"

နှောင်း စိတ်ရှုပ်သလိုနှင့် ဆံပင်တွေကို ထိုးဖွလိုက်သည်။ တကယ်တော့ မိခင်ပြောတဲ့ စကားတွေက အမှန်တွေပဲလေ။ လူတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘဝဖြတ်သန်းမှု အပူအအေး အတိမ်အနက်ကို နှောင်း နားမလည်ပါဘူး။ ဒါကြောင့် လူတွေရဲ့စိတ်ကိုလည်း မဖတ်တတ်ပေ။ နှောင်းက ကိုယ်နဲ့မဆိုင်သလို မလေ့လာတော့ မသိဘူးပေါ့။

သူမ သိတာက –

ဆိုးမယ် နွဲ့မယ်၊ စားမယ် သောက်မယ်၊ သွားမယ် လာမယ် ဒါတွေပဲ သိတာလေ။

"သမီး"

"_____"

"အခြားသူတွေရဲ့စိတ်ကို သမီး နားလည်ဖို့ မကြိုးစားချင်နေပါကွယ် မိုးသောက်ရဲ့စိတ်ကိုတော့ သမီး နားလည်အောင် ကြိုးစားသင့်တယ်"

မေမေ့စကားတွေကြောင့် နှောင်း တကယ်စိတ်ရှုပ်သွားမိသည်။ အဲဒါတွေ နှောင်းမှ မတွေးချင်တာ။ အခု လောလောဆယ် နှောင်း တွေးနေချင်တာက နှစ်သစ်ချီအကြောင်းပါပဲ။ တွေးနေတာတွေတောင် ဘယ်ရောက်ကုန်လဲ မသိပါဘူး။

အင်း ...

နှစ်သစ်ချီ

နှစ်သစ်ချီ

ရှင် ဘယ်လောက်အထိ ကျွန်မကို စိုးမိုးနေမှာလဲ။ ရေစက်ရယ်၊ သူနဲ့ကိုယ့်ကြားမှာ ဒီလောက်နဲ့တင် ကုန်ဆုံးမသွားပါနဲ့။ နောက်ထပ် ဆုံခွင့်ပေးပါဦးနော်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

"ဟာ ... အဲဒါကြီးမယူပါနဲ့။ ဒီလောက် လည်ဟိုက်ကျယ်နေတာကို မဝတ်ချင်စမ်းပါနဲ့ နှောင်းရယ်။ မယူနဲ့"

ပြောပြောဆိုဆိုပဲ နှောင်း ဝယ်မလို့ ရွေးလိုက်တဲ့အင်္ကျီကို မိုးသောက်ဆွဲယူပြီး ချိတ်မှာ ပြန်ချိတ်ထားလိုက်သည်။ အင်္ကျီက လက်ပြတ်ဖြစ်ပြီး ချိုင်းပေါက်ကကျယ် လည်ဟိုက်ကကျယ်နဲ့ အဲဒီလို မျိုး မလုံမခြုံတွေ ဝတ်တာ မိုးသောက်မကြိုက်ပါဘူး။ ဘောင်းဘီပဲ ဝတ်ဝတ်၊ ဂါဝန်ပဲဝတ်ဝတ် အမြဲတမ်း နှောင်းကို လုံလုံခြုံခြုံနဲ့ ခေတ်မီတဲ့ပုံစံ မြင်နေရတာ။

ဟိုပေါ် ဒီပေါ်တွေတော့ မဝတ်စေချင်ဘူးလေ။ ဒါကြောင့်

မိုးသောက် တားရတာပါ။

"ကြယ်"

"ဘာလဲ"

"နင် ဘယ်လိုဖြစ်နေတာလဲ။ သူများဝယ်မယ့်ဟာကို"

"ဝယ်ပါလား။ အခြားလုံလုံခြုံခြုံနဲ့ လှမယ့်အင်္ကျီတွေ အများကြီး"

"ဟယ် ... နွေရာသီမှာ အိမ်နေရင်း အေးအေးလူလူဝတ်ဖို့ ဝယ်တာကို"

"ဘာမှဝတ်စရာမလိုဘူး၊ နွေရာသီမှာပူရင် အဲယားကွန်း ရှိတယ်"

"ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝတ်တာကို ပြောနေလိုက်တာ ကြည့်စမ်း၊ ဖင်ခေါင်းကျယ်"

"ဟာ ... နှောင်း"

အင်္ကျီရောင်းတဲ့ ကောင်မလေးရှေ့မှာ ဖင်ခေါင်းကျယ်လို့ ခေါ်တော့ မိုးသောက်မျက်နှာ ရဲခနဲဖြစ်သွားလေသည်။ ဒါ နှောင်းရဲ့ နှိုင်းကွက်ပါပဲ။

"ကျွတ်"

ဖေဖေနဲ့မေမေကလည်း သူနာမည်ကို မိုးသောက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက် ဒါမှမဟုတ် အခြားနာမ်စားနဲ့ပဲ တွဲမှည့်ပါတော့လား။ နောက်ကဘာလို့ ကြယ်ထည့်ရတာလဲ။ အခုတော့ အဲဒီကြယ်ကြောင့်ပဲ သူမှာ ခေါင်းမဖော်ရဲအောင် ဖြစ်နေတာလေ။ အခုမှ ကင်းပွန်းပြန်ပေး လို့လည်းမရ။

"သူက ငါ့အဖေကျနေတာပဲ"

"ငါက စေတနာနဲ့ပြောတာပါ။ မိန်းကလေးဆိုတာ လုံလုံ ခြုံခြုံဝတ်မှ"

"ကျွတ်"

နောင်း မျက်နှာလေး မဲ့ခနဲဖြစ်သွားလေလျှင် –

"ဘာဖြစ်တာလဲ"

"နင့်ကိုပြောရတာနဲ့ ဗိုက်ထဲတောင်အောင့်တယ်"

"ဟင်"

ပြောရင်း-နောင်းက ဗိုက်ကို လက်နှင့်ဖိထားလေလျှင် –

"တော်တော်အောင့်နေလား"

"ရပါတယ် ... နည်းနည်းပါးပါးပါ"

"အခုမှ အောင့်တာလား"

"ဟုတ်တယ် ... ဘာဖြစ်တာလဲ မသိဘူး။ ကဲပါ ... ငါ ဘာမှမဖြစ်ဘူး။ သွားရအောင်"

"အင်္ကျီမဝယ်တော့ဘူးလား"

"နင်ပဲ မဝယ်နဲ့ဆို"

"မဟုတ်ဘူးလေ၊ အခြားအင်္ကျီတွေကြည့်ပြီးဝယ်ပေါ့"

"ပြီးရော"

ပြောပြီး နောင်း အခြားအင်္ကျီတွေကို လျှောက်ကြည့်လေသည်။ လျှောက်ကြည့်နေရင်းပဲ ဗိုက်ကအောင့်လာသည်လေ။ ဒါပေမဲ့ နေလို့ရတော့နေ နေတာပဲ။ ကြယ်ကလည်း နောက်မှာကပ်ပါလာသည်မို့ –

"ဒီအင်္ကျီမကြိုက်ဘူးလား၊ လှတယ်ဟ"

"နင်ကြိုက်ရင် နင်ဝယ်ပေး"

"ငါ ဝယ်ပေးရင် နင်က ဝတ်မှာလား"

"အင်း"

"အဲဒါဆို ဝယ်ပေးမယ်"

မိုးသောက် ချက်ချင်းပဲ ဆိုင်ကကောင်မလေးကို ခေါ်ပြီး အင်္ကျီဖိုးဗိုက်ဆံရှင်းပေးလိုက်သည်။ အင်္ကျီအိတ်ကို နောင်းလက်ထဲသို့ ထည့်လိုက်တော့ –

"အား ... ကျွတ် ကျွတ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com

"ကျွတ်"

ဗိုက်ကို လက်နှင့်ဖိပြီး ညည်းတာမို့ -

"တော်တော်အောင့်လာလို့လား"

"အင်း ... စောစောကထက် ပိုအောင့်လာတယ်"

"နင် ဘာတွေစားမိလို့လဲ"

"ဘာမှမစားပါဘူး။ ကော်ဖီနဲ့မုန့်စားပြီးကတည်းက နင်နဲ့ ထွက်လာတာပဲဥစ္စာ"

"ဒါဆို ဆေးခန်းတစ်ခုခုသွားမှထင်တယ်"

"ရပါတယ်"

"ရမနေနဲ့၊ ဘာဖြစ်မှန်းမသိ ညာဖြစ်မှန်းမသိနဲ့ ဆေးခန်းသွားမှဖြစ်မှာပေါ့၊ လာ"

ပြောရင်းဆိုရင်း မိုးသောက်က နှောင်းလက်ကိုဆွဲခေါ်လေသည်။ နှောင်းမျက်နှာ ညှိုးမှာကိုတောင် ကြောက်တဲ့သူဆိုတော့ ခုလို မျက်နှာလေးရဲ့မဲ့ညည်းတွားနေတော့ စိုးရိမ်နေသည်သာ။ နှောင်း လည်း မငြင်းတော့ပါဘူး။ ဗိုက်ထဲက တော်တော်လေး အောင့်လာသည်ဆိုတော့လေ။

ဒီလိုနဲ့ -

ကားမောင်းထွက်လာခဲ့ရာ ဆေးခန်းတစ်ခုရှေ့ကိုရောက်တော့

ကားရပ်ပြီးဝင်ခဲ့ကြသည်။ လူက ရှင်းနေတာမို့ တစ်ခါတည်းပဲ ဝင်လာခဲ့ကြစဉ် -

"ဆရာ"

"လူနာရောက်လာတာလား"

"ဟုတ်တယ် ဆရာ"

"လွှတ်လိုက်လေ"

"ဟုတ်ကဲ့"

ဝင်းလိုင်ထွက်သွားပြီး ခဏကြာတော့ ဝင်လာတဲ့သူကို မော့ကြည့်လိုက်လေလျှင် -

"ဟင်"

"ဟာ ... ကိုချို"

"မိုးသောက်"

"ဟင်"

ဒေါက်တာနှစ်သစ်ချို့ကို မြင်လိုက်ရတော့ နှောင်း မျက်လုံးလေးပိုင်းကာ ပါးစပ်ကလေး အဟောင်းသားဖြစ်သွားလေသည်။ သူ့ကို မြင်ဖူးပြီးကတည်းက ရင်ထဲမှာ အထပ်ထပ်ရွတ်နေမိတာသည် သူနာမည်။ စောစောကဝင်လာတုန်းက ဆေးခန်းနာမည်နဲ့ ဒေါက်တာနာမည်ကို သူတို့မကြည့်ဖြစ်ခဲ့ပါဘူး။

www.burmeseclassic.com

ခုတော့ စမ်းသာလိုက်တာ။ သူနဲ့ထပ်ဆုံခွင့်ရလို့လေ။ သူ မျက်နှာကို မြင်လိုက်ရတာနဲ့ အောင့်တုံ့ဝေဒနာက ဘယ်ကိုရောက် သွားမှန်းမသိတော့ပါဘူး။ သူနဲ့ ထပ်ဆုံခွင့်ပေးတဲ့ ကံတရားကို ကျေးဇူး တင်ပါသည်။ ဒါ ရေစက်မကုန်သေးလို့ပဲပေါ့။

"ဘာဖြစ်လို့လဲ မိုးသောက်"

"ကျွန်တော်မဟုတ်ဘူး ကိုချို၊ နှောင်းလေ ဖိုက်အောင့်လို့ တဲ့"

"ဟုတ်လား"

"ဟုတ်"

"သူနာမည်အပြည့်အစုံက ဘယ်သူ၊ မေ့နေလို့"

"နှောင်းသွဲ့လေညင်းပါ"

"သြော်"

သြော်ဆိုပြီး စကားတပြောပြောနှင့်ပဲ သူမေးသမျှ နှောင်းက ဖြေပြီး စမ်းသပ်ကြည့်ပြီးလေလျှင် –

"ဘာဖြစ်တာလဲ ကိုချို"

"ဘာမှစိတ်မပူပါနဲ့၊ လေအောင့် အောင့်တာပါ"

ဒေါက်တာနှစ်သစ်ချို ရှေ့ကိုရောက်နေတဲ့ နှောင်းမှာ ခုမှ သက်ပဲ့ကျောက်ရှုပ်တစ်ရှုပ်လိုပါ။ ဒေါက်တာနှစ်သစ်ချို လှုပ်ရှားသမျှကို

ပဲ လိုက်ငေးနေမိတာ မျက်တောင်တောင် ခတ်ဖြစ်ရဲ့လားမသိပေ။ သူ ဘာပဲလုပ်လုပ် ဘယ်လိုပဲနေနေ ကြည့်ကောင်းနေတော့တာပါပဲ လား။

"နှောင်းသွဲ့လေညင်း"

"_____"

"နှောင်းသွဲ့လေညင်း"

"ဟဲ့ ... နှောင်း"

"အင် ... ဟင်"

မိုးသောက်ပခုံးကိုလှုပ်ပြီး ခေါ်လိုက်မှပဲ နှောင်း သတိဝင်လာ ကာ –

"ဘာလဲဟင်"

"ကိုချို ... ခေါ်နေတာ နင်မကြားဘူးလား"

"ကြား ... ကြားပါတယ်"

"အခုလောလောဆယ် ဒီဆေးလေးသောက်လိုက်နော်"

"ဟုတ်ကဲ့"

ဟူး ... ဝမ်းသာလိုက်ပါပေ့ နှောင်းသွဲ့လေညင်းရယ်။ ကိုယ်ကို ခေါ်လို့ ခေါ်မှန်းမသိ။ ဖိုက်အောင့်တာကိုပင် သတိမရနိုင်တော့တဲ့ အဖြစ်ပါလား။ လောလောဆယ် သောက်ရမယ့်ဆေးကိုသောက်ပြီး

www.burmeseclassic.com

နောင်းစကားကြောင့် မိုးသောက် တွေခနဲဖြစ်သွားလေသည်။ ဘာလို့ အဲဒီလိုပြောတာလဲ။ သြော် တမင်နောက်တာပါဖြစ်မှာပါ။ ကိုချိုကတော့ သူ့ကိုကြည့်ပြီး ပြုံးလိုက်ကာ –

"ဒီအရွယ် ချစ်သူရှိတာ မဆန်းပါဘူး။ မင်္ဂလာဆောင်ရင်တော့ ဖိတ်ဦးနော် မိုးသောက်"

"သြော် ... ဟုတ် ဟုတ်ကဲ့ပါကိုချို"

ချော်လဲရောထိုင်ပြီး မိုးသောက် နောင်းကို မကျေနပ်စွာနှင့် မျက်လုံးထောင့်ကပ်ကြည့်လိုက်တာကိုပဲ နောင်းက ရယ်နေလေတော့သည်။ တော်တော်အမြင်ကပ်ဖို့ ကောင်းလိုက်တာ။

"သြော် ... ဒါနဲ့ကိုချို"

"ဟင်"

"ကိုချို့ဖုန်းနံပါတ်ကလေး ပေးပါလားဟင်။ ဟို မိသားစုဆရာဝန်လို နေမကောင်းလို့ အိမ်ကိုပင့်ရင် လာမယ်မို့လား"

"ရပါတယ် ... ဆရာဝန်ပဲလေ။ ဆရာဝန်ဆိုတာ လူနာတွေရဲ့အသက်ကို ကာကွယ်ဖို့ လူနာတွေပြန်ကျန်းမာလာဖို့အတွက် လူနာရှိရာကိုလာရမှာပဲပေါ့"

"ဝမ်းသာလိုက်တာ ကိုချိုရယ်"

နှစ်သစ်ချိုက ကတ်ကလေးတစ်ခုကို ထုတ်လေးကာ –

နောက်ထပ်လည်း ဆေးတွေထပ်ပေးလေသည်။ သောက်ရမယ့်အချိန်တွေကို ပြောပြီးနောက် –

"မိုးသောက်နဲ့ နောင်းသွဲ့လေညင်းက သူငယ်ချင်းတွေနော်"

"ဟုတ်တယ် ကိုချို့ အိမ်နီးချင်း ငယ်သူငယ်ချင်းတွေပါ"

"သြော်"

နောင်းစိတ်ထဲမှာ ထင့်ခနဲဖြစ်သွားရ၏။ သူငယ်ချင်း အိမ်နီးနားချင်းဆိုတာနဲ့ အနေနီးလို့ တောင်တောင်အီအီတွေ ထင်ရင်တော့ ဒုက္ခပါပဲ။ အခုလည်း အပြင်ထွက်လာတာ နှစ်ယောက်ဆိုတော့ လူငယ်တို့ သဘာဝ ချစ်ကြိုက်နေကြတာယ်လို့ ထင်မလား။ များသောအားဖြင့်က အနေနီးပြီး ဒီလိုတွေရှိကြတော့လေ။ သူတို့က အဲဒီလိုမှမဟုတ်တာ။

နောင်းစိတ်ထဲမှာ ခံစားလို့ရတာက ကြယ်သည် သူမအတွက် ထာဝရသူငယ်ချင်းပါပဲ။ ဒီထက်ပိုဖို့ အခု စိတ်မကူးသလို နောင်လည်း ဒီအတိုင်းပဲ ရှိနေမှာပါ။

"ဒီနေ့ ကြယ်က သူကောင်မလေးနဲ့ ချိန်းထားတာ ကိုချိုရဲ့။ သူကောင်မလေးက နောင်းရဲ့သူငယ်ချင်းဆိုတော့ အိမ်ကထွက်လို့ရအောင် နောင်းက အဖော်လိုက်လာပြီး ခေါ်ထုတ်ပေးရတာလေ"

"ဟင်"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ရွေ...ဒါ ကိုယ့်အိမ်လိပ်စာရာ ဖုန်းနံပါတ်ရော ပါပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုချို"

ကိုချိုက အပြုံးနှင့် ခေါင်းညိတ်ပြလေသည်။ သူအပြုံးကို မြင်နေရတာ နှောင်းရင်ထဲမှာ အေးချမ်းလိုက်တာ။ ဆုတောင်းကောင်း လိုက်တာကိုချိုရယ်။

"နှောင်း"

"ဟင်"

"သက်သာရဲ့လား"

"အင်း ... သက်သာပါတယ်"၊

"အဲဒါဆို သွားကြရအောင်။ ကိုချို ကျွန်တော်တို့ကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ မိုးသောက်"

မိုးသောက်နှင့်နှောင်း ကိုချိုကိုနှုတ်ဆက်ပြီး လာခဲ့ကြတော့တ်။ နှောင်းမျက်လုံးက သံယောဇဉ်မပြတ်စွာ ကိုချိုကို ပြန်ငဲ့ကြည့်တော့ ကိုချိုကလည်း သူမကို လိုက်ကြည့်နေပြီး အကြည့်ချင်းဆုံတော့ ခေါင်းညိတ်၍ ပြုံးပြလေသည်။ ကိုယ့်ကိုလိုက်ကြည့်နေတော့ နှောင်း ကျေနပ်လိုက်တာမပြောပါနှင့်တော့။

❐ ❐ ❐

အခန်း (၈)

မိုးသောက် နှောင်း ဗိုက်အောင့်တာ သက်မဲ့သက်သာရဲ့လား သိချင်တာရယ်၊ စိုးရိမ်တာရယ်ကြောင့် စာရေးလို့မရတာနှင့် နှောင်းတို့ အိမ်သို့ ရောက်လာခဲ့သည်။ ကိုချိုက မငိုးဒိုမ်ပါနဲ့။ လေအောင့်အောင့် တာပါဆိုပေမယ့် သူမှာ ဟိုတွေး ဒီတွေးနှင့် စိတ်မချနိုင်ဘူးလေ။ ဒါကြောင့်ပဲ လာခဲ့တာပါ။

ည့်ခန်းထဲမှာ ...

နှောင်းရဲ့မေမေကို ဝတ်ကောင်းစားလှုပ်စံနှင့် တွေ့လိုက်ရပြီး တစ်ယောက်ယောက်ကို ထိုင်စောင့်နေပုံရသည်။

"အန်တီ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ဒေါ်နွေဦးမေ မိုးသောက်ကိုမြင်တော့ –

"ဩော် ... မိုးသောက် လာလေ သား"

"နောင်း ဗိုက်အောင့်တာ သက်သာရဲ့လား အန်တီ"

"သက်သာတယ် သား။ စောစောကတောင် လက်ဖက်သုပ်စားမယ်လုပ်လို့ အန်တီဆူရသေးတယ်။ အဲဒီကလေးကလေ အမှတ်ကို မရှိဘူး။ လက်ဖက်သုပ်စားရင် ချုပ်မှာစိုးလို့ အန်တီက ပြောတာကို စိတ်ကောက်သွားလေရဲ့"

"ဟုတ်လား"

ဟုတ်လားဆိုပြီး မရှိမှန်းသိသိနဲ့ အပေါ်ထပ်ကို မိုးသောက် မျှော်ကြည့်မိတော့ –

"ခဏနော် ... အန်တီခေါ်ပေးမယ်"

"ဩော် ... နေပါစေ အန်တီ၊ ရပါတယ် မခေါ်ပါနဲ့။ အန်တီ ဘယ်သွားမလို့လဲ၊ သွားစရာရှိတာကို သွားလေ။ ကျွန်တော် နောင်းကို ဖုန်းဆက်ခေါ်လည်း ရပါတယ်"

"အေး ... ဟုတ်သားပဲ၊ အန်တီတို့က မိတ်ဆွေတစ်ယောက် ရဲ့သား မင်္ဂလာဆောင်ကို သွားမလို့ကွဲ့။ မင်း အန်ကယ်လ်ကို စောင့်နေတာလေ၊ အခုထိ မလာသေးဘူး၊ ဘာလုပ်နေလဲ မသိပါဘူး။ မိတ်ကပ်

လိမ်းပြီး နူတ်ခမ်းနီဆိုးနေသလား မသိဘူး တကယ်ပဲ"

"ဟော် ... လူကို ဘာမတရားပြောတာလဲ။ မင်း ထုတ်ပေးခဲ့တဲ့ အကျီ၊်က ကြယ်သီးတစ်လုံးပြုတ်နေလို့ ကိုယ့်ဘာသာ ဗီရိုထဲမှာ နောက်တစ်ထည်ရှာပြီးလဲနေတာကွ"

ဦးကျော့မောင် လှောင်ပေါက်ခဲ့ရင်းပြောတော့ ဒေါ်နွေဦးမေက မျက်စောင်းထိုးလေသည်။

"ကဲ ... သွားမယ်"

သွားမယ်ဆိုတော့ ဒေါ်နွေဦးမေ ထရပ်လိုက်ပြီး –

"မိုးသောက်"

"ဗျာ"

"အန်တီတို့ သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်နွေဦးမေတို့ ထွက်သွားတော့မှ မိုးသောက် နောင်းကို ဖုန်းခေါ်လိုက်လေသည်။

"ပြော"

"ဟ"

ဖုန်းကိုင်ပြီး ထူးသံက ခပ်ဆောင့်ဆောင့်ရယ်ပါ။

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com

''ဘာမှမဟုတ်ဘူး၊ အခု နင် ဘာလုပ်နေတာလဲ''

''အိပ်နေတာ''

''ဟုတ်လား ... အိပ်လို့ပျော်နေပြီလား''

''ပျော်နေပြီ''

မိုးသောက် သဘောကျစွာ ရယ်ပစ်လိုက်ကာ –

''အိပ်ပျော်နေတဲ့သူက ဖုန်းပြောနေတယ်ပေါ့။ ဘာလဲ မျက်လုံးဖွင့်ပြီး အိပ်ကြည့်နေတာလား''

''ဟုတ်တယ် ... ဟုတ်တယ်''

နှောင်းက ဆောင့်ဆောင့်အောင့်အောင့်အသံနှင့် ပြောလေလေ မိုးသောက်က ရယ်လေလေပါပဲ။ ကိုယ့်ကို ဒီလိုလေသံနဲ့ ပြောပါလားလို့ အပြစ်တင်ရကောင်းမှန်းမသိပေ။ နှောင်းနဲ့ပတ်သက်လာရင် သူရင်ထဲမှာ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းများနှင့်ပါ။ အဲဒါ အချစ်ကြောင့် ဒီလိုသည်းခံနိုင်စွမ်းအား ကောင်းခဲ့တာပေါ့။

နင် သိလား နှောင်း။

နင့်ကိုငါ အရမ်းချစ်တယ်။

''နှောင်း''

''----''

''ငါ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတယ်၊ ခဏဆင်းခဲ့ဦး''

''----''

''ပြောတာကြားလား''

''ကြားတယ် ... လာပြီ''

လာပြီဆိုတဲ့အသံရဲ့အဆုံးမှာ ဖုန်းက ချသွားလေပြီ။ မိုးသောက် နှောင်းရဲ့ခြေသံကိုသာ နားစွင့်ရှစောင့်နေလိုက်ဇာ။ သိပ်ကြာကြာမစောင့်လိုက်ရပါဘူး။ နှောင်းရဲ့ခြေထောက်သံကို ကြားပြီး နောက် အနားကို ရောက်လာတာနှင့်။

''နင် ဒီနေ့ စာမရေးဘူးလား''

''ရေးနေရင်း ရေးလို့မရလို့ နင့်ဆီလာတာ၊ နင်အောင့်တာ သက်သာရဲ့လားလို့ စိတ်ပူနေတာဟာ''

''ငါ ကောင်းပါတယ်၊ ဘာမှမဖြစ်ဘူး''

''အေးဟာ ... ငါကိုက အစိုးရိမ်လွန်နေတာပါ''

''နင် စာမရေးဘူးဆိုရင် အေးအေးဆေးဆေး စကားပြောရအောင် ခြံထဲသွားမယ်လေ''

''အင်း ... ကောင်းသားပဲ''

မိုးသောက် ခေါင်းညိတ်ပြီး နှစ်ယောက်သား ခြံထဲသို့ ဆင်းလာခဲ့ကြသည်။ နှောင်း ဖိနပ်စီးလေတော့ ဖိနပ်က အနက်နှောင်မှာ ကျောက်ပွင့်လေးတွေ လက်နေတာနဲ့၊ နှောင်းခြေထောက်သွယ်သွယ်

www.burmeseclassic.com

www.burmeseclassic.com

ဖွေးဖွေးလေးက လိုက်ဖက်လွန်းလှသဖြင့် မိုးသောက် ငုံကြည့်နေမိသည်။ ထွက်လာခဲ့ကြပြီး ပန်းအိုးတွေအနားကနေ ဖြတ်အသွားမှာတော့ –

"ဟယ်"

"_____"

"တောက်"

နှောင်း သူမခြေထောက်ကို ပြန်ငုံကြည့်ပြီး တက်ခေါက်လေတော့ –

"ဘာလဲ"

မိုးသောက်လည်း လိုက်ငုံကြည့်ပြီးမေးလေလျှင် နှောင်း မျက်နှာလေး ရှုံ့မဲ့ပြီး နှာခေါင်းကိုလည်း ပိတ်ကာ –

"ရွံဖို့ကောင်းလိုက်တာ။ ခွေးချီးပုံတက်နင်းမိတာ။ သောက် ခွေးတွေ စည်းကမ်းကိုမရှိဘူး"

"အင်"

ဟုတ်ပါရဲ့။ အခုမှ အနံ့တောင်ထွက်လာတယ်။ မိုးသောက်လည်း နှာခေါင်းစိတ်လိုက်မိပြီး ရယ်တော့ ရယ်ချင်ပေမယ့် ရယ်လိုက်ရင် နှောင်း စိတ်ဆိုးမှာစိုးလို့ ရယ်ချင်တာကို ချုပ်ထားလိုက်ရသည်။

"ကြယ် ... လုပ်ဦး"

"ဟ ... ငါက ဘယ်လိုလုပ်ရမှာလဲ"

"မသိဘူး ... လုပ်ချင်သလိုလုပ်ပေ။ အဲဒါတွေမရှိရင် ပြီးရောပဲ"

"အဲဒါဆို ဖိနပ်ချွတ်လိုက်"

"ထွီ ဝေ့!"

"ဟ"

"ဖိနပ်ချွတ်ရင် ငါ့ခြေထောက် ပေကျံကုန်မှာပေါ့!"

"ဖုန်နဲ့သဲပေတာ ဘာဖြစ်လဲ၊ ခြေဆေးပစ်ရတာကို။ အခုခွေးချီးက ဖိနပ်ကိုပေတာ ခြေထောက်ကို ပေတာမှမဟုတ်တာ။ ဖိနပ်ချွတ်မှ ဖြစ်မှာပေါ့!"

"ခြေထောက်ကိုလည်း ပေသွားတယ် ... အဟင့်"

"နည်းနည်းပဲပေတာပါ ... ချွတ်"

မိုးသောက်ပြောတော့ နှောင်းက ဖိနပ်ချွတ်လိုက်လေသည်။

"နေဦး ... ငါ တုတ်ရှာဦးမယ်"

"တုတ်က ဘာလုပ်ဖို့လဲ"

"ဖိနပ်ကို ကော်ဖို့လေ၊ တုတ်နဲ့ကော်ယူပြီး ရေဆေးရမှာပေါ့"

"ဆေးမနေနဲ့၊ အဲဒီဖိနပ်ကိုစီးဖို့ ငါ မသတိတော့ဘူး။ ဒီအတိုင်းပဲ ထားခဲ့။ ဝေ့!"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဆို ... လာ"

နောင်း ရွံလွန်းလို့ တဝေါဝေါဖြစ်နေတာ နှာဖျားလေးပင်နီလာလေပြီ။ မိုးသောက် ပန်းပင်တွေရေလောင်းတဲ့ ရေပိုက်လုံးဆီသို့ နောင်းကို ဆွဲခေါ်လာခဲ့တော့တ၏။ ပိုက်လုံးက ကိုထူးလက်ထဲမှာလေ။ ကိုထူးက ပန်းပင်တွေကို ရေလောင်းနေရင်းမှ –

"ဘာဖြစ်လာကြတာလဲ"

"နောင်း ခွေးချီးပုံတက်နင်းမိလို့ ကိုထူး"

"ဟေ"

"ကိုထူး ရေနည်းနည်းလောင်းပေးနော်"

"အေး အေး"

မိုးသောက် နောင်းရဲ့ဘောင်းဘီကို သူကိုယ်တိုင်ပဲ လိမ်တင်ပေးပြီး ကိုထူးကိုရေလောင်းပေးစေကာ သူက နောင်းခြေထောက်ကလေးကို လက်နှင့်ပွတ်သပ်ဆေးပေးလေတော့ –

"ဟယ် ... ကြယ် အဲဒီလိုမလုပ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ငါ အပြစ်ရမှာပေါ့"

"မရဖါဘူး ငြိမ်ငြိမ်နေ"

"ဟယ် ... သက်ကြီးနဲ့ဆေးနေတာ ရွံစရာကြီးဟယ် ဝေါ့"

"ပြီးတော့ ဆပ်ပြာတိုက်ပြီး ဆေးပစ်မှာပေါ့ဟာ၊ ရွံရင် ကြည့်မနေနဲ့"

ကိုထူး မိုးသောက်ကိုကြည့်ပြီး အားလည်းနာ၊ သနားလည်း သနားမိပါရဲ့။ ဒီလောက်ကြင်နာယုယပြနေပြီး ဘာလို့များ ချစ်သူမဖြစ်ကြသေးပါလိမ့်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

နောင်း အကြိုထုတ်နေမိသည်။ ကိုချိုနဲ့ နောက်ထပ်တွေ့ဖို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ ဝင်းမာအေးကို ဖွင့်ပြောရင် ကောင်းမလား။ ကိုယ်က စိတ်ဝင်စားနေတဲ့အကြောင်း မိန်းကလေးဘက်က စပြောရင် ကောင်းပါ့မလား။ သိက္ခာကျမှာပေါ့။ အို ဘာပဲဖြစ်ဖြစ်ပါ။

ကြိုက်မရက်၊ ငိုက်မရက်၊ တော်မရက်ဆိုတဲ့စကား ရှိနေတာပဲ။ ကိုယ်က ကြိုက်နေတော့ မရက်နိုင်ပါဘူး။ ဒါကြောင့် ကားသော့ကို ယူပြီး ထွက်လာခဲ့စဉ် –

"သမီး"

"_____"

"သမီး"

"ရှင် မေမေ"

"ဒါက ဘယ်သွားဦးမလို့လဲ"

"သမီးသူငယ်ချင်းအိမ် သွားမလို့ မေမေ။ ဝင်းမာတို့အိမ်ကို ပါ"

"တစ်ယောက်တည်းလား မိုးသောက်နဲ့လား"

"ဟာ ... မေမေကလည်း နေရာတကာ သမီးက သူပါမှ သွားရမှာလား မေမေရဲ့။ တစ်ယောက်တည်းသွားတတ်, လာတတ် အောင် ကျင့်ထားမှ။ သူက စာရေးတစ်ဖက်နဲ့ကို"

"ကဲ ... ဟုတ်ပါပြီ, ဟုတ်ပါပြီ၊ မေမေကလည်း မေးကြည့် ရုံပါ သမီးရဲ့"

"သွားပြီ"

"စောစောပြန်လာခဲ့နော် သမီး"

"ဟုတ်ကဲ့"

နောင်း ထွက်လာခဲ့တော့သည်။ အရင်ကဆို နောင်းက တစ်ယောက်တည်း သွားတာလာတာ နည်းသည်လေ။ သွားစရာရှိရင် မိုးသောက်ကြွယ်ကိုပဲ အဖော်ခေါ်နေကျပါ။ အခုတော့ မလိုပေါ့ပါဘူး။ ကိုယ့်စိတ်ထဲမှာရှိတာကို သူသိဖို့မလိုဘူးလေ။ ဒါကြောင့် တစ်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော် စွန့်စားခန်းပဲ ဖွင့်ရတော့မှာပေါ့။

ကိုချို ...

သူမှာ အိမ်ထောင်တော့မရှိလောက်ပါဘူး။ ချစ်သူရှိတယ်ဆိုရင်တော့ ဒုက္ခပဲ။ အို ချစ်သူရှိတော့ရော ဘာဖြစ်လဲ။ ချစ်သူဆိုတာ ကာမဝိုင်မိန်းမ ရှိတာမှမဟုတ်တာ။ ဖူးစာဆိုတာ ဦးရာစနစ်ပဲလေ။ ပြီးတော့ အချစ်ဆိုတာ မျှဝေခြင်းပဲ။ သူမှာ ချစ်သူရှိနေလည်း နောက်တစ်ယောက်ကို ပြောင်းမချစ်ဘူးလို့ ပြောနိုင်မလား။

အချစ်ဆိုတာ –

ကလေးများလိုပဲ။ လက်သာရာမှာ ပျော်တတ်ကြွတယ်လို့ နှောင်းကတော့ထင်သည်။ ကိုယ့်လက်ကသာမှ သူ့ကို သာယာအောင် စွမ်းဆောင်နိုင်ဖို့တော့ လိုတာပေါ့။

ဝင်းမာအေးတို့ အိမ်ကို နှောင်း ရောက်လာခဲ့ပါပြီ။

"ဝင်းမာ"

"_____"

"ဝင်းမာရေ"

"_____"

"ဟင်"

နှောင်းရဲ့ခေါ်သံကြောင့် သတင်းစာဖတ်နေရင်းကနေ မော့

ကြည့်လိုက်တဲ့ မျက်နှာကိုမြင်လိုက်ရတော့ နှောင်း ထခုန်ချင်မိအောင် ဝမ်းသာသွားလေသည်။ သူမ အရမ်းတွေ့ချင်နေတဲ့ နှစ်သစ်ချို။ ကိုချိုပေါ့။ ဘာလို့ ဒီလောက်တိုက်ဆိုင်ရတာလဲ။ မကုန်နိုင်သေးတဲ့ ဇရစက်တွေကို မမြင်ရလို့သာပေါ့။

မြင်သာမြင်ရရင် –

အဲဒီ ရေစက်တွေကို ရွှောဘူးနဲ့ထည့်ပြီး သိမ်းထားချင်ပါသည်။

"လာလေ"

"ကိုချို"

"ဟုတ်ပါတယ်၊ ထပ်ဆုံကြပြန်ပြီနော်"

"ဟုတ်ကဲ့"

နှောင်း ဆိုဖာမှာဝင်ထိုင်လိုက်တော့ –

"ခဏစောင့်နေနော်။ ဝင်းမာတို့လင်မယား မီးဖိုချောင်ထဲ ဝင်သွားတာ အခုထိ ပြန်ထွက်မလာသေးဘူး။ ကိုယ့်ကို ထမင်းကျွေးဖို့ ဖိတ်ထားတာဆိုတော့ သော်တာက သူမိန်းမကို ကူနေတာထင်တယ်"

"ရပါတယ် ကိုချို၊ ပြီးမှပဲ နှောင်း မီးဖိုချောင်ထဲ လိုက်သွားလိုက်ပါ့မယ်"

ပြီးမှဆိုတော့ အခု လိုက်မသွားသေးဘူးဆိုတဲ့ သဘောပေါ့။

"အသံလည်း ပေးဝင်သွားဦး တော်ကြာ"

www.burmeseclassic.com

www.burmeseclassic.com

"ကိုချိုကလည်း"

နောင်း မျက်နှာလေးရဂက်ဝဲဝဲပုံစံနှင့် ခေါင်းငုံ့သွားလေလျှင်–

"ဆောရီး ... ကိုယ်က နောက်တာပါ"

"____"

"နောင်းသွဲ့လေညင်း"

"နောင်းလို့ပဲခေါ်ပါ ကိုချိုရဲ့။ နောင်းတောင် ကိုချို့ကို ကိုချိုလို့ပဲ ရင်းရင်းနှီးနှီးခေါ်တဲ့ဥစ္စာ။ တော်ကြာ နောင်း နာမည်ကိုခေါ်ရင်း ကိုချို အသက်ရှူရပ်သွားမှာစိုးလို့"

နောင်းက ရင်းရင်းနှီးနှီးနှင့်ပြောတော့ ကိုချိုက ရယ်လေသည်။ ဟုတ်တယ်လေ၊ နောင်းနာမည်ကို ရှည်လို့ဆိုပြီး အပြည့်အစုံခေါ်တဲ့သူမှမရှိတာ။

"ဟုတ်ပါပြီ ... ဒါနဲ့ နောင်းက အလည်လာတာလား"

"ဟုတ်ကဲ့ ... ဝင်းမာနဲ့ မတွေ့ရတာကြာပြီဆိုတော့လေ"

"သြော်"

"ကိုချိုရော ဘယ်တော့စားရမလဲ။ မင်္ဂလာဆောင်ရင် နောင်းကို ဖိတ်ဦးနော်"

သိချင်စိတ်တွေများနေတာမို့ သွယ်ဝိုက်နည်းနဲ့ မေးလိုက်တာ ကောက်ကာငင်ကာပါ။ သူမှာ ချစ်သူ ရှိ၊မရှိ သိချင်လှပြီလေ။

"ကိုယ်လား"

"ဟုတ်"

"ဇေးပါသေးတယ်"

"ဟင် ချစ်သူမရှိသေးတာလား။ ကိုချိုက ချစ်သူမရှိတာတော့ မဖြစ်နိုင်ပါဘူး။ လက်ထပ်ဖို့ အဆင်မပြေသေးတာလား"

ကိုချို နောင်းကိုစိုက်ကြည့်မိလိုက်သည်။ ကောင်မလေးက သွက်သွက်လက်လက်နဲ့ ချစ်စရာလေးပဲ။

"ချစ်သူမရှိသေးတာဆိုရင် နောင်း ယုံပါ့မလား"

"ဟာ မဖြစ်နိုင်တာ။ ကိုချိုက ဒီလောက်ချောပြီး ဆရာဝန်တစ်ယောက်ဖြစ်နေတာပဲဥစ္စာ။ တကယ်လို့မရှိဘူးဆိုရင်တောင် ကိုချို့ကို ချစ်တဲ့သူ မရှိတာတော့ မဖြစ်နိုင်ဘူး။ ကိုချို့က မချစ်နိုင်တာ အချစ်ကို စိတ်မဝင်စားသေးတာပဲဖြစ်မယ်၊ ဟုတ်တယ်မို့လား"

ကိုချို ရယ်လိုက်မိသည်။ ဘယ်လိုပြန်ဖြေရင် ကောင်းမလဲ။ ချာတိတ်နဲ့ စကားပြောရတာ မဆိုးပါဘူး။ ပျော်စရာအကောင်းသားပဲ။

"မင်းပြောသလို ရုပ်ချောပြီး ပညာတတ်တိုင်း ချစ်သူတွေ ပိုင်ဆိုင်းလည်နေတာမဟုတ်ဘူး ချာတိတ်ရဲ့။ အချို့က ဒီလောက်ချော ပြီး ပညာတတ် ဥစ္စာပေါဖြစ်နေတာ ချစ်သူတွေပိုင်းပိုင်းလည်နေမှာပဲ ဦးအတွက် နေရာရှိမှာမဟုတ်ဘူးဆိုပြီး ရှောင်သွားကြလို့ ကြားချောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူမရှိတာလည်း ဖြစ်နိုင်တာပဲလေ''

''ဟာ အဲဒါ မိန်းကလေးတွေအတွက်တော့ ဟုတ်မှာပေါ့။ မိန်းကလေးက ချစ်တယ်လို့ စပြောလို့မရလို့လေ။ ယောကျ်ားလေးက ဖြစ်စရာလား၊ ကိုယ်ကစပြောရမှာကို''

''မနိုင်တော့ပါလား''

''မနိုင်ရင် လွှတ်ချလိုက်လေ''

''နောင်းက စကားတတ်သားပဲ''

စကားတတ်တယ်ဆိုတာကိုပဲ ဂုဏ်ယူသလိုနှင့် နောင်း ခါးကို မတ်မတ်ထိုင်ကာ ခပ်မိန့်မိန့်ပုံစံလုပ်ပြတော့ ကိုချိုက ရယ်လေသည်။ သူရယ်အောင် အမြဲတမ်း ဟာသတွေပြောပေးချင်လိုက်တာ။ စကား တတ်တဲ့ ကောင်မလေးဆိုတာထက် ချစ်စရာကောင်းတဲ့ ကောင်မ လေး ဆိုပြီး ချစ်လိုက်ရင် သိပ်ကောင်းမှာဝံနော်။

''ကိုချိုအတွက် နောင်း ရှာပေးပါလား''

''ဟင် ဘာလဲကိုချို''

''ချစ်သူလေ''

နောင်း တွေဝေနဲဖြစ်သွားပြီး –

''အင်း ရှာပေးမယ်လေ''

''ဒါဆို အားကိုးလိုက်ပြီ''

''နောင်း စင်းမာဆီ သွားလိုက်ဦးမယ်နော်''

''သွားလေ၊ အသံပေးသွားနော်''

''ကိုချိုကလည်း''

နောင်း ရုက်ဟန်လေးနှင့် ထသွားလေလျှင် အလှပန်းအိုးကို လက်နှင့်တိုက်မိပြီး ပန်းအိုးက လိမ့်ကျသွားလေတော့–

''ခွပ်''

''အား''

''ဟင်''

ပန်းအိုးက ကျပြီးအကွဲ နောင်းက ခြေလှမ်းအရွေ့နှင့် ပန်းအိုး ကွဲစကို တက်နင်းမိသွားလေသည်။

''နောင်း''

''အား''

''ပန်းအိုးကွဲစကို တက်နင်းမိပြီထင်တယ်''

''ဟုတ်တယ်''

''မှန်းစမ်း ... ခြေထောက်မလိုက်''

''အား ... ကျွတ် ကျွတ်''

''ခဏလေး''

ကိုချို နောင်းခြေထောက်ကို ကိုင်လိုက်လေတော့ –

www.burmeseclassic.com

www.burmeseclassic.com

"ကိုချို"

"ဟင်"

"ဟို ခြေထောက်ကိုမကိုင်ပါနဲ့၊ နောင်း ငရဲကြီးနေပါ့မယ်"

"ငရဲမကြီးပါဘူး၊ ခြေထောက်ကို ကိုင်မလုပ်လို့ မရဘူးလေ။ ဆွဲနုတ်မလို့၊ မကြည့်ရဲရင် မျက်စိမှိတ်ထား"

သူပြောတာနှင့် နောင်း မျက်စိကိုမှိတ်ထားပြီး စိတ်ကိုတင်းကာ အံကြိတ်ထားလိုက်သည်။ ဆွဲနုတ်ရင် နာမှာလေ။ ဆွဲနုတ်လိုက်တော့ –

"အား"

နာကျင်မှုဒေဒနာကြောင့် နောင်း သူ့လက်ကို ဆုပ်ကိုင်ထားမိတော်။

"သွေးတွေ ထွက်လာပြီ"

"အဟင့်"

"သော်တာ ... သော်တာ"

"ဟေး"

"မြန်မြန်လာဦး"

"လာပြီ"

ကိုချို့ရဲ့ ပျာပျာသလဲခေါ်သံကြောင့် ထွက်လာကြတာ

လင်မယားနှစ်ယောက်စလုံးပါ။

"ဟင်"

"ဟယ် ... နောင်း ရောက်နေတာပဲ"

"သော်တာ ... မင်း ဆေးအိတ်သွားယူချေစမ်း"

"အေး ... အေး"

နောင်းနဲ့ပန်းအိုးစတွေကိုကြည့်ပြီး သော်တာ အခြေအနေကို နားလည်သွားဟန်နှင့် ချက်ချင်းပဲ ဆေးအိတ်ပြေးယူလေသည်။

"နင် ရောက်လာတာကို ငါမသိလိုက်ဘူး နောင်းရယ်။ ဆောရီးပါနော်၊ ဒဏ်ရာက တော်တော်နာနေလား"

"နာတာပေါ့"

နာပေမယ့် နောင်း ကျေနပ်ပါသည်။ ကိုချိုရဲ့ ပြုစုယုယတာကို ခံရလို့လေ။ ဖြစ်နိုင်ရင် ဒီဒဏ်ရာ တော်တော်နဲ့ မပျောက်ပါစေနဲ့။ ကိုချို ဆေးထည့်ပေးတာကို လိုချင်လို့ပါ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

"နောင်း"

"_____"

"နောင်း"

အန်တီက ဖုန်းဆက်ပြောလို့ နောင်း ခြေထောက်ဒဏ်ရာရလာတယ်ဆိုတဲ့အသံ ကြားတာနဲ့ မိုးသောက် အပြေးရောက်လာခဲ့ပါပြီ။ ဒေါက်တာနှစ်သစ်ချိုက နောင်းကို အိမ်ပြန်ပို့ပေးတာတဲ့လေ။ ကူညီမယ့်သူရှိလို့ တော်ပါသေးရဲ့။

"နောင်း"

"ဟင် ... ငါ ဒီမှာ ကြယ်"

ထုမင်းစားခန်းဘက်ကနေ ခြေထောက်ထော့နဲ့ ထော့နဲ့နှင့် နောင်း ထွက်လာလေသည်။

"နင့်ခြေထောက်ဒဏ်ရာရလာလို့ဆို"

"ဟုတ်တယ်"

"အခု ဘယ်လိုနေသေးလဲ သက်သာရဲ့လား"

"သက်သာပါတယ်"

မိုးသောက်က နောင်းလက်မောင်းကိုကိုင်ပြီး ဆွဲခေါ်ကာ ဆိုဖာပေါ်သို့ ထိုင်ခိုင်းလေလျှင် –

"နင်လုပ်ပုံက ငါကပဲ ဒုက္ခိတကျနေတာပဲ"

"ငါက စေတနာနဲ့ပါဟာ"

"_____"

"နင့်ကို အိမ်ပြန်ပို့တာ ကိုချိုဆို။ သူနဲ့ ဘယ်လိုတွေ့လာတာလဲ"

"ဝင်းမာတို့အိမ်မှာ ဆုံတာပါ"

"သြော်"

နောင်း ရင်ထဲမှာ မျိုသိပ်ထားရတာတွေ ကြယ်ကို ရင်ဖွင့်ရကောင်းမလား။ ကြယ်က ကိုယ့်သူငယ်ချင်းပဲဥစ္စာ။ သူမကြေအေးပြုလို့ ကဲ့ရဲ့မယ် မထင်ပါဘူး။ သူငယ်ချင်းဆိုတာ တိုင်ပင်ဖော် ပိုင်ပင်ဘက်

www.burmeseclassic.com

www.burmeseclassic.com

ရင်ဖွင့်လို့အကောင်းဆုံးလူလေ။ ဒါမှ သူ ကူညီနိုင်တာရှိရင်လည်း ကူညီလို့ရမှာပေါ့။

"ကြယ်"

"ဟင်"

"ကိုချိုက အရမ်းချောတာပဲနော်"

မိုးသောက် တွေခနဲ ဖြစ်သွားရသည်။ ကိုချိုချောတာ ကိုယ် နဲ့ဘာဆိုင်တာမှတ်လို့။ သူချောတာကိုဝယ်ပြီး အမြတ်နဲ့ပြန်ရောင်းစားလို့ ရတာမှမဟုတ်တာ။

"သူကိုငါ သဘောကျတယ် သိလား"

"_____"

သဘောကျတယ်တဲ့။ ဘယ်လိုပုံစံမျိုးနဲ့ သဘောကျတာလဲ။ မရိုးသားစိတ်နဲ့တော့ သဘောမကျလိုက်ပါနဲ့နော်းရယ်။ နင့်ကို ချစ်နေတဲ့ ငါရှိတယ်။ ငါ့ကို ဥပေက္ခာမပြုလိုက်ပါနဲ့။

"နော်း"

"ဟင်"

"ငါ ဒီနေ့စာမူသွားပို့မလို့ဟ၊ အဲဒါ နင့်ခြေထောက်ဒဏ်ရာ ရထားတယ်ဆိုတာနဲ့ မသွားဖြစ်တာ"

"သွားစရာရှိတာ သွားလေကြယ်ရဲ့။ ငါက ဘာမှမဖြစ်ပါဘူး။

အသက်နဲ့ အဝေးကြီးပါဟာ"

"အဲဒီလိုမပြောနဲ့လေဟာ။ ငါက နင် တစ်ခုခုဖြစ်ရင် ဘာမှ လုပ်လို့မရအောင် စိုးရိမ်တတ်လို့ပါ"

"ကြယ်"

"_____"

မိုးသောက် မျက်မှောင်လေးကြုတ်ကာ ကြည့်လေတော့-

"နင် ငါ့ကို ဘာလို့ အဲဒီလောက် စိုးရိမ်နေရတာလဲ"

မေးနေပြီ။

ပြောလိုက်တော့လေ မိုးသောက်။ နင့်ကိုငါ အရမ်းချစ်လို့ပါ လို့ ပြောလိုက်။ မပြောရင် မင်းကျန်ခဲ့ရမှာလား။ မင်းပြောသင့်နေတာ ကြောပြီမိုးသောက်။ မင်းမပြောပဲနေရင် မင်းပဲ ခံစားရလိမ့်မယ်။

"ပြောလေ ကြယ်"

"နော်း"

"_____"

"နင် ငါပြောရင် စိတ်ဆိုးမှာလား"

"ပြောကြည့်လေ"

ဟူး ... ဘယ်ကိုပြောရပါ့မလဲ။ ပြောလို့ သတ်တော့ မပစ်ပါဘူး။ မသကာ အလွန်ဆုံး သူလုပ်ရင် ပါးရိုက်ရုံပေါ့။ သတ်မစ်

www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုလည်း နောင်းက သတ်ရင် မိုးသောက်သေရဲပါသည်။ ဒီတော့ မထူးပါဘူး။

"ငါ နင့်ကို အပြတ်မိုးဝိုင်းပြီး နင် မျက်နှာသို့းမှာကို မကြည့် ရက်တာကလေ"

"အင်း"

"နင့်ကို ငါ သိပ်ချစ်လို့ပေါ့ နောင်းရယ်"

"ဘာ"

နောင်း မထင်မှတ်တဲ့စကားကို ကြားလိုက်ရတော့ အံ့သြသွား ရသည်သာ။ ကြယ် ပါးစပ်က ဒီလိုစကားမျိုး ထွက်လာလိမ့်မယ်လို့ နောင်း တစ်ခါမှ မျှော်လင့်မထားခဲ့ပါဘူး။ သူ နောင်းကို ချစ်နေလိမ့် မယ်လို့ ထင်မထားခဲ့မိပါဘူး။ နောင်းကလည်း သူ့အပေါ် အဖြူရောင် သံယောဇဉ်ကလွဲပြီး –

ကာလအပါတဲ့စိတ်နဲ့ စိတ်မကစားမိခဲ့ပါဘူး။ အခု သူက နောင်းကို ချစ်တယ်တဲ့၊ ဟုတ်ရဲ့လား။ ဒီစကားကို နောင်းရဲ့သူငယ်ချင်း ကြယ်ပြောတာမှ ဟုတ်ရဲ့လား။ ဒါမှမဟုတ် အခု ပြောနေတဲ့သူက ကြယ်မှဟုတ်ရဲ့လား။

"ကြယ် ... နင် နင် ငါ့သူငယ်ချင်း ကြယ် ဟုတ်ပါတယ် နော်"

"နောင်းကလည်း ငါက နင့်သူငယ်ချင်းကြယ် မဟုတ်လို့ ဘယ်သူဖြစ်ရဦးမှာလဲ။ အဲ ... တစ်ခုတော့ရှိတယ်။ အခု ငါ နင့် သူငယ်ချင်း မဖြစ်ချင်တော့ဘူး"

"------"

"နင့်ရဲ့ချစ်သူပဲဖြစ်ချင်တယ်"

"ငါ လုံးဝထင်မထားဘူး ကြယ်"

"ဟင် ... ဘာကိုလဲ"

"နင် ငါ့ကို ခုလိုပြောလိမ့်မယ်လို့ မထင်တာ"

"အခု ပြောမိပြီလေ။ ငါ နင့်ကို အရမ်းချစ်တယ်။ နင်က ရော"

နောင်း သက်ပြင်းချလိုက်မိတ်။ ကြယ်ကို ဘယ်လိုပြောရ မလဲ။ သံယောဇဉ်ရှိပေမယ့် ချစ်လို့တော့မရပေ။ သူမရင်ထဲမှာ စိုးမိုး ချယ်လှယ်ပြီး သူမ ချစ်နေမိတာက ကိုချို့။ အရင်တုန်းက ပြောခဲ့ရင်တော့ ရင်ထဲမှာနေရာဦးထားသူမရှိတော့ စဉ်းစားမိချင် စဉ်းစားမိမှာ လေ။

ရင်ခုန်မိချင်လည်း ရင်ခုန်မိမှာပေါ့။

အခုကျတော့ သူမ နှလုံးသားက တောင့်တနေပြီး တုန့်ပြန် နေမိတာက ကိုချို့မှကိုချို့။

www.burmeseclassic.com

www.burmeseclassic.com

"နောင်း"

"_____"

"နင်ရော ငါ့ကို ချစ်လား ပြောဦးလေ"

"ငါ နင့်ကို သူငယ်ချင်းလိုပဲ ဖြူစင်တဲ့အချစ်နဲ့ ချစ်တယ်ကြယ်"

"ဟင်"

"လက်ရှိသံယောဇဉ်တွေ လျော့မသွားစေချင်ရင်တော့ နောက်ထပ် နင် ငါ့ကို ချစ်တယ်လို့ မပြောပါနဲ့"

မိုးသောက် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသည်။ အပြတ်ငြင်းလိုက်တာလား နောင်းရယ်။ အဲဒီလောက်အထိတော့ နင် ငါ့အပေါ် မရက်စက်ပါနဲ့လား"

"နောင်း"

"_____"

"စဉ်းစားပါဦး နောင်းရယ်၊ နင့်ကို စဉ်းစားဖို့ အချိန် ဘယ်လောက်ပဲပေးရ၊ ပေးရ ငါပေးနိုင်ပါတယ်။ ငါ စောင့်နိုင်ပါတယ်ဟာ"

"ဘာအချိန်မှ ပေးစရာမလိုဘူး ကြယ်။ ငါ ဘယ်တော့မှ စဉ်းစားမှာမဟုတ်ဘူး။ နောက်ထပ် နင် ငါ့ကို ချစ်တယ်ဆိုတဲ့စကား ဘယ်တော့မှ ထပ်မပြောပါနဲ့"

ပြောပြီး နောင်းထသွားတော့ ထော့နဲ့ ထော့နဲ့နှင့်ပါ။ တစ်ခါတည်း အပြတ်ပြောသွားတာ မျှော်လင့်ချက်ကို ဆက်လို့မရအောင် ဖြတ်တောက်ခဲ့ခြင်းနဲ့ပါလား။

□□□

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

"သမီး"

"_____"

"နှောင်း"

မေမေခေါ်တာကြောင့် နှောင်း လက်ထဲက စာအုပ်ကလေး ကိုချုပြီး ခါးမတ်ပြီး ထိုင်လိုက်သည်။ စာအုပ်က ကြယ်ရေးတဲ့စာအုပ် ဒီလထုတ်လေးပေါ့။ ခြေထောက်နာလို့ ဈာယ်မှမသွားတာနဲ့ ဖတ်နေမိတာလေ။

"ဒေါက်တာနှစ်သစ်ချီရောက်နေတယ် သမီး"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် သမီး ... ဆင်းတွေ့လိုက်ပါဦး"

"ဟုတ်ကဲ့ မေမေ"

ဒါမျိုးကျလျှင်လိုက်တဲ့ ခြေထောက်။ နောက်ကျရင် သစ္စာဖောက်တယ်ဆိုပြီး တစ်ချက်လွှတ်အမိန့်တော်နှင့် ရိုက်ချိုးခံရတော့မယ့်အတိုင်း နာတာကျင်တာတွေပင် မေ့လျော့သွားလေသည်။

"ဟဲ့ ... သမီးဖြည်းဖြည်းလျှောက်လေ"

မေမေပြောမှပဲ ခြေထောက်သွားနှုန်းကို နှောင်း အရှိန်လျော့လိုက်ရတော်။ တော်ကြာ မေမေရိပ်မိနေမှာစိုးလို့လေ။ ဧည့်ခန်းထဲကို ရောက်တော့ ကိုချိုက နာမည်နှင့်လိုက်အောင်ပဲ အပြုံးချိုချိုနှင့် ဆီးကြိုလေသည်။ ရင်ထဲမှာ အေးချမ်းလိုက်တာ။

"ကိုချို"

"ဒဏ်ရာသက်သာရဲ့လား"

"ဟုတ် ... သက်သာပါတယ်။ ဒဏ်ရာက ပျောက်နေပါပြီ ကိုချိုရဲ့"

"ဟုတ်လား၊ ဒါဆို နောက်နေ့တွေကျ ကိုယ်လာစရာ မလိုတော့ဘူးပေါ့"

"ဟင့်"

နှောင်း မျက်နှာငယ်လေး ကွက်ခနဲ မှုန်သွားလေသည်။ နှောင်း

www.burmeseclassic.com

www.burmeseclassic.com

နောင်းပြောလိုက်ရမလား။ ရင်ထဲမှာရှိတဲ့အတိုင်းသာ ပြောရရင် နောင်းက ကိုချို့မျက်နှာလေးကို အမြဲတမ်းမြင်နေချင်သူပါ။ အဲဒီလို အခွင့်အရေးမရတောင်မှ တစ်နေ့ကို ခဏလေးပဲဖြစ်ဖြစ် မြင်ခွင့်ရချင်တာ။

ဒါကြောင့် နောင်းတို့အိမ်ကို တစ်နေ့တစ်ခါ ခဏလေးပဲ ဖြစ်ဖြစ် –

နောင်းတို့အိမ်ကို အလည်သဘောမျိုးနဲ့ ဝင်ခဲ့ပါလို့ ပြောချင်တာလေ။ ဒါပေမဲ့ တကယ်တမ်းမှာတော့ ဘယ်လိုပြောထွက်ပါ့မလဲ။

"နောင်း"

"ရှင်"

"ပြောလေ"

"နောင်း ... နောင်းလေ"

"အင်း"

"ကိုချိုနဲ့ နေ့တိုင်း ခုလိုတွေ့ပြီး စကားတွေပြောနေချင်တယ်"

"နေ့တိုင်းဆိုတာတော့ ကိုချို့က မအားဘူးလေ နောင်းရဲ့။ အားတဲ့အချိန် အလည်လာခဲ့မယ် ရမလား"

"ကိုချို့ တကယ်ပြောတာလား"

"တကယ်ပေါ့"

ဒဏ်ရာပျောက်ရင် သူက မလာတော့ဘူးတဲ့လား။ ဒါပေါ့လေ၊ သူက ဆရာဝန်မို့လို့ ကိုယ့်ခြေထောက်ကဒဏ်ရာကို သူ့ရှေ့မှာ ဖြစ်သွားလို့ လာကြည့်ပေးတာ။ ဒဏ်ရာပျောက်ရင် မလာတော့ဘူးပေါ့။ နောင်း ဘာပြောရမှာလဲ။

အလည်လာခဲ့ပါလို့ ဖိတ်ရအောင်ကလည်း –

သူက တာဝန်နဲ့လူ။ သူများတွေလို လတ်လျားလတ်လျား သွားနေဖို့ အချိန်ရတဲ့သူ မဟုတ်တော့ ဘာတတ်နိုင်မှာတဲ့လဲ။

"နောင်း"

"___"

"ဘာဖြစ်သွားတာလဲ၊ မျက်နှာက မသာမယာနဲ့"

"ဘာမှမဖြစ်ပါဘူး"

"မညာကြေးလေ"

"နောင်း အမှန်အတိုင်းပြောရမလားဟင်"

"အင်း ... ပြောပေါ့"

"ပြောလိုက်ရင် ကိုချိုက နောင်းကို အထင်သေးမှာပေါ့"

နှစ်သစ်ချို တွေခနဲဖြစ်သွားပြီး –

"ကိုယ်က ဘယ်သူကိုမှ အထင်မသေးတတ်သလို အထင်လည်း မကြီးတတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ရာနှုန်းပြည့် ကျေနပ်သွားတာမဟုတ်ပေမယ့် အလည်လာမယ်ဆိုတော့ တော်သေးတာပေါ့။ ဒါကြောင့် နှုတ်ခမ်းလေးကို မြိုးယောင်သန်းသွားလေသည်။

"ကိုချို"

"ပြောလေ"

နှောင်း စိတ်ထဲမှာ စိတ်ကူးမိသွားတာလေးရှိတာနဲ့ –

"ကိုချို ဆေးခန်းမှာ ဆေးပေးမီးယူ အလုပ်သမားမလိုဘူးလားဟင်"

"ဘာဖြစ်လို့လဲ နှောင်းရဲ့"

"နှောင်း ... အလုပ်လုပ်ချင်လို့ပါ"

"ဟင် ... အခု နှောင်းမှာ ဘာအလုပ်မှမရှိဘူးလား"

"တစ်ခါတလေ ဖေဖေ့အလုပ်တွေကို ကူတာကလွဲရင် အတည်တကျ အလုပ်မရှိသေးပါဘူး"

ကိုချို နှောင်းကို ခပ်တွေတွေလေး ကြည့်လိုက်မိ၏။ ဒီချာတိတ် ကိုယ့်ကို စိတ်ဝင်စားနေတာပဲဖြစ်မှာ။ သူလို အဆင့်အတန်းမျိုးနဲ့ ကိုယ့်ဆေးခန်းမှာ အလုပ်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူမိဘတွေက သဘောတူမှာမှ မဟုတ်ပဲလေ။ သူ တကယ်အလုပ်လုပ်ချင်ရင် လုပ်ငန်းတစ်ခု ထူထောင်လို့ရတာပဲဥစ္စာ။

ပြီးတော့ –

သူ့အဖေရဲ့ကုမ္ပဏီမှာ ဝင်လုပ်လည်းရတာပဲ။ သူများ လက်အောက်မှာ ဘာမဟုတ်တဲ့လစာလေးမက်ပြီး လုပ်ရအောင် ချို့တဲ့သူလည်းမဟုတ်၊ နွမ်းပါးသူလည်း မဟုတ်ပေ။

"နှောင်း တကယ်အလုပ်လုပ်ချင်တယ်ဆိုရင် နှောင်းအဖေရဲ့ကုမ္ပဏီမှာ ဝင်လုပ်ရင်း ပညာယူပါလား နှောင်းရဲ့။ နှောင်းက တစ်ဦးတည်းသောသမီး မဟုတ်လား။ တစ်နေ့ မိဘအမွေကို ဆက်ခံရမှာပဲလေ"

"ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမဲ့"

"ကိုယ်သိပါတယ်၊ ကိုယ့်ဆီမှာတော့ အလုပ်ဝင်မလုပ်နဲ့ နှောင်း။ နှောင်း ကိုယ့်ကို သတိရရင် ဆေးခန်းကိုဖြစ်ဖြစ်၊ အိမ်ကိုပဲဖြစ်ဖြစ် လာလည်လို့ရပါတယ်"

"လာလည်ရင် ကိုချို့အတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

"မဖြစ်ပါဘူး လူနာတွေရှိလို့ ကိုချို့မအားသေးရင်တော့ နှောင်းက ထိုင်ကြည့်နေလေ"

"ဖြစ်ပါ့တယ်"

"ဒါဆို ကိုယ်သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... မြန်လှချေလား။ တစ်ခုခုလေးတော့"

"ရတယ် နှောင်း၊ ကိုယ် ဆေးခန်းကအပြန်ဝင်လာတာ။ နောက်ကျရင် ကိုယ့်မေမေ မျော်နေမှာစိုးလို့ပါ"

ဒါ အကြောင်းပြချက်တစ်ခုလား။ နှောင်း ခေါင်းမည်တ်ချင်ပဲ ညိတ်လိုက်ရသည်။ မသွားပါနဲ့၊ မပြန်ပါနဲ့လို့ ကိုယ့်မှာ တားခွင့်မှ မရှိဘဲလေ။

သူပြန်တော့ နှောင်း ကားနားအထိ လိုက်သွားမိသည်သာ။ သူက ကားပေါ်တက်ပြီး –

"ကိုယ်သွားမယ်နော် နှောင်း"

"ဟုတ်"

"ဟေ့"

"___"

"နွေတ်ခမ်းကြီးစူမထားနဲ့လေ၊ ဝက်နဲ့တူတယ်"

"ကိုချို"

ကိုချိုက ရယ်ပြီး ကားမောင်းထွက်သွားလေတော့သည်။

"ဟူး"

ကားရေဆေးနေတဲ့ကိုထူး သက်ပြင်းချလိုက်မိသည်။ ဒီ ဆရာဝန်ကို နှောင်းက စိတ်ဝင်စားနေတယ်ထင်ပါရဲ့။ ဆရာဝန်က

အရမ်းချောသည်လေ။ ဒီအိမ်ကိုလည်း ခဏခဏလာနေတာ ရွှေစွန်ညိုကြီး လုပ်နေတာ ဖြစ်မှာပေါ့။ နှောင်းကလည်း သူလာရင် ပျာယာခတ်လို့ပါပဲ။

မိုးသောက်ကို သနားလိုက်တာ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

သူ

စာမူပို့သွားကာနီး ဖုန်းဆက်တော့တောင် အိမ်မှာတဲ့။ မိုးသောက် ဆက်စဉ်းစားမနေတော့တဲ့ နှောင်း ကားနောက်မှာ ကပ်ပြီး ကားကိုရပ်လိုက်တ။

"နှောင်း"

"ဟင်"

"ဘာဖြစ်နေတာလဲ"

"ကြယ်"

သူကိုမြင်တော့ နှောင်းရဲ့မျက်နှာလေးက ဝင်းပသွားလေသည်။

"ကားပျက်နေတာလား"

"ဟုတ်တယ်၊ ငါ ဝယ်ရှောကိုတော့ ဖုန်းဆက်ခေါ်ထားပြီးပြီး အဲဒါ မလာသေးလို့စောင့်နေတာ"

"ဟာ သူတို့မလာမချင်း နင်က စောင့်နေမှာလား"

"အေးလေ၊ အခုလာနေပြီဆိုလို့ စောင့်နေတာ"

မိုးသောက် မျက်မှောင်ကြုတ်သွားပြီး –

"ဒါနဲ့ ခါတိုင်းဆို နင်အပြင်ထွက်ရင် ငါ့ကိုခေါ်နေကျပါ။ အခု တစ်ယောက်တည်း ဘယ်ကပြန်လာတာလဲ"

အခန်း (၁၂)

မိုးသောက်စာမူအပ်ပြီးပြန်လာတော့ ကိုယ်ဖတ်ချင်တဲ့စာအုပ်လေးတွေ ဝင်ဝယ်သေးသည်။ ပြီး အိမ်အတွက် လိုအပ်တာတွေဝယ်တ။ အိမ်အပြန်လမ်းမှာတော့ –

"ဟင်"

ရှေ့မှာ ကားပျက်နေတာထင်ပါရဲ့။ မတ်တတ်ရပ်ပြီး ဟိုကြည့် ဒီကြည့် ဖြစ်နေသူက နှောင်းရယ်ပါ။ သူ ဘယ်ကိုသွားတာလဲ။ ခါတိုင်းဆို နှောင်း ဘယ်ကိုပဲသွားသွား ကိုယ့်ကိုခေါ်နေကျပါ။ ဒီရက်ပိုင်းမှာ မခေါ်တာကြောလို့ ဘယ်မှမသွားဘူးလို့ထင်နေတာ။ ဖုန်းဆက်မေးလိုက်ရင်လည်း အိမ်မှာလို့ ပြောတာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

''ကိုချို ဆေးခန်းကိုသွားတာလေ''

''ဟင်''

မိုးသောက်ရဲ့အကြည့်က နှောင်းရဲ့ခြေထောက်ဆီသို့ ရောက်သွားလေသည်။ ပြောတော့ ဒဏ်ရာပျောက်သွားပြီဆိုပြီး ဆေးခန်းကို ဘာသွားလုပ်တာလဲ။ ဟိုတစ်ခါလို မိုက်အောင့်လို့လား။ အဲဒီလိုဆိုရင် လည်း အန်တီက သူသမီးကို တစ်ယောက်တည်းဘယ်လွှတ်မှာလဲ။ ကိုထူးနဲ့ပဲ လွှတ်မှာပေါ့။

''ဟဲ့''

''_____''

''ဘာတွေလျှောက်ကြည့်နေတာလဲ''

''နင် ဆေးခန်းသွားတယ်ဆိုလို့ပါ။ ခြေထောက်ကဒဏ်ရာက ပျောက်နေပြီမဟုတ်လား။ ဘာဖြစ်လို့လဲ''

''အမလေး၊ ငါ့ကို ရဲစစ်ပုလိပ်စစ်နဲ့ စစ်နေပါလား။ ဘာမှ မဖြစ်ဘူး။ ငါ့မှာ ဘာရောဂါမှလည်းမရှိဘူး။ သွားချင်လို့သွားတာ။ ကိုချို့မျက်နှာကို မြင်ချင်လို့ တမင်အလည်သွားတာ ရှင်းပြီလား''

မိုးသောက် သိသိသာသာနှင့် မျက်နှာပျက်သွားလေသည်။ ဒါ သူက ချစ်တယ်လို့ ပြောထားလို့ တမင်ရွဲ့တာလား။ ဒါမှမဟုတ် တကယ်လား။ တကယ်တော့ မဖြစ်ပါစေနဲ့၊ ရွဲ့တာပဲဖြစ်ပါစေ နှောင်း

ရယ်။ တကယ်ဆိုရင် ငါ မခံစားနိုင်လို့ပါ။

''နင် နင် ငါ့ကိုရွဲ့နေတာလား နှောင်း''

''မရွဲ့ပါဘူး။ ဘာလို့ရွဲ့ရမှာလဲ''

''ငါက နင့်ကို အရမ်းချစ်တယ်လေဟာ''

''အဲဒါ နင်ချစ်တာ နင့်အကြောင်းလေ။ ငါကမှ နင့်ကို မချစ်တာ''

''နှောင်း''

''_____''

''နင် တကယ်ပဲပြောနေတာလား နှောင်းရယ်။ နင် ငါ့ကို အဲဒီလို မပြောပါနဲ့ဟာ။ ငါ နင့်ကို ချစ်ခဲ့တာ အခုမှ မဟုတ်ဘူး၊ အရင်ကတည်းက ချစ်ခဲ့တာပါ။ ငါ့မှာ နင်မကြိုက်တဲ့အချက် ဘာရှိလဲ။ ရှိရင်ပြောပါ။ ငါ ပြုပြင်မယ်။ ငါ့အပေါ်မှာ အဲဒီလောက်ကြီးတော့ မရက်စက်ပါနဲ့၊ ငါ မခံစားနိုင်လို့ပါ''

''မခံစားနိုင်ရင်လည်း သေလိုက်လေ။ ကားပျက်လို့ စိတ် ညစ်နေရတဲ့အထဲ ဘာတွေလာပြောနေမှန်းမသိဘူး''

ပြောရက်လိုက်တာ နှောင်းရယ်။ နင့်ရင်ထဲမှာ တကယ်ပဲ ငါ့အတွက် နေရာမရှိဘူးလား။ နှောင်း ကိုချို့ကို ချစ်နေတာလား။ အချစ်ဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာ ဇာတ်ကောင်တွေကို ပေါင်း

www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက် ခွဲပစ်လိုက်နဲ့။ အခု ကိုယ်တိုင် အချစ်နဲ့ပတ်သက်ပြီး ခံစားလာရတော့ ဝတ္ထုထဲက ဇာတ်ကောင်တွေရဲ့အချစ်ဟာ ကိုယ့်အချစ်လောက် ရသမမြောက်သလိုပင်။

"နှောင်း"

"_____"

"နင် ကိုချို့ကို ချစ်နေတာလား"

မဟုတ်ပါစေနဲ့လို့ ဆုတောင်းပေမယ့် –

"ဟုတ်တယ် ...ကြယ်"

"ဟင်"

မိုးသောက်ပါးစပ်က ပွင့်ဟသွားလေသည်။ တစ်ခါတည်း ရင်ထဲမှာ နှင့်ပြီး အသက်ရှူလို့မရလို့ ပါးစပ်ကရှူဖို့ ဖွင့်လိုက်တဲ့ အတိုင်းပါပဲ။ စာရေးဆရာတွေ အသည်းကွဲရင် ဝတ္ထုရေးတဲ့အခါ ပိုပြီး ရသမြောက်တယ်လို့ အရင်ကထင်ခဲ့တာ။ အခု သူရေးဖို့လွယ်ပုံ မလာ။

အခုပဲ –

စိတ်ထဲမှာ ဟာတာတာကြီးလိုလို မွန်းကျပ်သလိုလို ဘယ်နေရာမှာ ဘာတွေဟာသွားပြီး ဘယ်နေရာမှာက စုပုံကျပ်ခဲနေမှန်း မသိတော့ပါဘူး။

"နင်က ငါ့သူငယ်ချင်းပဲလေ။ နင့်ကိုပဲ ရင်ဖွင့်မယ်လို့ ငါ

ဆုံးဖြတ်ထားပါတယ်။ ငါ ကိုချို့ကို စတွေ့တဲ့နေ့ကတည်းက စွဲလန်းခဲ့တာ။ သူကိုငါချစ်တယ်"

"_____"

"သူနဲ့ပေါင်းခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူ့ရဲ့အချစ်ကို အချိန်တစ်နာရီပဲရရ တစ်မိနစ်ပဲရရ လိုချင်တယ် ကြယ်။ ပြီးတော့ ကိုချို့က ငါ့ကို ချစ်လာနိုင်အောင် ငါကြိုးစားမယ်။ သူမှာ လိုအပ်တာရှိရင် ငါ ဖြည့်ဆည်းပေးချင်တယ်"

အချစ်ဆိုတာ ပေးဆပ်ခြင်းလား။ နှောင်းက ပေးဆပ်ခြင်းနဲ့ ကိုချို့အပေါ်ချစ်ရင် ကိုယ်ကရော နှောင်းအပေါ်မှာ ပေးဆပ်ခြင်းနဲ့ ချစ်ရမှာလား။ သူတို့အဖြစ်ကပြောရရင် ယုန် တောင်ပြေး ခွေးမြောက်လိုက်ဆိုသလိုပါ။

"နင်က စာရေးဆရာတစ်ယောက်ပဲ။ အချစ်နဲ့ပတ်သက်ပြီး ငါ့ထက်ပိုပြီး နားလည်ခံစားတတ်၊ တွေးခေါ်စဉ်းစားတတ်မှာပါ။ အချစ်ဆိုတာကို လူတိုင်း ပိုင်ဆိုင်ခွင့်နဲ့ပဲ ချစ်ချင်ကြပေမယ့် ပိုင်ဆိုင်ခွင့်မရတဲ့အခါ ပေးဆပ်ခြင်းနဲ့ ချစ်ကြတာတွေလည်းရှိတယ်"

"နင်က ငါ့ကို ပေးဆပ်စေချင်တာလား နှောင်း"

"နင့်သဘောပါ။ ငါ မတိုက်တွန်းပါဘူး"

စိတ်မောလိုက်တာ၊ ဘာကိုပဲ စားစားသောက်သောက်

www.burmeseclassic.com

www.burmeseclassic.com

မြင်မြင်တွေ့တွေ့ အမောမပြေနိုင်တဲ့ အမောမျိုးပါပဲ။ အချို့ပြောကြပါတယ်။ အချစ်ဆိုတာ သံယောဇဉ်လို မြစ်ဖျားခံပြီး စီးဆင်းလာတဲ့ မြစ်တစ်စင်းတဲ့။ ကိုယ့်ဘက်ကတော့ အဲဒီအတိုင်းဖြစ်ခဲ့ပါတယ်လေ။ နှောင်းကတော့ –

ကိုချို့အပေါ် မြင်မြင်ချင်းချစ်မိသွားတယ်ဆိုတော့ –

အဲဒီစကားဟာ နှောင်းအတွက် အကျွမ်းမဝင်ပါဘူး။ နင့်ရဲ့ အချစ်တွေက သဲသောင်ပေါ် မိုးရွာသလို ဝေါခနဲရွာပြီး မိုးတိတ်တာနဲ့ ရေပျောက်သွားတဲ့အဖြစ်မျိုးနဲ့ ချစ်တာဖြစ်ရင် နင့်နှလုံးသားက နောက်တစ်ကြိမ် ရွာမယ့်အချစ်မိုးကို ငါ့ရင်ဘတ်ကြီးနဲ့ ဖြည့်ခံထားပါရစေ နှောင်း။

ဒါမှမဟုတ် –

နင်တို့တွေ ပေါင်းခွင့်ကြုံလို့ နင်စိတ်ချမ်းသာမယ်ဆိုရင် ငါ့နှလုံးသားကို တစ်စစီခွဲပြီး နင်တို့ရဲ့ ချစ်ခရီးလမ်း ဖြောင့်ဖြူးဖို့အတွက် ပန်းအဖြစ် လမ်းခင်းပေးပါ့မယ် နှောင်းရယ်။

"_____"

"နင် ငါ စိတ်ချမ်းသာတာကို မြင်ချင်တယ်မို့လား"

မိုးသောက် ခေါင်းညိတ်လိုက်ပြီး –

"နင်ပျော်မယ်ဆိုရင် ငါ့နှလုံးသားကို ခွဲထုတ်ပြီး နင် ချစ်တဲ့

သူကို လက်ဆောင်အဖြစ် ပေးချင်ပေးပါ နှောင်းရယ်။ ငါ ရင်ကွဲခံပါ့မယ်။ ဒါပေမဲ့ ငါ့ကိုယ်နဲ့ငါ့နှလုံးသား အိုးစားကွဲသွားရင်တောင် ငါ့နှလုံးသားက ထခုန်ပြီး နှောင်းကိုချစ်တယ်လို့ ရွတ်နေဦးမှာပါ"

"အဟွန်း"

နှောင်း ခပ်ဟားဟားရယ်လိုက်မိတ်။ လူတွေက ကိုယ့်အပူမှ ကိုယ်သိကြတာလေ။ နှောင်းလည်း ကိုယ့်ခံစားချက်ကိုယ်သာသိပြီး ကြယ်အတွက် ကိုယ်ချင်းစာမပေးနိုင်ပေ။ ပြီးတော့ ကိုယ့်အချစ်လောက် မနက်ရှိုင်းသေးပါဘူးဆိုတဲ့အတွေးနဲ့။

"နင်က စာရေးဆရာဆိုတော့ ပြောတတ်တယ်နော်"

"နှောင်း"

အဲဒီလိုပြောတာကျတော့ မိုးသောက် မခံနိုင်ပေ။

"ငါ ဒီစကားတွေကို ပြောနေတာ ဝတ္ထုထဲထည့်ရေးဖို့ စဉ်းစားထားတဲ့စကားတွေ မဟုတ်ဘူး နှောင်း။ ငါ့ရင်ထဲကလာတဲ့ စကားတွေပါ"

"ဟုတ်လား"

"နင်မယုံရင် စောင့်ကြည့်၊ ငါ အလုပ်နဲ့သက်သေပြသွားမှာ ပါ"

"စောင့်ကြည့်ရသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"နင် ငါ့ကို လျောင်နေတာလား နောင်း၊ အေးလေ၊ နင်က လျောင်နိုင်တဲ့အင်အားရှိနေတော့ လျောင်ပါ။ ငါ ခံစားရလို့ သေသွားပါစေ နင့်ကိုတော့ ငါ့လို မခံစားစေချင်ဘူး"

ဒါက ဘာအဓိပ္ပာယ်နဲ့ပြောတဲ့စကားလဲ။

"နင်နဲ့ကိုချို အဆင်ပြေပါစေလို့ ငါ ဆုတောင်းပေးပါတယ်"

"အဲဒီအတွက် နင် ဆုတောင်းပေးဖို့မလိုဘူး ကြယ်။ ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် လွဲသွား ကွဲသွားကြတဲ့ ချစ်သူတွေ ရှိမှာမဟုတ်ဘူး။ ငါလည်း ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ မြန်မာလူမျိုး တစ်ယောက်။ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိဘူး၊ ဒါပေမဲ့ အချစ်နဲ့ ပတ်သက်တဲ့ ငါ့ခံယူချက်ကတော့ အချစ်ဆိုတာကို အာဒံနဲ့ဝေကာစပြီး လူတွေရဲ့ နှလုံးသားထဲမှာ မွေးဖွားစေခဲ့တာ။ မြတ်စွာဘုရားက ချစ်ကြစေသတည်းလို့ မိန့်တော်မူခဲ့တာမှ မဟုတ်ဘဲ"

"လူတစ်ယောက်ကို ခံယူချက်တစ်မျိုးစီဆိုတော့ နင် ကြိုးက်သလို သဘောထားကွဲလွဲခွင့် ရှိပါတယ်။ အချစ်ကို ချစ်ကြစေသတည်းလို့ မြတ်စွာဘုရားက မိန့်တော်မူပြီး ဖန်ဆင်းပေးခဲ့တာ မဟုတ်ပေမယ့် ကိုယ့်ဆန္ဒတွေ ပြည့်ချင်တဲ့အခါ ဒီလိုပဲ ဆုတောင်းကြရတာပဲ မဟုတ်လား။ ဆုတောင်းပြည့်အောင်ဖန်ဆင်းပေးနိုင်တာက မြတ်စွာဘုရားပဲလေ။ ဆုတောင်းပြည့်ဖို့ မပြည့်ဖို့ကတော့ ကိုယ်ပြုခဲ့တဲ့ ကောင်းမှု

ကုသိုလ် အကုသိုလ်နဲ့လည်း ဆိုင်တာပေါ့"

သူတို့စကားပြောနေစဉ် အနားမှာ ကားဆိုးထိုးရပ်သွားပြီး ဆင်းလာသူတွေက –

"နောင်းဆိုတာထင်တယ်"

"ဟုတ်ပါတယ် ... ကျွန်မ နောင်းပါ။ ဝင်းဝင်းဝပ်ရွှေ့က ထင်တယ်။ ဦးဘဝင်းလွှတ်လိုက်တာမဟုတ်လား"

"ဟုတ်ပါတယ်"

ဟုတ်တယ်ဆိုတာနှင့် နောင်း ကားသော့ကိုပေးခဲ့ပြီး ကြယ့်တားနှင့် ပြန်လိုက်လာခဲ့တော့သည်။ မှားစရာအကြောင်းမရှိပါဘူး။ ဒီလူတွေကို နောင်း ဦးဘဝင်းဝပ်ရွှေ့မှာ မြင်ဖူးနေတာပဲလေ။

မချစ်ဘူးပြောပြီး ...

ရှိနေတာက အတူသွား အတူလာပါ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

"အဆုံးမဲ့ ချစ်ခြင်း"

နင် အနိုင်ယူနေသမျှ ငါပြုံးနေတာက
အရှုံးကို မြတ်နိုးလို့
မဟုတ်ဘူး
မင်းအမုန်းကို မလိုချင်လို့ပါ။
နင်လိမ်ညာခဲ့သမျှ
ငါ ခေါင်းညိတ်ပြခဲ့တာ
ငါ နံအလို့မဟုတ်ဘူး
မင်းမျက်နှာညှိုးမှာစိုးလို့ပါ။
ချစ်သူ

မင်းသာပျော်မယ်ဆို
မင်း အနိုင်ယူသမျှ
ငါ အရှုံးပေးလိုက်ပါ့မယ်။
ချစ်သူ
မင်းသာ လိမ်ညာရက်ရင်
အရာရာကို ငါ ယုံပေးပါ့မယ်။
ငှဲ့အတွက်လား
နင် ဘာမှ ထည့်တွက်ဖို့ မလိုပါဘူး။
နင့်မျက်နှာလေးသာ
မြင်နေခွင့်ရမယ်ဆို
ပေးဆပ်ကြည်ဖြူခြင်းများစွာနဲ့
ငှဲ့အသက်ကိုတောင် စတေးလို့
နင့်ကိုချစ်နေမယ့်သူပါ ချစ်သူရယ်။

ပရိသတ်ညီမလေးတစ်ယောက် ပို့ပေးတဲ့ ဒီကဗျာလေးက သူ့ကို ရည်ညွှန်းချေရေးပို့လိုက်တဲ့အတိုင်းပါပဲ။ ကိုယ့်ရင်ကို စိုက်ရိုက် ထိမှန်သည်လေ။ ကဗျာရဲ့စာသားလေးက၊ ကိုယ့်နှလုံးသားကို အပ်နှံခဲ့ပြီး နာကျင်အောင်လုပ်လိုက်သလိုပါပဲ။ ဒီလောက်တောင်ပဲ တိုက်ဆိုင်ရသလား။

www.burmeseclassic.com

www.burmeseclassic.com

ဒီကဗျာလေးက –

ကလေးကနေ နှမ်းနွယ်ဆိုတဲ့ညီမလေး ပို့ပေးတဲ့ကဗျာပါ။ သူ စာကို ဒီနေ့ရောက်လို့ ဒီနေ့ဖောက်ဖတ်လိုက်မိပါတယ်။ မနေ့က ဖြစ်တဲ့အဖြစ်အပျက်ကို သူမြင်သွားလို့ ကဗျာရေးပို့လိုက်တဲ့အတိုင်းပါပဲ။

နှောင်းရယ် –

ဒီကဗျာထဲကလိုပဲ ငါ နင့်အပေါ်မှာ အဆုံးမဲ့ချစ်ခြင်းနဲ့ ချစ်ခဲ့တာပါလေ။

နင် အနိုင်ယူသမျှ ငါ ခေါင်းညိတ်ပြီး ပြုံးနေခဲ့တာ။ ငါ အရှုံးကို မြတ်နိုးလို့ မဟုတ်ပါဘူးဟာ။ နင်မုန်းမှာကို ငါ မလိုချင်လို့ပါ။ နင် ငှါအတွက် ဘာမှ ထည့်မတွက်ပါနဲ့။ နင် စိတ်ချမ်းသာမယ်ဆိုရင် ငါ ကျေနပ်ပါတယ် နှောင်း။

လိုအပ်ရင် –

နင့်အတွက် ငှါအသက်ကိုတောင် စတေးပြီး နင့်ကိုချစ်နေမယ့်ကောင်က မိုးသောက်ကြယ်ပါ နှောင်းရယ်။

"သား"

"_____"

"သား မိုးသောက်ကြယ်"

"ဗျာ ဗျာ"

လန့်ထူး ထူးလိုက်တာ နှစ်ခွန်းဆင့်ပါ။

"ဖုန်းလာနေတယ်လေ သားရဲ့"

"သြော် ... ဟုတ်"

အခုမှ သတိဝင်လာပြီး ကြည့်လိုက်တော့ ဖုန်းသံကိုကြားပြီး ကိုင်လိုက်တာက ဖုန်းမဟုတ်တဲ့ ဘောလ်ပင်ကိုင်၊ စာအုပ်ကိုင် ဖြစ်နေလေလျှင် မိခင်ဖြစ်သူကပဲ ဖုန်းကိုယူပေးကာ –

"ရော့ ရော့ ... တကတဲ စိတ်နဲ့ကိုယ်နဲ့ မကပ်ဘူး"

လက်ထဲကို ဖုန်းရောက်လာတော့မှ –

"ဟယ်လို"

"ဟေ့ကောင် ... ငါ ဖုန်းခေါ်နေတာကြာပြီ။ ဖုန်းမကိုင်ဘဲ ဘာလုပ်နေတာလဲ"

"ရဲနိုင်လား"

"အေးလေ ... ငှါအသံတောင် မမှတ်မိဘူးလား။ ဖုန်းနံပါတ်ကိုလည်း ကြည့်ဦး ဟေ့ကောင်။ ရဲနိုင် ဖုန်းနံပါတ်မဟုတ်ဘူးလား"

"သြော် ... အေး ဟုတ်တယ်"

"ဓင်း အိပ်နေတာလား"

"မအိပ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး၊ မင်းစကားပြောနေပုံက အိပ်ရာကထလာသလို ကယောင်ကတမ်းနဲ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ မင်း ဘာပြောစရာရှိလို့လဲ ရဲနိုင်၊ ပြောကွာ"

"ငါ မင်းကိုပြောစရာရှိလို့ကွ"

"ပြောလေ"

ပြောလေဆိုတော့ ရဲနိုင်အသံတိတ်သွားလေသည်။ ပြောသင့်မပြောသင့်ကို စဉ်းစားချင့်ချိန်နေတာလား၊ ဘာစကားမို့လို့လဲ။

"ငါ ဖုန်းထဲကနေ မပြောချင်ဘူးကွာ။ ငါ့ဆီလာခဲ့ပါဆိုရင်လည်း မင်း စာရေးနေရင် လာမှာမဟုတ်ဘူး"

"အရေးကြီးလို့လား"

"မင်း အိမ်ကို ငါလာခဲ့မယ်ကွာ။ မင်းစောင့်နေ"

"အေးပါ"

"ဒါဆို ငါ ဖုန်းချလိုက်တော့မယ်"

"OK"

မိုးသောက် ဖုန်းချပြီး စာရေးစားပွဲမှာ ပြန်ထိုင်လိုက်စဉ်-

"သား"

"ဗျာ"

"သား ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး မေမေ"

ဒေါ်ဝင်းသိရိသား၏မျက်နှာကို သေသေချာချာကြည့်ပြီး အကဲခတ်လေလျှင် -

မိုးသောက် -

မျက်နှာကို ဟိုလွှဲ ဒီလွှဲ လုပ်နေမိ၏။ မိဘဆိုတာ သားသမီးမျက်နှာကို အရိပ်လိုကြည့်နေသူတွေပဲလေ။

"မညာချင်စမ်းပါနဲ့ သားရယ်။ သားကို မေမေ မွေးထားတာ။ သားမျက်နှာပေါ်က အပြောင်းအလဲကို မေမေ သိတာပေါ့"

"_____"

"သား"

"____"

"သား ဘာဖြစ်နေတာလဲ၊ မေမေ့ကိုပြောစမ်း"

မိုးသောက် သက်ပြင်းကျိတ်ချလိုက်မိသည်။ ကိုယ့်ဆီကနေ ဘယ်သူကိုပဲဖြစ်ဖြစ် အပျော်တွေကိုသာ မိုးသောက်က မျှဝေပေးချင်သူပါ။ စိတ်ညစ်မှုတွေတော့ မကူးစက်စေချင်ပါဘူး။

ဒါကြောင့် -

"သား တကယ် ဘာမှမဖြစ်ပါဘူး မေမေ။ စာရေးရတာ

www.burmeseclassic.com

www.burmeseclassic.com

ကြာလာလို့လားမသိဘူး၊ ခေါင်းထဲမှာ နောက်နေလို့ပါ''

''ဟင် ... ဟုတ်လား''

စမ်းမရတဲ့ရောဂါနဲ့ပဲ မိုးသောက် ညာလိုက်ရသည်။ သားရင်ထဲက အပူမီးတွေကို မေမေ ငြိမ်းသတ်ပေးနိုင်မှာမဟုတ်ပါဘူး မေမေရယ်။

''ဒါဆို စာမရေးနဲ့လေ သားရဲ့။ ဆေးသောက်ပြီး အနားယူမှပေါ့''

''ဟုတ်ကဲ့ပါ မေမေ''

အော်ဝင်းသီရိ စားပွဲပေါ်မှာ အပြန့်လိုက်ရှိနေသေးသည့် ကဗျာစာရွက်ကို ကောက်ဖတ်ပြီးနောက် –

''သား ဒီကဗျာက''

''ပရိသတ်ညီမလေးတစ်ယောက် ပို့ပေးတာပါ မေမေ''

''ဩော်''

ဟုတ်သားပဲ။ စာရွက်ရဲ့ ကဗျာအောက်မှာ နှင်းနွယ် (ကလေး) လို့ ပါနေတာပဲ။ သူမက သားများ သူ့ခံစားချက်ကို ရေးစပ်ထားတာလားလို့ပါ''

''ကဲပါ ... စာရေးမနေနဲ့တော့၊ အနားယူလိုက်လေ။ နော် သား''

မိုးသောက် ခေါင်းညိတ်ပြပြီး စာရေးစားပွဲမှ ထလာခဲ့တော့သည်။ စာရေးရတာ စိတ်မပါတော့တဲ့အတူတူ ရဲနိုင်ကိုပဲ စောင့်လိုက်တော့မယ်လေ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

မိုးသောက် နဖူးပေါ်လက်တင်ပြီး မျက်လုံးကို မှိတ်ကာ တွေးမိတွေးရာ တွေးနေစဉ် ဖုန်းသံမြည်လာသဖြင့် လန့်သွားပြီး ထထိုင်လိုက်မိ၏။ ဖုန်းကိုင်လိုက်တော့ –

"ဟေ့ကောင် ... ငါရောက်နေပြီ လဒရဲ့"

"ဟုတ်လား ... လာပြီ လာပြီ"

"အေး ... မြန်မြန်လာ၊ ပြောချင်တဲ့စကားတွေက တားမရ ဆီးမရ ဖြစ်နေပြီ"

"လာပါပြီကွ"

"အေး ... ပုဆိုးလည်း ကျွတ်ကျနေဦးမယ်"

"ဘောင်းဘီဝတ်ထားတယ်ကွ"

"ပြီးရော"

"ထွီ"

စကားသံဆုံးတာနှင့် ဖုန်းကချသွားလေပြီ။ မိုးသောက် ကိုယ့် အခန်းထဲကနေ ထွက်လာခဲ့တော့၏။ ရဲနိုင်နဲ့သူ မတွေ့ရတာ ကြာပြီ လေ။ အခု ပြောစရာရှိတယ်ဆိုတာ ဘာများပါလိမ့်။ ဝေဖြိုးကတော့ အိမ်ထောင်ကျသွားတဲ့ကောင်မို့ သိပ်မတွေ့ဖြစ်တော့ပေ။

ဖုန်းအခက်အသွယ်တော့ရှိတာပေါ့။

ရဲနိုင်နဲ့ကတော့ ခဏ ခဏ ဆုံဖြစ်သည်။ အခုတလောလေး မှာသာ မတွေ့ဖြစ်ကြတာပါ။

"ကဲ ... ဆိုစမ်းပါဦး"

"ငါ မဆိုခင် မင်းကို အရင်မေးရဦးမယ်"

"ဘာလဲ"

"မင်း ... နောင်းကို အခုထိ ဖွင့်မပြောရသေးဘူးလား"

တကယ် မဖြေချင်တဲ့စကားကိုမှ မေးပြီ။ ကိုယ့်အဖြစ်က လက်သီးဆုပ်တို့၊ လက်မတို့ ထောင်ပြပြီး ကြွားလို့မှ မရဘဲလေ။ ကိုယ့်အတွက် အဖြေက အနှစ်လက္ခဏာပဲဥစ္စာ။ လူတိုင်း အောင်မြင် စာကိုသာ ကြွားချင်တာ။ ရှုံးနိမ့်တာကိုကျ ပြောမပြချင်ကြဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အတွက်တော့ –

အချစ်ဆိုတာဘာလဲ။ မျှော်လင့်ချက်ရောင်ခြည် မှိတ်တုတ် မှိတ်တုတ်တောင် မသမ်းတဲ့ည။ နှလုံးသားကို ထာဝရအမှောင်ချခံလိုက် ရသည့်အဖြစ်နဲ့ ကြုံနေရတာပါ။

"ဟေ့ကောင်"

"_____"

"ပြောလေကွာ"

"ငါ နောင်းကို ဖွင့်ပြောပြီးပါပြီ"

"ဘာတဲ့လဲ"

"အနုတ်လက္ခဏာ"

"ဟင်"

ရဲနောင် မျက်ခုံးနှစ်ဖက်တွန့်တက်သွားလေသည်။ မိုးသောက် ကိုယ်တိုင် ပြောလို့သာ ယုံရမယ်။ ကိုယ့်နှားတောင် ကိုယ်မယုံချင်။ ဟုတ်ရဲ့လားလို့လေ။

ကိုယ်တွေက တစ်နေ့မှာ မိုးသောက်နဲ့နောင်း ချစ်သူတွေ ဖြစ်လာကြမယ်လို့ ယုံကြည်ထားကြတာ။

အခု ကိုယ်သိတဲ့ကိစ္စကလည်း –

မိုးသောက်နဲ့ အဆင်မပြေလို့ နောင်း ရွှဲနေသလားလို့ ပြော

ရအောင် လာခဲ့တာပါ။ အခုတော့ မိုးသောက်အတွက်က အနုတ်လက္ခဏာတဲ့။ ဟုတ်မှာပါလေ။

"နောင်းက ငါ့ကို လုံးဝမချစ်ဘူးတဲ့။ သူချစ်နေတာက အခြားတစ်ယောက်ပါ"

"နောင်းချစ်နေတဲ့သူက ဒေါက်တာနှစ်သစ်ရှိုးဆိုတဲ့လူလား"

"ဟင်"

ရဲနိုင်က မေးဆတ်ပြလေလျှင် –

"မင်းက ဘယ်လိုသိတာလဲ"

"ဒေါက်တာနှစ်သစ်ရှိုးဆေးခန်းမှာ အလုပ်လုပ်နေတဲ့ ကိုဝင်းလှိုင်က ငါ့အစ်ကိုဝမ်းကွဲပါ။ မင်းတို့က သူ့ကိုအမှတ်တမဲ့ဖြစ်နေပေမယ့် သူက ငါ့သူငယ်ချင်းဖြစ်တဲ့မင်းတို့ကို သိနေတယ်။ သူပြောပြလို့ ငါသိတာ။ နောင်းကဆေးခန်းကို ခဏ ခဏလာတယ်တဲ့။ ငါက မင်းကို စိတ်ကောက်ပြီး ရွှဲနေတာလို့ ထင်တာ"

"ငါ့ဘက်က သူဖြစ်ချင်တာမှန်သမျှ လိုက်လျောပေးနေတာပဲ။ ငါက သူ မျက်နှာညိုမှာတောင် မမြင်ချင်တဲ့ကောင်ပါ"

"အေးလေ ... အဲဒါကိုများ"

"နေပါစေ ... သူ စိတ်ချမ်းသာသလိုပဲ့။ သူ ပျော်ရယ်ဆိုခဲ့ရင် ငါ ကျေနပ်ပါတယ်။ ငါက ငါ့ကိုယ်ငါအချစ်ကံခေတဲ့သူလို့ပဲ

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်လိုက်ပါပြီ။ တကယ်တော့ ငါက သံတစ်ချောင်းနေရာယူဖို့ အတွက် ကိုယ့်နေရာကို ဖယ်ပေးလိုက်ရတဲ့ သစ်သားစတစ်ခုပါ။ နှောင်းအတွက် ဘာမှတန်ဖိုးမရှိတဲ့ လူတစ်ယောက်ပါကွာ''

ရဲနိုင် ခေါင်းခါလိုက်မိ၏။ နှောင်း ဘာလို့ အတွေးချော်နေတာလဲ။ ဒေါက်တာနှစ်သစ်ချို ချောတာကို သူစိတ်ဝင်စားခဲ့တာလား။ လူဆိုတာ အဆင်းလှဖို့ထက် အချင်းလှဖို့ပဲလိုတာလေ။ မိုးသောက်ရဲ့ ကြင်နာယုယမှုတွေကို သူ ဘာလို့ မခံစားတတ်တာလဲ။ မိုးသောက် သူ့အပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ သူမသိဘူးလား။

ဒီလောက် လူချင်းနီးနေတာ –

မိုးသောက်ရဲ့စိတ်နဲ့ နှလုံးသားက အချစ်ကို သူ ရင်းနှီးမှု မရှိဘူးလား။ အမေကျော်ပြီး ဒွေးတော်လွမ်းချင်တာ။ တကယ်လို့ ဒေါက်တာနှစ်သစ်ချိုနဲ့သူ ချစ်သူဖြစ်ခဲ့ရင်တောင် ဒေါက်တာနှစ်သစ်ချိုက သူ့ကို တကယ်ချစ်လိမ့်မယ်လို့ ထင်နေသလား။ ဒေါက်တာနှစ်သစ်ချိုက မျက်နှာများသည်တဲ့လေ။

''မိုးသောက်''

''_ _ _ _ _ _ _''

''မင်း ဒီလိုအရှုံးပေးပြီး ငြိမ်နေတော့မှာလား''

''ငြိမ်မနေလို့ ထခုန်ရင် ခြေထောက်နာရုံပဲ ရှိမှာပေါ့ကွ။

သူက ငါ့ကိုမချစ်ပါဘူးလို့ အပြတ်ပြောပြီးပြီပဲဥစ္စာ''

''ဒါဆို မင်း ဘယ်လိုရှေ့ဆက်မလဲ''

''ငါက ပေးဆပ်ခြင်းနဲ့ ချစ်နေမယ့်ကောင်ပါ''

''ကျွတ်''

တကယ်ပြောမစ်လိုက်ချင်တာက သေလိုက်လို့လေ။ ဒါပေမဲ့ မပြောရက်ပါဘူး။ တော်ကြာ မိုးသောက် ပိုပြီးခံစားနေရမှာစိုးလို့ပါ။ သူ နှောင်းအပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ်တင်မဟုတ်ပါဘူး သူငယ်ချင်းတွေအားလုံး သိနေတာပဲလေ။

''မင်း ဘယ်လောက်အထိ ပေးဆပ်မှာလဲ''

''အသက်ကို စတေးရင် စတေးရပါစေ သူ့ပျော်မယ်ဆို ငါက ပေးဆပ်ဖို့အဆင်သင့်ပါ''

''မင်း အဲဒီလောက်အထိ မရူးသွပ်နဲ့ မိုးသောက်။ ငကန်းသေရင် ငဆွေပေါ်တယ်။ လွှတ်ထားလိုက်၊ မင်း ဘာမှအနစ်နာမခံနဲ့။ တစ်နေ့ မင်းရဲ့မေတ္တာတွေ စူးရှလာလိမ့်မယ်''

အဲဒီလိုကြိုးမဖြစ်ပါစေနဲ့။ နှောင်းကို အဲဒီလို အတုံအလုည့်တွေရဲ့ဒဏ်ကို မခံစားစေချင်ပါဘူး။ အချစ်ကို အချစ်လို့ပဲမြင်ပြီး ကိုယ့်ရင်ထဲမှာတော့ ဘာအားယားတမှမရှိပေ။

ငါ့အသည်းများလည်းကွဲကာ ကြွေကာ ပျက်ပြီးတော့ ×××

www.burmeseclassic.com

www.burmeseclassic.com

နှင်လည်း တစ်ပါးသူအချစ်မှာ ပျော်နိုင်ပြီပေါ့နော် ××× ငါနဲ့ ချစ်နေစဉ်မှာ တခြားသူအကြင်နာရအောင် ယူလှည့်စားနေသူဟာ မင်းပါပဲနော် ××× သူနဲ့ အနမ်းများပေးတာ ဘယ်နှစ်ကြိမ်လဲ ပြော ×××

မိုးသောက် ဖုန်းလာနေတာမို့ ဖုန်းကို ကိုင်လိုက်ကာ –

''ဟယ်လို''

''ကြယ် နင် အခု ဘာလုပ်နေတာလဲ''

''ဘာမှမလုပ်ပါဘူး ဘာဖြစ်လို့လဲ''

''စာမရေးဘူးလား''

''မရေးပါဘူး''

''အဲဒါဆို နင် ငါ့ဆီကိုလာခဲ့ဦး''

''ဘာလဲ ခိုင်းစရာရှိတော့ ငါ့ကိုသတိရပြီလား''

''နင်ကလည်း အဲဒီလိုတော့မပြောပါနဲ့၊ နင်က ငါ့သူငယ်ချင်းပဲ ဥစ္စာ။ ဘာလဲ နင်က လုပ်မပေးချင်ဘူးလား''

''ငါက နင်နဲ့ သူငယ်ချင်းမှ မဖြစ်ချင်တော့တာ''

''ကြယ်''

''_____''

''ရတယ်လေ၊ သူငယ်ချင်းမဖြစ်ချင်တော့ဘူးဆိုရင်လည်း နေပေါ့။ အခုကစပြီး နင်နဲ့ငါ သူစိမ်းဖြစ်သွားပြီ''

''ဟာ ... ဟော့နောင်း ... နေဦး ဖုန်းမချနဲ့နော်''

နောင်း စိတ်ကောက်ပြီး ဖုန်းချမှာစိုးတာနဲ့ မိုးသောက် ပျာပျာသလဲ တားလိုက်တော့ ရဲနိုင်က နှုတ်ခမ်းမဲ့မဲ့လေးသည်။ မခံစားဖူးလို့ကိုယ်ချင်းမစာဘူးပဲ ပြောပြော၊ ကိုယ်လည်း ချစ်ဦးသူနဲ့ လွဲခဲ့ဖူးတာပဲလေ။ သူကမှမကြောင်ရင် ကိုယ်ကရော ဘာလို့ ခင်တွယ်နေရဦးမှာလဲ။

ဒါကိုများ –

အလျှော့ပေးနေလိုက်တာ။ မိုးသောက်လည်း ဒေါက်တာနှစ်သစ်ချီလောက် ယူနည်းနေအောင်မချောပေမယ့် ပျိုတိုင်းကြိုက်တဲ့ နင်းဆီခိုင်ပါ။ ကိုယ်သာ သူ့နေရာမှာဆိုရင် နှောင်းထက်သာတာကို ရှာပြီး ကိုယ့်ကို ဂရုမစိုက်တဲ့သူကို လှည့်ကြည့်မှာမဟုတ်တော့ပေ။

''ငါပြောတာက သူစိမ်းဖြစ်ဖို့မဟုတ်တာ''

''နင့်ကိုငါ အပြတ်ပြောထားပြီးသားနော် ကြယ်။ နောက်ထပ် ဒီစကားမျိုးတွေ ငါ မကြားချင်ဘူး''

''အေးပါ ... နင် အခု ငါ့ကို ဘာခိုင်းမလို့လဲ ပြော''

''အဲဒီလို လုပ်စမ်းပါ သူငယ်ချင်းလေးကလည်း''

မဆီမဆိုင် လက်ပံပင် ဓားနဲ့ချိုင်းဆိုသလို နောင်းရဲ့ ချွဲတီချွဲကဲနဲ့ ရယ်သံကိုကြားပြီး ရဲနိုင်ကြားထဲက ဒေါသထွက်မိသည်သာ။

www.burmeseclassic.com

www.burmeseclassic.com

ခိုင်းဖို့ကျတော့ သတိရပြီး ကိုယ်ခိုင်းတိုင်း လုပ်ပေးနေတဲ့ သူကိုချစ်ဖို့ကျတော့ မချစ်နိုင်ဘူးတဲ့လား။

"ဒီမှာ ငါ့ကားကို ကိုထူးယူသွားလို့၊ ဖေဖေခိုင်းထားတဲ့ အလုပ်ကိစ္စကြောင့် သွားရတာဆိုတော့ ပေးလိုက်ရတယ်။ အဲဒါ ငါ အပြင်သွားစရာရှိလို့ လိုက်ပို့ဦးနော်"

"ကိုချို့ဆေးခန်းကိုလား"

"မဟုတ်ပါဘူး"

"မဟုတ်ရင်ပြီးရော ငါ အခုလာခဲ့မယ်"

"Ok ဒါပဲနော်"

ရဲနိုင် ခေါင်းဆိလိုက်မိပြီး –

"တစ်တုံးကုန်လည်း ချီးတုံးမှန်းမသိ၊ နှစ်တုံးကုန်လည်း ချီးတုံးမှန်းမသိဆိုတာ မင်းလိုကောင်မျိုးကိုပြောတာ"

"ဘာ"

"ဟုတ်တယ်လေ၊ မင်းက အခု ဘာနဲ့တူနေသလဲသိလား။ ငါပြောမယ့်စကားကိုမှတ်ထား။ မင်းအတွက် ကုန်ကြမ်းဖြစ်သွားနိုင်တယ်"

"ဘာလဲ"

"မင်းက အိမ်သာတစ်လုံးနဲ့တူနေတာလေ။ ဝိုက်နာတုန်းက

တော့ ကမန်းကတမ်းဝင်လာပြီး ပြီးရင် ပြန်ထွက်သွားတာ လှည့်မကြည့်တော့ဘူး"

"မင်းစကားကလည်း တော်ပြီကွာမပြောနဲ့တော့။ ငါသွားလိုက်ဦးမယ်။ မင်းလည်းပြန်တော့"

"တော်တော် ဝင့်ကြွားတဲ့ကောင်ပဲ"

ကိုယ်က နောင်းနဲ့ နှစ်သစ်ချို ပတ်သက်နေကြောင်း ပြောဖို့ လာခဲ့တာ။ အခု သူက အပြတ်ငြင်းတာ ခံထားရတယ်ဆိုတော့ မယောင်ရာနန္ဒင်းလူးပေးသလိုတော့ အဖြစ်မခံတော့ပေ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

နှောင်း ... ဖန်ပန်းအိုးလေးတစ်လုံးနှင့် အစစ်မဟုတ်သော နှင်းဆီပန်း အနီရဲရဲတွေကို ဝယ်လေလျှင် –

"နှောင်း"

"ဟင်"

"နင် အရေးတကြီး အပြင်သွားစရာရှိတယ်ဆိုတာ ဒါတွေ ဝယ်ဖို့လား"

"အင်း ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

မိုးသောက် ခေါင်းကုတ်လိုက်မိတော့တ၏။ ကိုယ်ကတော့ တော်တော်များ အရေးကြီးသလားလို့ လိုက်လာခဲ့တာ။ ဒါ ဝယ်တာများ

ဘယ်အချိန်ပဲဝယ်ဝယ် ရတဲ့ကိစ္စကို၊ စိတ်ကတိုသွားတာနှင့်–

"ဒီလောက် အရေးတကြီးလာဝယ်ရအောင် ဘာလုပ်ဖို့လဲ"

နှောင်းက ပန်းအိုးလေးကို လှည့်ပတ်ကြည့်ကာ –

"ကိုချို့ဆေးခန်းမှာ ထားပေးမလို့လေ။ သူထိုင်တဲ့စားပွဲမှာ ဘာပန်းအိုးမှ မရှိလို့"

"ဩော်"

ကိုချိုနဲ့ပတ်သက်ပြီး နှောင်းက အရာရာမှာ သိတတ်နေတာလား။ ကိုယ်နဲ့ကျတော့ ဥပေက္ခာပြုတဲ့နေရာမှာ ပထမဆုရလောက်အောင်ပါပဲ။ မနာလိုဖြစ်မယ့်အစား –

"အဲဒါဆို အနီမဝယ်နဲ့လေ အဖြူဝယ်ပါလား"

"အဖြူဆိုရင် အစွန်းအထေးမခံမှာစိုးလို့ ကြယ်ရဲ့"

"အဖြူရောင်က မျက်စိအေးတယ်လေ။ စွန်းသွားရင် ထပ်လဲထပ်ပြီးကျေးဇူးအတင်ခံရတာပေါ့"

"ဘာလဲ ... နင်က ငါ့ကိုရွဲတာလား"

"မရွဲပါဘူးဟာ၊ ငါက တကယ်ပြောတာပါ"

"ပြီးတာပဲ"

နှောင်း ဟိုဘက်ပြန်လှည့်ပြီး ပိုက်ဆံရှင်းနေစဉ် –

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက် နောင်းကိုစောင့်ရင်း ဆိုင်အပြင်ဘက်သို့ ကြည့်မိလိုက်စဉ် ကိုချိုဖြတ်သွားတာကိုမြင်လိုက်ပြီး –

"နောင်း"

"ဟင်"

"ကိုချို"

"ဘယ်မှာလဲ"

"ဓာတ်ဆောကပဲ ဒီဆိုင်ရှေ့ကနေ ဖြတ်သွားတာ"

"ဟုတ်လား"

နောင်း ချက်ချင်းပဲ ဆိုင်ထဲကနေထွက်သွားလေတော့ မိုးသောက်လည်း နောက်ကနေလိုက်ရသည်သာ။ ဒါမျိုးကျ လျင်လိုက်တဲ့ခြေထောက်။

"ကိုချို"

"_____"

"ကိုချို"

"ဟင်"

ခေါ်သံကြားလို့ နောက်ကိုပြန်ကြည့်ပြီး နောင်းကိုမြင်သွားလေတော့ ကိုချို မျက်နှာပျက်သွားလေသည်။ ပြီးမှ အမူအရာကို ပြန်ထိန်းပြီး ပြုံးလိုက်ကာ –

"နောင်းပါလား။ ဟင် ... မိုးသောက်လည်း ပါလာတာကိုး"

"ဟုတ် ... နောင်းကားက အိမ်မှာမရှိလို့ ကြွေယ်ကိုခေါ်လာတာပါ ကိုချို"

"ညော်"

ဖြေရှင်းလိုက်တာ မိုးသောက်နဲ့အထင်လွဲမှာစိုးလို့ ထင်ပါရဲ့။ ဟာပျာသလဲနှင့်ပါ။ နောင်းရဲ့အကြည့်က ကိုချို့ဘေးမှာရပ်နေသူဆီသို့ ရောက်သွားလေလျှင် အံ့သြရိပ်ထင်သွားပြီး မျက်နှာပျက်ချင်ချင်ပါ။ ဝင်းစက်မှန်ညက်နေအောင်လှပသူလေးပါ။ ပါးလေးဖောင်းဖောင်းနှင့် ကိုယ်လုံးကိုယ်ထည် အချိုးအဆစ်ကလည်း ဆိုစရာမရှိအောင် လှပနေသည်။

ပြီးတော့ –

မျက်နှာက တည်ငြိမ်အေးချမ်းမှုတွေအပြည့်နဲ့ပါပဲ။ ကိုယ်နဲ့စကားပြောနေလို့ မျက်နှာပျက်သွားသည်လည်းမရှိပေ။

"သူငယ်ချင်းတွေ ဘာလာဝယ်ကြတာလဲ နောင်း"

"ဒီမှာ ပန်အိုးနဲ့ပန်း လာဝယ်တာလေ။ ကိုချို့ဆေးခန်းမှာ ထားပေးမလို့"

ကိုယ်နဲ့ပတ်သက်မှုရှိကြောင်း တစ်ဖက်လူသိအောင် မလျှာပ် တိုင်တက်ပြလိုက်ပေမယ့် တစ်ဖက်လူက ပကတိတည်ငြိမ်နေလျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကိုချို့ချစ်သူတွေ ဘာတွေဆိုရင်တော့ သဝန်တိုမှာပေါ့။

"ဟုတ်လား ... ကောင်းတာပေါ့။ အခုလို လိုအပ်တာကို ကြည့်ပြီး ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒီလူနဲ့ဒီလူ ကျေးဇူးတင်စရာလိုလို့လား ကိုချို့ရဲ့"

"ဒါနဲ့ သူက ဘယ်သူလဲကိုချို့။ အရမ်းလှတာပဲနော်"

သိချင်စိတ်ကို မမျိုသိပ်နိုင်တာနှင့် သွယ်ဝိုက်နည်းနဲ့ မေးဖစ်လိုက်တာပါ။ ကိုချို့က သူမကို ပြန်ငဲ့ကြည့်ပြီး –

"သူနာမည်က ချစ်နန္ဒာအောင်တဲ့၊ ဒေါက်တာချစ်နန္ဒာအောင်ပေါ့၊ ချစ်"

"_____"

"မှတ်ထားနော်၊ သူနာမည်က နှောင်းသွဲ့လေညင်းတဲ့"

ခေါ်ပုံကြီးကလည်း ခဲ့ချစ်တဲ့။ ဘယ်လိုကြိုးပါလိမ့်။ နှောင်းစိတ်ထဲကနေ သဝန်တိုမိပေမယ့် သူက ပြုံးပြတော့ ပြန်ပြုံးပြလိုက်ရသည်သာ၊

"တွေ့ရတာ ဝမ်းသာပါတယ်၊ နှောင်းသွဲ့လေညင်း"

"ဟုတ်ကဲ့ ... နှောင်းလည်း ဝမ်းသာပါတယ်"

"ကဲ ... ကိုကို"

"ဟင်"

"ချစ်တို့သွားရအောင်လေ"

"အင်း ... နှောင်း၊ မိုးသောက် ... ကိုယ့်ကို သွားခွင့်ပြုဦးနော်"

"ဟုတ်ကဲ့ ကိုချို့"

နှောင်းက ခေါင်းမည်တ် ခေါင်းမခါမို့ မိုးသောက်ပဲ ဟုတ်ကဲ့လိုက်ရသည်။ ကိုချို့တို့ထွက်သွားလေတော့ –

"ခေါ်ပုံကိုက ကိုကိုတဲ့၊ ချစ်တဲ့။ အမြင်ကတ်ဖို့ကောင်းလိုက်တာ။ ဟိုမိန်းမက တော်တော်လှတော့ ငါ့ကိုတောင် ဂရုမစိုက်တော့ဘူး ... အဟင့်"

"ဟာ ... နှောင်း"

စကားအဆုံးမှာ နှောင်း ဝိုလေတော့ မိုးသောက် ပျာပျာသလဲဖြစ်သွားလေတော့သည်။

"နှောင်း ... မငိုနဲ့လေ၊ သူများတွေမြင်ရင် ရှက်စရာကြီး"

"မရှက်ဘူး ငိုမှာပဲ၊ ငါကတော့ သူကိုချစ်လိုက်ရတာ၊ ဂရုစိုက်လိုက်ရတာ။ သူကတော့ ငါ့ကို ဂရုမစိုက်ဘူး ... အဟင့် ဟင့်"

"ကျွတ်"

မိုးသောက် ဘယ်လိုပြောပြီး ချော့မြွေနမ်းမသိဘဲ ခေါင်းကိုသာ ကုတ်လိုက်မိတော့သည်။ သူ ကိုချို့ကိုပဲ မြင်လိုက်လို့ နှောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ပြမိတာပါ။ ဟိုတစ်ယောက်ပါလာမှန်းသိရင် နှင့်ကိုငါ မပြလိုက်ပါဘူး နှောင်းရယ်။ နင် တော်တော် ခံစားသွားရလား နှောင်း။

ငါ့ရင်ထဲမှာလည်း နင်နဲ့ထပ်တူထပ်မျှပဲဆိုတာ ရင်ခွဲပြလို့ရရင် ရင်ခွဲပြီးပြလိုက် ချင်ပါတယ်။ နှောင်းက ကိုချို့ကို ချစ်သလို ကိုယ် ကလည်း နှောင်းအပေါ် ဘယ်လောက်ချစ်တယ်ဆိုတာကိုပေါ့။

''မငိုပါနဲ့ နှောင်းရယ်။ နင်ငိုတော့ ငါ မနေတတ်ဘူးဟာ''

''ငါ့ဘာသာ ငိုတာ နင့်မျက်လုံးဌာနရလို့လား။ မနေတတ်ရင် ငါ့အနားမှာမနေနဲ့ သွား''

''နှောင်း''

နှောင်းက သူ့ရင်ဘတ်ကို တွန်းလွှတ်လေတော့ မိုးသောက် ရှက်တော့ ရှက်သွားမိသည်လေ။ အချို့တွေက ကွက်ကြည့်ကွက်ကြည့် နဲ့ဖို့ပါ။

''ကဲပါ ... နင်ငိုတာကို ငါမတားတော့ပါဘူး၊ ဒါပေမဲ့ ဒီမှာ ရပ်ငိုမနေနဲ့၊ လူမြင်လို့ မကောင်းဘူး။ လာ သွားရင်းလာရင်းနဲ့ငို''

ပြောရင်းပဲ မိုးသောက် နှောင်းလက်ကို ဆွဲခေါ်လာခဲ့တော့ သည်။ ဩော် ... အချစ် အချစ်။

တကယ်ကို ပူလောင်ပါလားနော်။

❐ ❐ ❐

အခန်း (၁၆)

ကြယ်တဲ့။

အမြင်မှာ ငယ်သလိုထင်ရပေမယ့် နှလုံးသားက ကြီးမြတ်လှ ပါတယ်။ လရောင်ထိန်ထိန်သာနေတုန်း ကြယ်ရဲ့တန်ဖိုးကို မသိကြ ပေမယ့် လမင်းကွယ်ပျောက် သန်းခေါင်ရောက်တဲ့အချိန်မှာတော့ ကြယ်တွေကို မော့ကြည့်ရင်း လမ်းပြခိုင်းကြတာပဲလေ။ အခုအချိန်မှာ တော့ –

ကိုချို့က နှောင်းအတွက် နေမင်းကြီးပါပဲ။ ကိုယ်က သူ့ဘဝ ထဲမှာ မလိုအပ်ဘူးပေါ့။ နှင်ပျော်စေရပါ့မယ် နှောင်းရယ်။

''တီးတောင် တီးတောင်''

www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"တီးတောင် တီးတောင်"

လူခေါ်ဘဲလ်နှိပ်သံကြောင့် ကိုချို စာဖတ်နေရာမှ ခေါင်းမော့လိုက်ကာ –

"မာမာ မာမာ"

"____"

"မာမာ"

"ရှင် အစ်ကိုလေး"

"ခဏလာပါဦး"

"ဟုတ်ကဲ့"

မာမာက ပြေးထွက်လာလေလျှင် –

"ခြံရှေ့မှာ ဘယ်သူလဲမသိဘူး၊ တံခါးသွားဖွင့်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့"

မာမာထွက်သွားပြီး ခဏအကြာမှာ ကားတစ်စီးဝင်လာသဖြင့် ဘယ်သူများလဲလို့ အိမ်ဝကိုသာ ကိုချို ကြည့်နေမိသည်။ ဒီနေ့ သူ ဆေးခန်းကို မသွားပေ။ ချစ်နဲ့အပြင်ထွက်ပြီး လျှောက်လည်ဖို့ ချိန်းထားသည်လေ။

ချိန်းထားတဲ့အချိန် မရောက်သေးလို့ သူမသွားသေးတာပါ။

ဟော ... ခြေသံကြားပြီ –

ဘယ်သူပါလိမ့်။

"ဟင်"

လူလုံးမြင်လိုက်ရတော့ ကိုချို အံ့သြသွားလေသည်။

"ကိုချို"

"မိုးသောက်ပါလား လာထိုင်ကွာ"

"ဟုတ်"

"မာမာရေ ... ည့ည့်သည်အတွက် တစ်ခုခုစီစဉ်ပေးပါဦး"

"ဟုတ်ကဲ့ ... အစ်ကိုလေး"

"နေပါစေ ရပါတယ် ကိုချို။ ကျွန်တော် ဘာမှမသောက်တော့ပါဘူး။ အိမ်မှာ ကော်ဖီသောက်လာခဲ့ပြီးပါပြီ"

မိုးသောက်ကနေပါစေဆိုတော့ မာမာလည်း ထွက်သွားလေတော့သည်။

"မိုးသောက် ... ကိုယ့်ဆီမလာစဖူးလာတာ ကိစ္စရှိလို့လား"

လာတုန်းကလာခဲ့ပြီး အခုရောက်တော့ ဘယ်ကစပြီး ဘာပြောရမှန်းမသိပေ။ မပြောတတ်လို့တော့ မဟုတ်ပါဘူး။ ဒါကြောင့် လက်ဝါးနှစ်ဖက်ကိုသာ ဖိပွတ်ရင်း –

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ... ကိစ္စရှိတယ်လို့ပဲ ပြောရမှာပေါ့"

"ဒါဆိုပြောလေ"

"ဟို ... ကိုချို့ကို ကျွန်တော် တောင်းပန်စရာရှိလို့ပါ"

"ဟင် ... မင်းက ဘာအမှားလုပ်မိလို့ ဘာကိုတောင်းပန်မှာလဲ။ မင်းနဲ့ ကိုယ့်ကြားမှာ တောင်းပန်တာတွေ၊ ခယတာတွေဖြစ်ဖို့ စာအကန့်မှမရှိဘူးလေ"

"ဟုတ်ပါတယ် ကိုချို့၊ ကိုချို့နဲ့ ကျွန်တော့်ကြားမှာတော့ ဘာအကန့်မှမရှိပါဘူး။ အခု ကျွန်တော်ပြောချင်တာက နှောင်းနဲ့ ပတ်သက်ပြီးတော့ပါ"

"နှောင်း"

မေးပြီး ကိုချို့ မျက်မှောင်ကြုတ်သွားလေတော့ မိုးသောက် ခေါင်းညိတ်လိုက်မိသည်။ ကိုယ်က မိန်းကလေးဘက်ကနေလာပြီး ပွင့်ပွင့်လင်းလင်းပြောဖို့တော့ မကောင်းပါဘူး။ မိန်းကလေးဘက်က သိက္ခာကျမှာလေ။ မပြောဘဲနေရင်လည်း နှောင်း စိတ်ညစ်နေမှာကို စိုးပါသည်။ ဒီတော့ အရိပ်လောက်ပဲပြောရမှာပေါ့။

နှောင်းက ကိုချို့ကို ချစ်နေပါတယ်။

နှောင်းကို စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့၊ သူကို ပြန်ချစ်လိုက်ပါလို့ ပြောလို့တော့ ဘယ်ဖြစ်မှာလဲ။

"နှောင်း ဘာဖြစ်လို့လဲ မိုးသောက်"

"ကျွန်တော် နှောင်းကို စိတ်မဆင်းရဲစေချင်ဘူး ကိုချို့။ ကိုချို့နဲ့ပတ်သက်ပြီး နှောင်း ခံစားရမှာမိုးလို့ပါ။ နှောင်းက ကိုချို့ကို အရမ်းခင်နေတော့လေ"

"သူ့ရဲ့ခင်မင်မှုကို ကိုယ် အသိအမှတ်ပြုထားတာပဲလေ မိုးသောက်ရဲ့။ သူ ဆေးခန်းလာရင်လည်း လက်ခံစကားပြောပေးနေတာပဲ။ သူ ပူဆာတာရှိရင်လည်း တတ်နိုင်သလောက် လုပ်ပေးတယ်။ သူ စိတ်ဆင်းရဲရလောက်အောင် ကိုယ် ဘာမှ မလုပ်မိဘူးလေ"

"ကိုချို့ကတော့ ဘာမှမလုပ်မိပါဘူး။ ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"ဟို ဘာမှမဖြစ်ပါဘူး။ ကျွန်တော်က မိုးရိမ်လွန်နေတာပါ။ နှောင်းက ကိုချို့ကို အရမ်းခင်တာဗျ။ သူက သူ့ အရမ်းခင်တဲ့သူ၊ သူများကို သူထက်ပိုပြီး ဂရုစိုက်ရင် ဝမ်းနည်းတတ်လို့ပါ"

"ဗြဲ့"

ကိုချို့ သဘောပေါက်သလို ရှိနေပါပြီ။ မိုးသောက် ဒီလို ပြောပုံထောက်တော့ နှောင်းက သူ့ကို ရန်ဖွဲ့ထားတာ တစ်ခုခုရှိနေလို့ ပဲဖြစ်မှာပေါ့။ ချစ်ကိုမြင်ပြီး နှောင်း အားငယ်ဝမ်းနည်းသွားတာလား။

"နှောင်းက သူ့အိမ်မှာ တစ်ဦးတည်းသောသမီးပါ ကိုချို့

www.burmeseclassic.com

www.burmeseclassic.com

သူ့အိမ်မှာ အလိုလိုက်ခံထားရသလို သူငယ်ချင်းတွေကလည်း သူ့ကို ချစ်တော့ အလိုလိုက်ကြပါတယ်။ အဲဒါကြောင့် ကိုချို့နဲ့လည်း သူက ဆိုးချင်ဆိုးမယ်။ အဲဒါကို ကိုချို့ နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်''

''ကိုယ်လည်း သူ့ကိုခင်ပါတယ်''

''ကျေးဇူးတင်ပါတယ် ကိုချို့''

''ဟင်''

နှစ်ယောက်သား စကားပြောနေတဲ့ကြားမှာ ကိုချို့ဖုန်းက အသံမြည်လာသဖြင့် ကိုချို့ ဖုန်းကို ကောက်ကိုင်လိုက်ကာ –

''မယ်မင်းကြီးမ အသက်ရှည်ဦးမယ်''

ပြောပြီး မိုးသောက်ကိုကြည့်ကာ –

''နှောင်းဆက်တာလေ''

''ဩော်''

''ဟယ်လို ... ပြော နှောင်း''

''ကိုချို့ ဒီနေ့ ဘာလို့ ဆေးခန်းမဖွင့်တာလဲ၊ ဘာဖြစ်လို့လဲ ဟင်။ ကိုချို့ကို ဆေးခန်းမှာမတွေ့လို့ နှောင်း စိတ်ပူနေတာ''

''ဟုတ်လား၊ စိတ်မဲပူပါနဲ့ ... ကိုချို့ ဘာမှမဖြစ်ဘူး။ ဒီနေ့ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာသွားစရာရှိလို့ပါ''

''အရေးကြီးလို့လား''

''ဆိုပါတော့''

သူတို့နှစ်ယောက် စကားပြောနေပြီဆိုတော့ နှောင်းအတွက် လာပြောပေးတဲ့ ကိုယ့်မျက်နှာက ဘယ်ထားရမှန်းမသိတော့ပေ။ သူ လာခဲ့တဲ့ကိစ္စ နှောင်းသိလို့မဖြစ်ပါဘူး။ သိသွားရင် မျက်နှာမရ ခြေထောက်ရဖြစ်နေမှာစိုးလို့လေ။ ကိုယ်ကတော့ အဖြည့်ခံသက်သက် ဘဝနဲ့ နှောင်း စိတ်ချမ်းသာဖို့ တစ်ခုကလွဲပြီး ဘာမှ မစဉ်းစားမိဘဲ လာခဲ့မိတာပါ။

အခုမှ ပြန်တွေးကြည့်တော့ ရုက်ဖို့ကောင်းလိုက်တာ။ ကိုယ် ဒီလိုတွေလာပြောမိတဲ့အတွက် ကိုချို့များ ကိုယ့်စိတ်ကို ရိပ်မိလေ မလား။ ကိုချို့ရိပ်မိလို့ မဖြစ်ပါဘူး။

''ကိုချို့''

''ဟင်''

''ကိုချို့ကို နှောင်း မေးစရာရှိတယ်၊ မေးလို့ရမလားဟင်''

''ဘာမေးမှာလဲ မေးလေ''

''တို့ ချစ်ဆိုတာက ကိုချို့နဲ့ ဘယ်လိုပတ်သက်နေတာလဲ ဟင်''

ကိုချို့ တွေခနဲဖြစ်သွားလေတော့သည်။ ဘယ်လိုဖြေရမလဲ။ မိုးသောက်က စောစောကပဲ ကိုယ့်ကိုတောင်းပန်နေသည်။ နှောင်းကို

www.burmeseclassic.com

www.burmeseclassic.com

စိတ်မဆင်းရဲစေချင်ဘူးတဲ့။ သူ့ရှေ့မှာ အမှန်ဖြေလို့ ကောင်းပါ့မလား။ ကိုယ် အမှန်ဖြေလိုက်ရင် နှောင်း ခံစားသွားရနိုင်သည်လေ။ လိမ်ညာပြီးဖြေလိုက်ရင်လည်း –

တော်ကြာ ...

အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ ပေါက်နေရတာမျိုးလည်း ဖြစ်မှာ စိုးပါသည်။ ဘယ်လိုလုပ်ရပါ့မလဲ။ အရင်တုန်းက သူ ရည်စားထည်လဲ တွဲခဲ့တာမှန်ပေမယ့် အခု တည်ငြိမ်ရင့်ကျက်သင့်နေပြီလေ။ ပြီးတော့ ကိုယ် တကယ်ချစ်တဲ့သူနဲ့ လက်တွဲသင့်တဲ့အရွယ်ဆိုတော့ –

"ကိုချို"

"ဟင်"

"နှောင်း မေးတာကိုဖြေဦးလေ ကိုချိုရဲ့"

"ဩော် ... အင်း ဟိုဟာလေ။ ချစ်က ကိုချိုရဲ့သူငယ်ချင်းပါ နှောင်းရဲ့"

"ကိုချို တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒါဆို ကိုချို သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတယ်ဆိုတာ ချစ်နဲ့လား"

"မဟုတ်ပါဘူး နှောင်းရဲ့။ နှောင်းက ဘာကိုစိုးရိမ်နေတာလဲ"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး။ ဒါဆို နှောင်း ဖုန်းချလိုက်တော့မယ်နော် ကိုချို"

"Ok ... Ok"

နှောင်း ဖုန်းချသွားပြီးနောက် ကိုချို မိုးသောက်ဘက်သို့ လှည့်လိုက်ကာ –

"ငကျနော်တယ်မဟုတ်လား မိုးသောက်"

"ဗျာ"

"အခုတော့ မင်းတောင်းပန်လို့ သူစိတ်ချမ်းသာအောင် ငါ အလိုက်အထိုက် ပြောလိုက်တာပါ။ တစ်နေ့ ငါ မင်းကို ပြန်ပြီး တောင်းပန်ရလိမ့်မယ်။ အဲဒီအခါကျရင် မင်း ငါ့ကို ခွင့်လွှတ်နိုင်အောင် ကြိုးစားထားပါ။ မင်းက စာရေးဆရာတစ်ယောက်ပဲ၊ ငါ ဘာကို ဆိုလိုတယ်ဆိုတာ သိမှာပါ"

သိတာပေါ့။ သိလို့ မိုးသောက် တွေဝေသွားလေသည်။ အစကတည်းက ငါ ဘာလို့ မစဉ်းစားခဲ့မိပါလိမ့်။ လာခဲ့မိတာ မှားပြီလို့ သိလိုက်ချိန်မှာ နှောင်းအတွက် စိတ်မကောင်းလိုက်တာ။ ဒီတစ်ခါတော့ မိုးသောက် မှားသွားပါပြီ။ ငါ့ရဲ့စေတနာတွေက နှင့်အတွက် ဝေဒနာတွေ ထုပ်ပိုးပေးသလိုဖြစ်ပြီ နှောင်း။ ငါ ဘာလုပ်ရမလဲ။

ဒဏ်ရာတစ်ခုကို ...

www.burmeseclassic.com

www.burmeseclassic.com

နှုန့်နှုတ်နိုး ရအောင်မကုတဲ့ အချိန်ခွဲပြီး ရောဂါရင့်မှ ဟိုပြေး ဒီပြေးလုပ်ပေးရမယ့်အဖြစ်နဲ့များ ကြုံမလား။ ငါမှားခဲ့တာ နှင့်အတွက် စေတနာအမှားမို့ နင် စေလိုရာစေ၊ သေဆိုရင်တောင် ငါ သေပေးပါ့မယ် နှောင်းရယ်။'

''မိုးသောက်''

''_____''

''တဲကယ်ဆိုရင် မင်း ငါ့ကို ခိုင်းသင့်တာက နှောင်း ငါ့ကို စိတ်နာပြီး မုန်းသွားအောင် လုပ်ခိုင်းသင့်တာပါ။ အခု အဲဒီလို မဟုတ်တော့ စာရေးဆရာမို့လို့ လေးစားတာထက် မင်းကိုငါ ပိုပြီး လေးစားသွားပါပြီ''

ကိုချို မိုးသောက်ရဲ့စိတ်ကို ဖတ်လို့ရပါသည်။ ဒါကြောင့်ပဲ ဒီစကားကို ပြောမိတာပါ။ အချစ်ဆိုတာကို ပေးဆပ်ခြင်းသက်သက်လို့ များ ခံယူထားသလား မိုးသောက်။

❐ ❐ ❐

အခန်း (၁၇)

"ချစ်သူ့အတွက်ဆို"

ချစ်သူ
မင်းက လမင်းဖြစ်ခဲ့ရင်
ငါ့ရင်ခွင်ကို ဖြန့်ခင်းပြီး
ကောင်းကင်ကြီး ငါဖြစ်ချင်တယ်။
နင်က လှေငယ်လေးတစ်စင်းဆို
ငါက မြစ်ပြင်ကျယ်ကြီး ဖြစ်ချင်တာပေါ့။
ဒါပေမဲ့ ...ချစ်သူ
မဖီမကင်းနဲ့
နင် လှမ်းနေတဲ့ပန်းကို

www.burmeseclassic.com

www.burmeseclassic.com

နင် နမ်းရဖို့အတွက်
ငါက
နင့်ခြေထောက်အောက်မှာ
တုံးအဖြစ် ခုထားပေးရမှာပါ။
အချစ်ဆိုတာ
အခေါ်ခိုိုသလောက်
ရင်ဘတ်ထဲမှာ ခါးနေတာ
ငှဲ့အတွက်
သီသန့်ဖန်ဆင်းထားလေရော့သလား။
နင်ပျော်ပါစေချစ်သူ
နင့်အတွက် ဘာမဆို
ကမ္ဘာကိုဖြိုခိုင်းလည်း
ငါဖြိုပေးပါ့မယ်ဟာ။

မိုးသောက်ကြယ် (ရင်တွင်းဖြစ်)

ကဗျာလေးကို အဆုံးသတ်ပြီးနောက် မိုးသောက် မျက်လုံးကို မှိတ်ပြီး အသက်ကို ဝအောင်ရှူသွင်းလိုက်သည်။ သူ့ရင်ထဲမှာ မွန်းကျပ်နေလို့ စိတ်ဇါထွက်ပေါက်အဖြစ် ဒီကဗျာလေးကို ရေးလိုက်မိတာပါ။

နောင်းအပေါ် ချစ်ခဲ့မိတဲ့ သူ့အချစ်တွေက ဒီကဗျာလေးထဲက

အတိုင်းပါပဲ။

နောင်းက ကမ္ဘာကို ဖြိုခိုင်းရင်တောင် မိုးသောက်က ဖြိုပေးမယ့်ကောင်ပါ။ အခြားနေရာတွေမှာ သူ ဘယ်လောက်ပဲ တည်ငြိမ်ရင့်ကျက်ခဲ့ပါစေ။ အချစ်နဲ့ပတ်သက်လာ တော့ သူ မတည်ငြိမ် မရင့်ကျက်နိုင်သေးပါဘူး။

"မိုးသောက်"

ခေါ်သံကြားတော့ ခေါင်းထောင်ကြည့်လိုက်လေလျှင် –

"ဩော် ... ကိုစစ်"

"ကဗျာခေါင်းစဉ်က ချစ်သူအတွက်ဆိုတဲ့လား။ ငှဲ့ကို ခဏလောက်ပေးဖတ်ပါလား"

မိုးသောက် တွေဝေနဲ့ဖြစ်သွားပြီးမှ စာရွက်ကို မပေးချင် ပေးချင်ပုံစံမျိုးနဲ့ ပေးလိုက်လေသည်။ ကိုစစ်က ကဗျာကိုဖတ်ပြီး သက်ပြင်းချလိုက်ကာ –

"မင်း ဝဋ်ကလည်း ကြီးပါ့ မိုးသောက်ရာ"

"ဝဋ်တစ်ခုလို့တော့ မသတ်မှတ်ပါနဲ့ ကိုစစ်ရာ။ မြားနတ်မောင် မျက်မှန်းကျိုးလို့ ကျွန်တော့်ရင်ဝကို သူမြားနဲ့ ထိုးဖိုက်သွားတာပဲလို့ပဲ သတ်မှတ်ရမှာပေါ့"

အားမရ ဝမ်းမသာဆိုသလို မိုးသောက်ပြောပုံက ရယ်စရာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကိုစစ်မရယ်ရက်ပါဘူး။ အချစ်က လူတစ်ယောက်၏ဘဝ အဆိုးဆုံးကို အကောင်းဆုံးဖြစ်အောင် ပြုပြင်ပေးနိုင်သလို ကောင်းပြီး၊ တစ်ခါတလေကျတော့ လူတော်လူကောင်းတွေရဲ့ဘဝကို ဖျက်ဆီးပစ်ပြီး အသက်ကိုတောင် သေစေလောက်အောင် အဆိပ်ပြင်းပါသည်။

"မိုးသောက်"

"_____"

"နှောင်းက မင်းကို လုံးဝမချစ်နိုင်ဘူးတဲ့လား"

"မချစ်နိုင်တာက သူမှာ သူအရမ်းချစ်ရတဲ့ချစ်သူ ရှိနေလို့ ပေါ့"

"ဘယ်သူလဲ၊ အဲဒီကောင်က နှောင်းအပေါ် မင်းထက် ပိုချစ်နိုင်လို့လား"

"ကျွန်တော့်ထက် ပိုမချစ်နိုင်ပေမယ့် ကျွန်တော့်ထက်သာလို့ နှောင်းက ချစ်တာပဲလေ"

"ဘာတွေသာတာလဲ"

"သူက ဆရာဝန်၊ ပြီးတော့ အရမ်းချောတယ်"

"ကျွတ်"

ကိုစစ် ခေါင်းခါလိုက်ကာ –

"မင်း စာရေးဆရာတစ်ယောက်လုပ်နေပြီး ဒီစကားမျိုး

ပြောထွက်တာ ငါ အံ့သြတယ် မိုးသောက်။ ဘာလဲ အချစ်နဲ့ပတ်သက်ပြီး မင်းအသည်းငယ်သွားတာလား။ ကယောင်ကတမ်းတွေ လျှောက်ပြောမနေနဲ့။ မင်းပဲ ပြောခဲ့တာလေ။ လူတစ်ယောက်ရဲ့ အဆင့်အတန်းနဲ့ အားသာချက် အားနည်းချက်တွေကို ရှုပ်၊ ပညာအရည်အချင်း ပစ္စည်းဥစ္စာတွေ ကြည့်ပြီး တိုင်းတာလို့မရဘူးဆို။ ငါက မင်းနဲ့ အနေနီးလို့ မင်းသင်လို့ တွေးတတ်ခေါ်တတ်တဲ့ကောင်ပါ။ မင်းကိုပြန်ပြီး ဆရာမလုပ်ချင်ဘူး"

"ကိုစစ်ရဲ့စေတနာကို ကျွန်တော် နားလည်ပါတယ်"

"မင်းရဲ့မေတ္တာကို နားမလည်တာက နှောင်းပဲ။ အလှမ်းကျယ်ရင်တော့ အလယ်လတ်တတ်တယ်။ မေတ္တာစစ်နဲ့ မထိုက်တန်ဘူးလို့ပဲ သတ်မှတ်လိုက်စမ်းပါကွာ"

ကိုစစ်ပြောသလိုပဲ သတ်မှတ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ ကိုယ့်နှလုံးသားက နှောင်းကို ဥပေက္ခာမှ မပြုနိုင်ပဲလေ။ ဇာတ်ကောင်တွေ အတွက် လိုအပ်သလို စကားလုံးတွေသုံးပြီး စိတ်အမျိုးမျိုး စရိုက်အမျိုးမျိုး ဖန်တီးပေးနိုင်ပေမယ့် ကိုယ်တိုင်ကြုံရတော့ ဆွံ့အနေသူပမာ။ တတ်ပေမယ့် ပြောမထွက်တဲ့စကားလုံးတွေကို စာထဲမှာ ချရေးပစ်လိုက်ရမလား။ လူချင်းနီးပြီး နှလုံးသားချင်း မနီးနိုင်တဲ့ နှောင်းရဲ့ နှလုံးသားလေးသာ ဆက်လက်ရှင်သန်ပါစေ။ ကိုယ့်နှလုံးသားကတော့

www.burmeseclassic.com

www.burmeseclassic.com

သေဆုံးသွားတော့မည်သာ။

"ကျွန်တော် နှောင်းကို ကိုယ်ချင်းစာပါတယ်"

"ဘာကိုလဲ"

"ကျွန်တော် သူ့ကိုချစ်သလိုမျိုး သူလည်း အခြား တစ်ယောက်ကို ချစ်မိနေတာလေ။ အချစ်ဆိုတာ ဦးနှောက်က ဖြစ်ပေါ်လာတာမှ မဟုတ်ဘဲ။ နှလုံးသားက သူအလိုလိုဖြစ်ပေါ်လာတာပဲလေ။ အဲဒါကြောင့် သူကို အပြစ်ပြောလို့မရဘူး ကိုစစ်"

"ဟုတ်ပါပြီ၊ အဲဒီလိုဆိုတော့လည်း သူခိုင်းသမျှ မင်း လုပ်လိုက်ဦးပေါ့!"

"သားရှင်"

"_____"

သားရေဆိုပြီး မေမေလက်ထဲမှာ ဖုန်းကိုကိုင်ပြီး လျှောက်လာနေသည်။

"ဖုန်းလာနေတယ် သား၊ သားရဲ့ပရိသတ်တဲ့၊ မုန်ကာဆိုလား ပဲ"

"ဟုတ်ကဲ့ မေမေ"

မိုးသောက် မေမေ့လက်ထဲက ဖုန်းကိုယူပြီး –

"ဟယ်လို"

"_____"

"ဟုတ်ကဲ့ ... ကျွန်တော် မိုးသောက်ကြယ်ပါ ခင်ဗျာ"

"_____"

"အခုလား၊ ကျွန်တော် ကဗျာလေးတစ်ပုဒ်ရေးနေတာပါ"

"_____"

"ဩော် ... ဟုတ်ကဲ့၊ ချစ်သူအတွက်ဆို ခေါင်းစဉ်နဲ့ပါ"

"_____"

"ဟုတ် ... အခုလို ကျွန်တော့်စာအုပ်တွေကို အစဉ်မပြတ် အားပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"_____"

"ကျွန်တော်လည်း ဒီထက်ပိုကြိုးစားသွားမယ်လို့ ကတိပေးပါတယ်"

"_____"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဗျာ"

ဩော် ... အနုပညာသမားဆိုတာ ဒီလိုမျိုးလား။ ကိုယ့်မှာ စိတ်ခံစားမှုတွေ ဘယ်လိုပဲရှိရှိ ပရိသတ်နဲ့ စကားပြောတဲ့အခါမှာတော့ ရယ်လို့ မောလို့ ချီးလို့ပါ။ ပရိသတ်တွေမသိတဲ့နောက်ကွယ်မှာတော့။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

''ချစ်''

''ဟင်''

''ကိုကို့ကိုချစ်လား''

''အင်း''

ချစ်က ခေါင်းညိတ်လိုက်ပြီး –

''ချစ်တာပေါ့ ကိုကိုရယ်၊ ကိုကိုက ချစ်ရဲ့အချစ်ဦးနဲ့ အချစ်ဆုံးပါ။ စာကိုပဲ ဖိကြိုးစားနေရတော့ ချစ် အချစ်ရေးကို မစဉ်းစားခဲ့ဘူးလေ။ ကိုကိုနဲ့ကျမှ ချစ်တတ်သွားခဲ့တာ''

''တကယ်နော်''

''တကယ်ပေါ့''

''ကိုကိုလည်း ချစ်ကို အရမ်းချစ်တယ်။ အရင်တုန်းက ဘယ်သူနဲ့ ဘယ်လိုပဲတွဲခဲ့ တွဲခဲ့ ချစ်ကိုတော့ ကိုကို တကယ်ချစ်လို့ လက်ထပ်ဖို့ ပြောနေတာပေါ့''

''အင်း ... ကိုကို့ကို ချစ် ယုံပါတယ်။ ဒါကြောင့် ကိုကို ဘယ်သူနဲ့ပဲတွဲသွားသွား ချစ် ဘာမှမပြောတာပေါ့။ ကိုကို ချစ်အပေါ် သစ္စာရှိနေရင် ပြီးတာပဲ''

''ကိုကို့ချစ်သူလေးက သဘောထားပြည့်ဝပြီး အရမ်းပြူစင်တာပဲ''

ပြောပြီး ကိုချို ချစ်ရဲ့ပါးဖောင်းဖောင်းလေးကို ဖျစ်လိုက်လေသည်။ ချစ်က တကယ့်ကို သဘောထားပြည့်ဝပြီး တည်ငြိမ်အေးချမ်းတဲ့ မိန်းကလေးပါ။ ဒါကြောင့် ထင်ပါရဲ့ သူ ချစ်ကို အရမ်းချစ်တာပါပဲ။ မိတ်တွေက်လည်း သဘောတူကြလို့ မကြာခင်မှာ သူတို့ လက်ထပ်ကြတော့မှာပါ။

''ကိုကို''

''ဟင်''

''ကိုကို့ကို ချစ် တစ်ခုပြောစရာရှိတယ်သိလား''

''အင်း ... ပြောလေ''

www.burmeseclassic.com

www.burmeseclassic.com

"ကိုကို ဟိုတစ်ယောက်ကို ဘယ်လိုလုပ်မှာလဲဟင်။ သူကို လှည့်စားသလို ဖြစ်နေမှာစိုးလို့ ချစ်က ပြောတာပါ။ ဟို မနာလိုလို့ မဟုတ်ဘူးနော်၊ သူကိုသနားလို့"

"ကိုကိုသိပါတယ် ချစ်ရယ်၊ ကိုကိုနဲ့ချစ် လက်ထပ်ပြီးရင်တော့ အလိုလိုရှင်းသွားမှာပါ။ ကိုကို သူ့ကို ကိုကို့ရဲ့ညီမလေး တစ်ယောက်လိုခင်တယ်။ အဲဒါကြောင့် အလိုက်အထိုက် နေပေးတာပါ ချစ်ရယ်"

"ချစ်သိပါတယ်၊ ချစ်ပြောတာကလေ တော်ကြာ နေမြင့်လေ အချွေးရင့်လေဆိုတာမျိုး။ သူပိုဆိုးသွားမှာစိုးလို့ပါ"

"တော်တော့ ချစ်ရယ်၊ အဲဒီအကြောင်းမပြောနဲ့တော့နော်"

ကိုချို ချစ်ကိုယ်လေးကို နောက်ကနေ ဘိုင်းဖက်ပြီး ပါးပြင်လေးကို နမ်းရှိုက်မိလေသည်။ အစကတော့ နှောင်းကို ဟိုမရောက် ဒီမရောက်ပုံစံနဲ့တွဖို့ ရည်ရွယ်ခဲ့ပေမယ့် နောက်တော့ မလုပ်ရက်ပေ။ ဘာဖြစ်လို့လဲဆို နှောင်းက အဖြူထည်လေးမို့ပါ။

သူတွဲခဲ့ဖူးတဲ့ မိန်းကလေးတွေက ခပ်သွက်သွက် ခပ်ထက်ထက်တွေလေ။ ကိုယ်ဖြတ်လိုက်ရင်လည်း မာနနဲ့ တင်းခံနေနိုင်တဲ့ မိန်းမမျိုးပေါ့။ ကိုယ့်ကို တကယ်ချစ်နေပြီး အတွေ့အကြုံမရင့်ကျက်သေးသူမို့ သူ ကရကဏသက်မိတာပါ။

ပြီးတော့ –

ချစ်ခဲ့လည်း လက်ထပ်တော့မှာလေ။ သူလည်း နားလည်တယ်ဆိုပေမယ့် ဘယ်စိတ်ကောင်းပါ့မလဲ။

"ဟင်"

နှောင်း ခြေလှမ်းတွေ ရပ်တန့်သွားလေတော့သည်။ ဒီအချိန်ဆေးခန်းမှာလူရှင်းတတ်တယ်ဆိုပြီး လာခဲ့တာ။ ခါတိုင်းလို ကိုဝင်းလိုင်တို့ အရင်မတွေ့ရတော့ အထဲမှာ ကိုချိုတော့ရှိနေမှာပဲဆိုပြီး ဝင်လာခဲ့တာလေ။ အခုမြင်လိုက်ရတဲ့မြင်ကွင်းက ကိုယ့်နှလုံးသားကို ဓားနဲ့မွန်းပြီး ဆားလူးခံလိုက်ရသလိုပါပဲ။

ချစ်ကိုဖက်ပြီး ကိုချိုက နမ်းနေတာ။

ဒါဆို ချစ်က ကိုချို့ရဲ့ချစ်သူပေါ့။ ဒါနဲ့များ သူငယ်ချင်းတဲ့။ ညာရက်လိုက်တာကိုချိုရယ်။ ကိုချို့ကို နှောင်း ဘယ်လောက်ချစ်ခဲ့ရလဲ၊ ဘယ်လောက်မျှော်လင့်ခဲ့ရလဲ ကိုချိုသိရဲ့လား။ နှောင်းရဲ့ မျှော်လင့်ချက်တွေကို ကိုချို ရိုက်ချိုးလိုက်တာ။ နှောင်း နှောင်း ဘာလုပ်ရမလဲ။ ရက်စက်လိုက်တာ ကိုချိုရယ်။

နှောင်း –

မျက်ဝန်းထဲမှာ ချက်ချင်းပဲ မျက်ရည်တွေပြည့်စက်ကျသည်။ တစ်ဖက်သတ်ချစ်ခြင်းရဲ့ ခံစားမှုက ဒီလိုတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

"တော်တော့ ကိုကိုရယ်၊ ချစ် အသက်ရှူရတာ ကျပ်လာပြီ လွှတ်ပါဦး"

"ကိုကို ချစ်ကို အရမ်းချစ်တယ်"

"ယုံပါတယ်ဆို"

"ကိုကို့ကို ချစ်တယ်လို့ပြောဦး"

"ပြောပြီးပြီလေ"

"ဘယ်တုန်းကလဲ"

"စောစောက ပြောပြီးပြီပဲဥစ္စာ"

"ဟင့်အင်း ... မရဘူးထပ်ပြော"

"ချစ်တယ်၊ ကိုကို့ကို အရမ်းချစ်တယ်"

ချစ်သူနှစ်ယောက်ကတော့ ရင်ခုန်ကြည်နူးနေကြပြီး နှောင်းကို မမြင်ပေ။ မိုးမမြင် လေမမြင်ဆိုတာ ဒါမျိုးပဲဖြစ်မှာပေါ့။ သူတို့ကို မြင်နေရတဲ့နှောင်းကတော့ မျက်ရည်ကျရင်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေသည်။ မခံစားနိုင်တော့တဲ့အဆုံးမှာတော့ –

"ကိုချို"

"_____"

"ကိုချို"

"ဟင်"

အသံကိုမြင့်ပြီးခေါ်လိုက်မှ နှစ်ယောက်စလုံး ကမန်းကထန်း မော့ကြည့်ကာ –

"နှောင်း"

ချစ်က ကိုချို့ရင်ခွင်ထဲကနေ အတင်းရုန်းထွက်ပြီး နှောင်းကို ကြည့်လိုက်ပုံက ရုက်ကိုးရုက်ကန်းမဟုတ်ဘဲ တစ်ခုခုကို စိုးရိမ်သွား ဟန်နှင့် မျက်လုံးဝိုင်းလေးနှင့်ပါ။

"ကိုချို နှောင်းကို ညာတယ်။ ရက်စက်လိုက်တာ ကိုချိုရယ်"

"_____"

"နှောင်း"

"ကိုချိုပြောတော့ ချစ်က ကိုချိုရဲ့သူငယ်ချင်းပါဆို။ အခုကျ တော့ သူငယ်ချင်းပုံစံမဟုတ်ပါလား"

"အဲဒါ ချစ်ပြောပြမယ် နှောင်း"

"မပြောနဲ့"

"_____"

"နင် ဝင်မပြောနဲ့"

ချစ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလိုက်ပုံက ဖြစ်နိုင် ရင် တစ်ခါတည်း သတ်ပစ်ချင်သည့်ပုံပါပဲ။ နှောင်းရဲ့မျက်လုံးတွေက ကျားနာတစ်ကောင်လို စူးရဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"နင်ပြောတာကို ငါမကြားချင်ဘူး။ ကိုချို့ပြောတာကိုပဲ ငါ နားထောင်မယ်။ ပြောပါ ကိုချို့ ကိုချို့ သူ့ကို တကယ်မချစ်ဘူးဖို့လား။ သူ့ကို ကိုချို့ အပျော်တွဲတာလား ပြောပါ"

"မဟုတ်ဘူး"

"ဟင်"

"ငါ ချစ်ကို တကယ်ချစ်ခဲ့တာ။ ငါ ချစ်လို့ အရမ်းချစ်လို့ လက်ထပ်ဖို့တောင် စီစဉ်ပြီးပြီ"

"ဘာ"

လက်ထပ်ဖို့ ထည့်ပြောလာတော့ နှောင်း ပိုဆိုးသွားပြီပေါ့။ အသက်ရှူသံတွေ ပြင်းလာပြီး –

"ဟင့်အင်း ... ကိုချို့ သူ့ကိုမချစ်ရဘူး။ သူ့ကို လက်မထပ်ရ ဘူးနော်။ ကိုချို့ကို နှောင်း အရမ်းချစ်တယ်"

ပြောပြီး နှောင်းက သူ့ခါးကို အတင်းဝင်ဖက်လေတော့ ကိုချို့ မျက်လုံးပြူးသွားကာ –

"ဟာ ... မင်းဘာလုပ်တာလဲ ဖယ်စမ်း"

"ကိုချို့ကို နှောင်းအရမ်းချစ်လို့ပါ။ နှောင်းကို မရက်စက်ပါနဲ့ ကိုချိုရယ်"

"နှောင်း"

"အဟင့်"

"ကိုဝင်းလှိုင်၊ ကိုဝင်းလှိုင်"

"ဗျာ ဆရာ"

"ခဏလာပါဦး"

"ဟုတ်ကဲ့"

ကိုချို့ နှောင်းလက်တွေကို ဖယ်ချနေတာ ဖယ်ချလို့မရပေ။ ဒါကြောင့် ကိုဝင်းလှိုင်ရောက်လာတော့ –

"ကိုဝင်းလှိုင် ... သူ့ကိုခေါ်သွားစမ်းပါ"

ကိုချို့ ခပ်ကြမ်းကြမ်းပဲ နှောင်းကိုယ်လေးကို တွန်းထုတ်ပစ် လိုက်တော့ –

"အို ... ကိုကို"

ချစ် နောက်သို့ ယိုင်သွားတဲ့နှောင်းကိုယ်လေးကို ဝင်ဖက်ပြီး ထိန်းလိုက်ကာ –

"နှောင်းကို အဲဒီလိုမလုပ်ပါနဲ့"

"ဖယ်စမ်းပါ"

"အမေ့"

"နှောင်း"

နှောင်းက ချစ်ကို တွန်းပစ်လိုက်တော့ ချစ် ကိုယ်လေး

www.burmeseclassic.com

www.burmeseclassic.com

ယိုင်သွားလေသည်။ ဒါပေမဲ့ အချိန်မီထိန်းလိုက်နိုင်တ၏။ ကိုယ့်ချစ်သူကို နှောင်းက တွန်းပစ်လိုက်တော့ ကိုချို ဒေါသဖြစ်သွားကာ –

"တောက်"

"ကိုကို"

ဒေါသနှင့် ကိုကို နှောင်းကို တစ်ခုခုလုပ်မည်စိုးပြီး နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်လေသည်။ ကိုကို့ကို အပြစ်မတင်ချင်သလို နှောင်းကိုလည်း သနားသည်လေ။ ဒါကြောင့် –

"နှောင်းကို ဒေါသမဖြစ်ပါနဲ့ ကိုကိုရယ်။ ကိုကို့ကို ချစ်ပြောသားပဲ။ အခု သူသိသွားတော့ ပြီးသွားပြီပေါ့နော်"

"မပြီးဘူး ချစ်"

"ဟင်"

ပြောလိုက်သူက နှောင်းပါ။

"နင်နဲ့ကိုချို ဘယ်တော့မှ လက်ထပ်လို့မရစေရဘူး။ နင်က ငါ့အချစ်ကို လုယူတဲ့မိန်းမ၊ နင့်ကိုငါ အရှုံးမုန်းတယ် သိလား"

"နှောင်း မင်းသွားတော့"

"_____"

"ကိုဝင်းလှိုင် သူ့ကိုခေါ်သွား"

"နှောင်း လာပါ ကလေးရယ်၊ လာပါ"

ကိုဝင်းလှိုင် နှောင်းကို မရဲတရဲနှင့်ပဲ ဆွဲခေါ်ဖိလေသည်။ ယောကျ်ားနဲ့မိန်းမဆိုတော့ သိပ်မဆွဲရဲဘူးလေ။ ဒါကြောင့် စောစောက ရပ်ပဲ ကြည့်နေမိတာပေါ့။

"တောက်"

နှောင်း မျက်ဝန်းမှာ မျက်ရည်တွေ တောက်ခေါက်ပြီး ချာခနဲ လှည့်ထွက်သွားတဲ့ ကျောပြင်ဆီမှာ တစ်ခုခု ကပ်ပါသွားသလိုပါပဲ။

အမုန်းလား ...

အပြီးအတေးလား။

ဘာပဲဖြစ်ဖြစ် ကိုချိုကတော့ ဂရုစိုက်မှာမဟုတ်ပေ။ သူ့ကို ကိုယ်ကချစ်တယ်လို့ ပြောခဲ့ဖူးတာမှ မဟုတ်ဘဲ။ သူဘက်က ခံစားချက်က ကိုယ်နဲ့မှ မဆိုင်ဘဲလေ။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉)

"အီး ဟီး ဟီး"

"ဝုန်း"

"ခွမ်း"

နောင်း အိမ်ကိုရောက်တာနှင့် ပေါက်ကွဲလေတော့သည်။ ကိုယ့်အခန်းထဲဝင်ပြီး တွေ့ရာ ကြုံရာတွေကို လွှင့်ပစ်တာ တစ်ခန်းလုံး ပြန့်ကျဲနေလို့ပါ။ ပြောတော့ မေတ္တာတရားဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတယ်တဲ့။ နောင်းအတွက်တော့ အသွားသာရှိပြီး အပြန်မရှိပါလား။ ကိုယ်ချစ်သလောက် –

သူက ကိုယ့်ကိုပြန်မချစ်ဘဲ အခြားတစ်ယောက်ကို ချစ်နေ

တာလောက် ခံပြင်းဖို့ကောင်းတာ ဘာရှိဦးမှာလဲ။ အစကတည်းက ချစ်က ကိုချို့ချစ်သူပါလို့ ကြိုသိခဲ့ရင် နောင်း ဒီလောက်ခံစားရမှာ မဟုတ်ပါဘူး။ ခံစားရလည်း ဖြေသာချင် ဖြေသာပါဦးမည်။ အခုတော့ နောင်း မျှော်လင့်ချက်တွေ ထုနဲ့ထည်နဲ့ ခိုင်မာလာပြီဆိုမှ ရိုက်ချိုးပစ်လိုက်တာ။

"တောက်"

"ခွမ်း"

"ကဲဟာ"

"ဘုတ်"

"ကဲဟာ"

"သမီး"

"ဟီး ဟီး"

"သမီးလေး"

"_____"

"မောင်ထူး ... မောင်ထူးရေ လာပါဦး"

"_____"

"သမီး သမီးလေး ... ဘာဖြစ်တာလဲ"

"မေမေ့"

www.burmeseclassic.com

www.burmeseclassic.com

မိခင် ပျာပျာသလဲနှင့် ဝင်လာလေတော့ နှောင်း မိခင်၏ ရင်ခွင်တွင်းသို့ တိုးဝင်ပြီး ငိုပါလေတော့သည်။

"'ဘာဖြစ်လို့လဲ။ သမီး မေမေ့ကိုပြောစမ်း။ သမီးလေး ဘာဖြစ်လို့လဲဟင်''

''သမီး သေချင်တယ်၊ သမီးသေချင်တယ် မေမေရဲ့''

''အို ... မပြောကောင်း မဆိုကောင်းကွယ်။ သမီးက ဘာဖြစ်လို့ သေရမှာလဲ။ သမီး ဘာဖြစ်လာတာလဲ မေမေ့ကိုပြောစမ်း''

ပြောစမ်းဆိုပေမယ့် နှောင်း မပြောနိုင်ဘဲ ငိုသာငိုနေတော့သည်။ ဘယ်လိုပြောပြရမလဲ။ ကိုယ့်ဘက်က တစ်ဖက်သတ်ဆိုတော့ သူများကိုပြောပြရမှာ မလွယ်ပေ။ မိဘကိုရော ပြောပြလို့ အဆင်ပြေမှာတဲ့လား။

''မမ ကျွန်တော်ရောက်ပါပြီ။ ကျွန်တော် ဘာလုပ်ပေးရမလဲ မမ''

''သမီးလေး ဘာဖြစ်လာတာလဲ မသိဘူး။ လုပ်ပါဦး မောင်ထူးရယ်။ မေးတော့လည်း ဘာမှမေးလို့မရဘူး ဖြစ်နေတယ်''

မောင်ထူး ဧတွေခနဲဖြစ်သွားလေသည်။ သူ စဝင်လာကတည်းက တစ်ခန်းလုံး ပြန့်နေတဲ့ ပစ္စည်းပစ္စယတွေကိုကြည့်ပြီး အခြေအနေကို သဘောပေါက်သလိုပါပဲ။ ဟုတ်, မဟုတ်တော့မသိဘူးပေါ့လေ။

ခန့်မှန်းရသလောက်တော့ နှောင်း တစ်ခုခုကို ပေါက်ကွဲလာတာပဲဖြစ်မှာ။ မိဘဆိုတာ သူများနားမှာ လျှို့ထွက်လာတဲ့စကားမှ ပြန်ကြားရတာလေ။ ဒါကြောင့် မမက ဘယ်သိမှာလဲ။ မောင်ထူးကတော့ နှောင်းအကြောင်းကိုသိတာပေါ့။ နှောင်း ကိုချိုဆိုတဲ့လူကို တစ်ဖက်သတ် ချစ်နေတာလေ။ ဒါကြောင့် ကိုချိုဆီကိုသွားနေတာလည်း သိတယ်။ ဒီနေ့လည်း အဲဒီကိုသွားတာလေ။ အခုပြန်လာပြီး ဒီလို ဖြစ်တယ်ဆိုတော့ –

''ဟဲ့ မောင်ထူး''

''ဗျာ''

''ဘာရပ်လုပ်နေတာလဲ။ ငုံသမီး ဘာဖြစ်လာတာလဲ မေးပါဦးဟဲ့''

''ဟာ ... မမကလည်း မမတောင် မေးလို့မရတာ။ ကျွန်တော်က ဘယ်လိုလုပ်ပြီး မေးလို့ရမှာလဲဗျ''

''အမယ်လေးဟယ် ... သူကိုများ အားကိုးရမလား မှတ်ပါတယ်။ သွား သွား ... မိုးသောက်ကို သွားခေါ်ချေစမ်း''

''ဟုတ်ကဲ့''

မောင်ထူး လျင်မြန်စွာပဲ ထွက်လာခဲ့တော့သည်။ မိုးသောက်ဆို အိမ်ကိုရောက်တော့ မိုးသောက်ကို အကျိုးအကြောင်းပြောပြီး

www.burmeseclassic.com

www.burmeseclassic.com

ခေါ်လာခဲ့တော့တာ။

"သမီး"

"------"

"မငိုပါနဲ့တော့ သမီးရယ်၊ သမီး ဘယ်သူနဲ့ ဘာဖြစ်လာတယ်ဆိုတာ မေမေက သမီးပြောပြမှ သိမှာပေါ့။ သိမှလည်း ဘာလုပ်ပေးသင့်တယ်ဆိုတာကို စဉ်းစားလို့ရမှာလေ။ မေမေ့ကိုပြောပါဦး သမီး ဘာဖြစ်လာတာလဲ"

နှောင်း ငိုရလွန်းလို့ မျက်ရည်တွေ ခန်းခြောက်ကုန်ပြီထင်ပါရဲ့။ ကျလက်စမျက်ရည်ကို သုတ်ပြီးချိန်မှာ နောက်ထပ် မျက်ရည်က ကျမလာတော့ပေ။

"မေမေ"

"ပြောလေသမီး"

"သမီး လူသတ်ချင်တယ်"

ဒေါ်နွေဦးမေ မျက်လုံးပြူးသွားလေတော့သည်။

"အို ... မဟုတ်တာ သမီးရယ်။ သမီးက ဘာလို့ လူသတ်ချင်ရတာလဲ။ မကြံကောင်း မစည်ရာတွေကွယ်။ နေစမ်းပါဦး ... သမီးက ဘယ်သူကိုသတ်ချင်တာလဲ။ ဘာဖြစ်လို့ သတ်ချင်တာလဲ"

"သမီးသတ်ချင်တာ ဒေါက်တာ ချစ်နန္ဒာအောင်"

"ဟင်"

ဒေါ်နွေဦးမေ မျက်မှောင်ကြုတ်သွားမိကာ –

"ဒေါက်တာချစ်နန္ဒာအောင် ဟုတ်လား။ သူကို မေမေ မသိပါလား။ သူက ဘယ်သူလဲ သမီး"

"ကိုချို့ခဲ့လက်ထပ်တော့မယ့်မိန်းမပေါ့။ သူကို သမီး အရမ်းမုန်းတယ်"

"------"

သမီးက သူကို ဘာလို့မုန်းတာလဲလို့ မေးမလို့ ပါးစပ်ဟလိုက်စဉ်မှာပဲ –

"နှောင်း"

အခန်းထဲကို မိုးသောက် ဝင်လာတော့ ဒေါ်နွေဦးမေ အားတက်သွားကာ –

"မိုးသောက် လာပါဦး သားရယ်။ ဒီမှာ မင်းသူငယ်ချင်းလေ ငိုပြီး သောင်းကျန်းနေလို့။ အခန်းထဲမှာရှိသမျှ ပစ္စည်းတွေလည်း လွင့်ပစ်ထားတာ မွန်နေတာပဲ"

မိုးသောက် နှောင်းအနားသို့ တိုးကပ်သွားလိုက်သည်။

နှောင်းက သူ့ကို လုံးဝမကြည့်ဘဲ မျက်နှာလွှဲထားသည်။ ဘစ်ဖက်သတ်အချစ်ရဲ့အရသာကို နှင် သိသွားပြီလား နှောင်းရယ်။

www.burmeseclassic.com

www.burmeseclassic.com

"နှောင်း"

"_ _ _"

"နင့်ကိုငါ ကိုယ်ချင်းစာပါတယ် နှောင်းရယ်။ ဒါပေမဲ့ နင် ပေါက်ကွဲနေဖို့ မလိုပါဘူးဟာ။ အချစ်ဆိုတာ ကိုယ်ပေးတိုင်းလည်း မယူကြ၊ ကိုယ်လိုချင်တိုင်းလည်း မရတဲ့အရာပါ။ ပိုင်ဆိုင်ခွင့်မရှိဘူး ဆိုရင် ပေးဆပ်ပြီး အဝေးကနေချစ်လိုက်ရုံပဲပေါ့"

နှောင်းမျက်နှာ ဆတ်ခနဲ မော့လာပြီး မိုးသောက်ကို ခပ်စူးစူး ကြည့်လိုက်ကာ –

"စာရေးဆရာဆိုပြီး နင့်ဇာတ်ကောင်တွေပြောတဲ့စကားလုံး တွေနဲ့ ငါ့ကို ဆရာလာမလုပ်နဲ့ ကြယ်။ ငါ မပေးဆပ်နိုင်ဘူး။ မစားရ တဲ့အမဲကို ငါက သဲနဲ့တော့ မပက်ဘူး။ ငါလိုချင်တဲ့အရာတစ်ခုကို ငါမမိုင်ဆိုင်ရရင် သူများလည်း မပိုင်ဆိုင်ရဘူး။ အဲဒါ ငါ့ဝံယူချက်ပဲ"

"နှောင်းရယ်"

နင် ဘာတွေကြီစည်မှာလဲ နှောင်း။ ငါကလည်း ငါချစ်ရတဲ့ နင့်ကို ဒုက္ခမရောက်စေချင်လို့ နင့်အကြိုအစည်တွေကို တတ်နိုင် သလောက် ဖျက်သွားမယ်ဆိုတာ နင်သိရင် ငါ့ကို ခွင့်လွှတ်နိုင်အောင် ကြိုးစားပေးပါ နှောင်းရယ်။

□□□

အခန်း (၂၀)

နှောင်း စိတ်ညစ်နေတဲ့အချိန်မှာ မိုးသောက်က နှောင်း ပျော်အောင် ဖန်တီးပေးနိုင်မယ့် ပျော်တော်ဆက်ကလေး ဖြစ်ချင်သည်။ ဒါကြောင့် ဂစ်တာကို ထမ်းလာခဲ့ပြီး –

"နှောင်း"

"ဘာလဲ"

"ငါ ဂစ်တာတီးပြီး သီချင်းဆိုပြမယ် နားထောင်မလား"

"မထောင်ချင်ပါဘူး နားငြီးတယ်"

"ဒါဆို ကပြရမလား"

"မကနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"မကရင် နည်းနည်းပြန်နုတ်လိုက်"

"ကြယ်"

"ဟင်"

"နင် ဘယ်လိုဖြစ်နေတာလဲ၊ ငါ စိတ်ညစ်နေတာနော်"

နှောင်း အော်လိုက်ပေမယ့် မိုးသောက်က အပြီးမပျက်ပေ။ စိတ်ညစ်နေမှန်းသိလို့ နင်ပျော်အောင် လုပ်ပေးချင်တာပါ နှောင်းရယ်။

"ငါ ကင်းမြီးကောက်ထောင်ပြမယ်လေ"

နှောင်း သူ့ကို ခပ်တွေတွေကြည့်လိုက်ပြီး –

"ဒီလောက်တောင် ရှိလှတယ်၊ ကဲ ထောင်ဟယ်"

"အယ်ကွယ် ... ကလေးမက တကယ်ခိုင်းတာပဲလို့၊ ခိုင်းတော့လည်း လုပ်ပြရမှာပေါ့ကွယ်"

မိုးသောက် တွံတေးသိန်းတန်လေသံနှင့် ပြောလေတော့ နှောင်းပြုံးယောင်သမ်းလာလေသည်။ ကျေနပ်တယ် နှောင်း။ မရယ်ချင်လို့ ပြုံးပေးတယ်ဆိုရင်ပဲ ငါ ကျေနပ်ပါတယ် နှောင်းရယ်။

"တကယ် ထောင်ပြရမှာလား‌လို့"

"တကယ်လုပ်ပြ"

"ကောင်းပါပြီလို့၊ တကယ်လုပ်ပြပါ့မယ်လို့"

ပြောပြီး မိုးသောက်က ခါးတောင်းကြိုက်လေလျှင် နှောင်း

ချက်ချင်း မျက်နှာလွှဲလိုက်ပြီး –

"ဟဲ့ ... ကြယ် နင် ဘာလုပ်တာလဲ။ အခု ပုဆိုးကိုပြန်ချ၊ ငါ မကြည့်ရဲဘူး"

"ဟာ ... နင်ကလည်း ငါက ခါးတောင်းမကြိုက်ဘဲနဲ့ ဘယ်လိုလုပ်မှာလဲဟာ။ ဒီအတိုင်း ကင်းမြီးကောက်ထောင်လို့ကတော့ အိုး ဟို ... ဝက်မလွတ်အုန်းသီးနဲ့ ငှက်ပျောသီးက သေးသေးလေးပါလား ဖြစ်မှာပေါ့"

"ဘာတွေလျှောက်ပြောနေတာလဲ၊ ကြယ် အညစ်ပတ်အိုး"

"ဟုတ်တယ်လေ၊ အခုက နင် ဘာမြင်ရတာမှတ်လို့"

"အခုမမြင်ရပေမယ့် ညက ငါမြင်ရတယ်"

"ဟင်"

ကန္တဲ့ကလျှနှင့် ရောက်လာသူက ကိုသူပါ။ အဲ ... သူသူပေါ့လေ။

"ကိုသူ"

"ညက အနှံတိုက နင့်မောင်လေး အိပ်နေပြီလား စာရေးတုန်းလား သွားကြည့်ပေးပါဆိုလို့ ငါ လာကြည့်တာ။ ပုဆိုးက ကွဲလို့နေတာများ နင် ငါ့မောင်လေးဖြစ်နေလို့ ကံကောင်းတယ်မှတ်"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါရဲ့တော် သိလား။ ငှက်ပျောသီးလေးက ဝင်းရောင်တောင်လိုက်နေပြီး ပြီးတော့"

"ကိုသူ"

"အို"

လက်ညှိုးပါ ထောင်ပြသဖြင့် မိုးသောက် ကိုသူပါးစပ်ကို အတင်းလိုက်ပိတ်လိုက်ရသည်။ ကိုယ်သိတာ ကိုယ့်ဝမ်းထဲမထားဘဲ ကိုသူက ဖွတော့မှာလေ။ နှောင်းရှေ့မှာ ပြောပြစရာလား။ ကိုသူက သူလက်ကို ဖယ်ချကာ –

"သေပါပြီဟယ် ... နင်ကလည်း ငါပါးစပ်ကိုများ ရေအိမ်ဝင်ကာနီး မအောင့်နိုင်လို့ ပိတ်တာကျနေတာပဲ"

"ကိုသူက လျှာရှည်တာကိုးဗျ"

"ဟုတ်တာပြောတာပဲလေ။ အပြောမခံချင်ရင် နှင် ဖုံးဖုံးဖိဖိ အိပ်ပါလား"

"ကိုယ့်အခန်းထဲ ကိုယ်အိပ်တာကို လွတ်လွတ်လပ်လပ် အိပ်မှာပေါ့ဗျ။ ကိုသူ ဝင်မလာရင် မမြင်ဘူး။ ဝင်လာလို့ မြင်တာ။ လျှောက်မဖွနဲ့"

"ဖွမှာပဲ၊ နောက်တစ်ခါဆို ဓာတ်ပုံရိုက်ပြီး facebook မှာကို တင်လိုက်ဦးမယ်"

ညီအစ်ကိုနှစ်ယောက် စကားများနေတာကို ကြည့်ပြီး နှောင်းရယ်မိသည်သာ။ သတိရမိလို့လားမသိပါဘူး။ စိတ်ထဲမှာ ကြယ်အသံက ကိုချို့အသံနှင့် တူသလိုလိုပါ။

"တင်ဗျာ ... တင်၊ မျက်နှာတော့မပါစေနဲ့၊ ဒီမှာ နှောင်းကို ကင်းပြီးကောက်ထောင်ပြမလို့ပါဆိုမှ"

"ဟယ် ... ဟုတ်လား၊ ဒါဆို ထောင်ပြ ထောင်ပြ၊ ငါက အဲဒါမျိုးကြည့်ရတာ ဝါသနာပါပဲ့"

"ဘာထောင်ပြလဲ ရုပ်ကိုက"

"ကင်းပြီးကောက်ထောင်ပြမလို့ဆို၊ နင်ပဲပြောပြီး"

"လာ ကိုသူ ကျွန်တော့်ခြေထောက်ကို မြှောက်ပေး"

"ဟယ်"

"လာ မြှောက်ပေး"

"အေး ... အေးပါဟယ်"

မိုးသောက် ခြေထောက်ကို သူသူက မြှောက်ပေးပြီး မိုးသောက် ကင်းပြီးကောက်ထောင်လေလျှင် –

"ကိုသူ ခြေထောက်ကို ကိုင်ထားနော်၊ လွှတ်မပေးနဲ့"

"အေးပါ"

နှောင်းပျော်အောင်သာ ကြိုဖန်ပြီးလုပ်ပြတာ မိုးသောက် ဒီလို

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါမှမလုပ်ဖူးပေ။ ဒါကြောင့် ကိုသူကို ခြေထောက်ကိုင်ခိုင်းပြီး ထောင်ပေမယ့် မရဘဲရှိကာ လဲကျလေလျှင် –

"အား ... သေပါပြီဗျာ"

"ခစ် ခစ် ခစ်"

မိုးသောက် မျက်နှာရှုံ့မဲ့နေတာကို ကြည့်ပြီး နှောင်းက အသံထွက်အောင်ရယ်လေသည်။ ကမ္ဘာကို ဖြိုခိုင်းရင်တောင် ဖြိုမယ့်ကောင် ဆိုတော့ ဒီလောက်တော့ မိုးသောက်မမှုပါဘူး။ နှောင်း ပျော်မယ်ဆိုရင် သူ ကျေနပ်တာပဲ့။

"ခစ် ခစ် ခစ်"

"အေးပါ ... နင်က ရယ်နေ ဒီမှာ ခါးထဲမျက်သွားပြီ"

"နင်ပဲ ငါ့ကို ဒီလိုလုပ်ပြဖို့ တောင်းဆိုတာလေ လုပ်ပေါ့"

"အဲ ... ဟုတ်ပါပြီ ကလေးမရယ်။ မင်းပျော်မယ်ဆို လုပ်ပြရမှာပေါ့လို့ အဲ ... ပရိသတ်က တောင်းဆိုလာရင် ကိုယ်တို့ အနုပညာသမားဆိုတာ ... အဲ"

"ကဲ ... တော်ပါတော့ တွံတေးသိန်းတန်ရယ်။ အဲလေ တွံတေးသိန်းတန်ရယ်။ မဖြစ်ရင်လည်း မလုပ်ပါနဲ့။ တော်ကြာ ကျော်မကောင်း ကြားမကောင်း ဖြစ်နေပါဦးမယ်"

"သူ ပါလာပြန်ပြီလို့ ... အဲ"

ညီဖြစ်သူကို အမြင်ကတ်ကတ်နှင့် သူသူ မျက်စောင်းထိုးပစ်လိုက်သည်။ နှောင်း ပျော်ရွှင်ဖို့အတွက်နဲ့ မလုပ်တတ်တာကို လုပ်ပြနေလို့လေ။ ဒီလောက် မိန်းကလေးတွေ ဝိုင်းနေတဲ့ကြားက နှောင်းမှ နှောင်းဖြစ်နေတာ ပြောကိုမပြောချင်တော့ဘူး။

"လုပ်လေ ကြယ်ရဲ့"

"နင်မလုပ်နဲ့ ငါ ကပြမယ်"

ပြောပြီး သူသူက ဖုန်းထဲက တရုတ်သီချင်းကို ဖွင့်ပြီး တရုတ်လို ကပြလေလျှင် ကလန်ကလဲးကြီးနဲ့မို့ နှောင်းရယ်တာ တခစ်ခစ်နှင့်ပါ။

မိုးသောက်ကလည်း ဂျက်စတင်ဘီဘာရဲ့သီချင်းတစ်ပုဒ်ကို ဖွင့်ကာ ကလေတော့ အပြိုင်အဆိုင်ပေါ့လေ။

"ဟဲ့"

သူသူက မိုးသောက်ကိုခေါ်လေလျှင် –

"ဘာလဲ"

"နင်က အဲဒါနဲ့ကတော့ ငါက ဘာနဲ့ကရမှာလဲ"

"လက်နဲ့ကပေါ့"

"အဲဒါ နင်ပြောမှလားဟဲ့။ ငါက သီချင်းကိုပြောတာ။ ဟော်ပြီ မကတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

သူသူက ခြေဆောင့်ပြီး ထွက်သွားပေမယ့် မိုးသောက် ရယ်ပြီး သူသိချင်နဲ့သူ ဆက်ကလေတော့သည်။ ဒီပုံစံမျိုးကို ပရိသတ်တွေ မြင်လို့ကတော့ လက်ခုပ်တီးပြီးအားပေးကြမလား။ လက်ညှိုးထိုးပြီး ကဲ့ရဲ့ကြမလား မပြောတတ်တော့ပေ။

□□□

အခန်း (၂၁)

"ဟင်"

စေ့စပ်ပြီးစီးပါကြောင်းမှာ ဒေါက်တာနှစ်ယောက်နှင့် ဒေါက်တာချစ်နန္ဒာအောင်ဆိုတဲ့ နာမည်ကို ဖတ်လိုက်မိတာသည် မိုးသောက် အတွက် တစ္ဆေခြောက်တာခံလိုက်ရသလိုပါ။ ဒီသတင်းစာကို နှောင်းမှား ဖတ်ပြီးပြီလား။ ဖတ်ပြီးပြီဆိုရင်တော့ နှောင်း အရမ်းခံစားရတော့မှာပဲ။

"မိုးသောက်"

"ဟင်"

သူသူကို မြင်လိုက်တာနှင့် မိုးသောက် သတင်းစာကို

www.burmeseclassic.com

www.burmeseclassic.com

နောက်သို့ ဝုန်လိုက်သည်။ ဒီသတင်းစာကို သူသူဖတ်မိရင် သူသူက အာချောင်သည်လေ။ နောင်းကို သွားပြောရင် ဒုက္ခ။ သူ စိုးရိမ်မယ့်သာ စိုးရိမ်နေတာ နောင်းက သတင်းစာဖတ်ခဲ့တာပဲ ဥစ္စာ။

"သတင်းစာကို ဝုန်မနေပါနဲ့၊ ငါ ဖတ်ပြီးပြီ။ ဒေါက်တာ နှစ်သစ်ချီဆိုတာ နောင်းကြိုက်နေတဲ့ကောင် မဟုတ်လား"

"ကိုသူ"

"အဲဒါ ကောင်းတယ်၊ ရွှေရိုးလို့ ပိုးကြိုးပန်ချင်တဲ့ကောင်မ။ ငါ့မောင်ကိုကျတော့ မစားကောင်းတဲ့အသီးမျှား မှတ်နေသလား မသိဘူး။ အခုတော့ခံပေါ့"

ကိုသူက ထုံးစံအတိုင်း မဲ့ကာရွဲ့ကာနှင့်ပြောလေလျှင် –

"နောင်းကို အဲဒီလိုတော့ မပြောပါနဲ့ ကိုသူရယ်။ ဒါနဲ့ ကိုသူ နောင်းကို ပြောပြီးပြီလား"

"ပြောစရာလားဟဲ့၊ ငါ့ကိုမျှား အလုပ်မရှိ ဟိုဟာ သန်းရှာတဲ့သူမျှား မှတ်နေသလား။ နေပါစေ မပြောဘူး။ အချိန်တန်ရင် အဲဒီကောင်မ ဒူးနဲ့မျက်ရည်သုတ်တာကို လှလှပပကြီးကို ထိုင်ကြည့်နေဦးမှာ"

ကိုသူက ကိုယ့်အတွက် မခံမရပ်နိုင်ပြောပေမယ့် ကိုယ်ချစ်ရတဲ့သူကို ဒီလိုပြောတော့ ပိုးသောက် မခံချင်ပေ။

"အဲဒါပေါ့၊ အလှမ်းကျယ် အလယ်လတ်ပြီး ကြောင်ကျမကျ ခွေးကျ ကျတယ်ဆိုတာ"

"ကိုသူ တော်တော့မျာ"

"အံမယ် ... နင်က ကိုယ့်ကို ဂရုမစိုက်တဲ့သူကို ပြောတာ နာနေသေးတယ်လား။ ပြောကို မပြောချင်ဘူး"

"မပြောနဲ့"

"မပြောဘူး"

"မ့ပြောနဲ့"

ပိုးသောက် အော်တော့ ကိုသူ ထသွားလေတော့သည်။ ဘယ်သူတွေ ဘယ်လိုပဲပြောပြော ပိုးသောက်ကတော့ နောင်း အပေါ် အပြစ်မမြင်ရက်ပါဘူး။ နလုံးသားဆိုတာ ဦးနောက်ရဲ့အမိန့်ကို နာခံတာမှ မဟုတ်ဘဲ။ စိတ်ကသာ နလုံးသားရဲ့ဘာလိုကို လိုက်တာဆိုတော့ အပြစ်တင်လို့ မရဘူးပေါ့။

တစ်နေ့နေ့တော့ –

နောင်း သူမတွေ့တာတရားကို နားလည်လာမှာပါ။ အဲဒါထက် ဒီကိစ္စကို နောင်းသိရင် ဘာတွေဖြစ်နိုင်သလဲ။ သူတို့က စေ့စပ်သွားပြီဆိုတော့ နောင်း ခံစားရတာတော့ ခံစားရမှာပေါ့။ ဒီထက်တော့ ကိုးပြီးဘာမှ ဖြစ်စရာအကြောင်း မရှိပါဘူး။ နောင်းက မိန်းကလေးဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

ဘာများလုပ်နိုင်မှာမို့လို့လဲလေ။

ငါ့အသည်းများလည်း ကွဲကာ ကြွေကာ ပျက်စီးတော့ ×××
နင်လည်း တစ်ပါးသူ အချစ်မှာ ပျော်နိုင်ပြီပေါ့နော် ×××

"ဟင်"

ငါနဲ့ ချစ်နေစဉ်မှာ တခြားသူအကြောင်နာရအောင် ယူလုလည့်စား
နေသူဟာ မင်းပါပဲနော် ×××

သူနဲ့ အနမ်းများပေးတာ၊ ဘယ်နှစ်ကြိမ်လည်းပြော ×××
ဖုန်းလာနေသဖြင့် မိုးသောက် ဖုန်းကိုကောက်ကိုင်ပြီး ပေါ်လာတဲ့
နံပါတ်ကိုကြည့်လိုက်တော့ –

"နောင်းပါလား"

ဖုန်းလှုံးလေးကို မိုးသောက် လက်ညှိုးနှင့်ဆွဲလိုက်ကာ–

"ပြော ... နောင်း၊ ငါ ဘာလုပ်ပေးရမလဲ"

"ဘာမှ မလုပ်ရပါဘူး။ ငါ ကိုချိုကို အရမ်းသတိရနေလို့
နှင့်ဆီ ဖုန်းဆက်လိုက်တာ"

"ဟင်"

"ငါ အခုနောက်ပိုင်းမှ သတိထားမိတာကလေ နင့်အသံက
ကိုချိုအသံနဲ့ အရမ်းတူတာပဲသိလား။ သူဖုန်းကို ငါ ဆက်တာ ဖုန်းက
စက်ပိတ်ထားတာချည်းပဲ။ အဲဒါကြောင့် အလွမ်းပြေ အသံလေး

ကြားချင်လို့ နင့်ဆီဖုန်းဆက်တာပါ"

"ညော်"

ဒါဆို ကိုယ်က သူအတွက် အလွမ်းပြေအစားထိုးခံရတဲ့လူ
တစ်ယောက်ပေါ့။ ရပါတယ် နောင်းရယ်၊ ငါဆိုတဲ့ကောင်ကလည်း
နင့်အတွက်ဆို ဘာမဆို ဖြည့်ဆည်းပေးမယ့်ကောင်ပါ။

"နင် အခု ဘာလုပ်နေလဲ နောင်း"

"ငါ နင့်ဆီကိုလာနေတာ၊ ရောက်တော့မယ်"

"ဟုတ်လား"

ဟုတ်လားဆိုပြီး မိုးသောက် သတင်းစာကို ဘယ်ဝက်ရေမှန်း
မသိ ဖြစ်ကာ ဟိုထိုး ဒီထိုးနှင့် နောက်ဆုံးတော့ နီးစပ်ရာအခန်းထဲကို
ဝင်လိုက်ပြီး ဗီရိုနောက်သို့ ထိုးထည့်လိုက်သည်။

"ကြယ်"

"အင်း ... ပြောလေ ငါ နားထောင်နေပါတယ်"

"နင် ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး"

"ဖုန်းထဲမှာ ဘာသံတွေလည်း ကြားနေရလို့"

"ညော် ... ဒါလား ဟိုလေ အဲဒါ ကိုသူပေါ့၊ ကိုသူလေ
နေကြာစေ့တွေစားပြီး အိတ်ခွံရော နေကြာစေ့ခွံတွေရော ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့လို့ သိမ်းနေတာ''

''အေးပါ ... ဒါပဲ ငါရောက်ပြီ'

''Ok ... Ok''

''တို့''

နောင်း ဖုန်းချသွားတော့ မိုးသောက် သက်ပြင်းချလိုက်မိသည်။ သူမှာ တစ်ဒုက္ခပါလား။ ကိုသူမြင့်ရင်တော့ မဲ့ရွဲ့ပြီး ပိုပြောလို့ကောင်းတော့မှာပဲ။ နောင်းက ရောက်နေပြီဆိုတော့ သုတ်သီးသုတ်ပျာနှင့်ပဲ ပြန်ထွက်လာခဲ့သည်။

''ဒုန်း''

''အား''

ပြန်ထွက်လာမှပဲ အောက်က တံခါးဘောင်ကို ခလုတ်တိုက်မိပြီး ခြေမနှင့် ခြေညှိုးထိပ်က နာသွားလေသည်။

''အား ကျတ် ကျတ်''

ခြေထောက်က ထော့နဲ့ ထော့နဲ့ ဖြစ်သွားလေတော့-

''မိုးသောက်''

''ဟင်''

''ခြေထောက်က ဘာဖြစ်လို့လဲ''

''ခလုတ် ခလုတ်တိုက်လို့ ကျတ် ကျတ်''

''ဖြစ်ရမယ်၊ တော်တော်နာသွားလား''

''နည်းနည်းပါးပါးပါ''

နှစ်ယောက်သား ညည်ခန်းထဲက ဆိုဖာပေါ်မှာ ထိုင်လိုက်ကြသည်။ မိုးသောက် နောင်းမျက်နှာကိုကြည့်လိုက်တော့ ဒေါသရိပ်ကင်းစင်နေတာမို့ ဟိုကိစ္စမသိသေးဘူးပေါ့။ သိရင် ဘာဖြစ်နိုင်မလဲ။ တစ်သက်လုံးတော့ ဖုံးကွယ်ထားလို့ မရဘူးလေ။ သိလာတဲ့အတွက် ကြိုပြီး စိုးရိမ်နေတာတော့အမှန်ပါပဲ။

ကိုချိုကသာ နောင်းကို ပြန်ချစ်မယ်ဆိုရင် –

မိုးသောက် ကိုယ့်အသည်းကွဲတာ ဘယ်နှစ်ခြမ်းပဲကွဲကွဲ၊ နောင်းအတွက်ဆိုပြီး ဖြေသာဦးမှာပါ။ သူနဲ့ အဆင်မပြေလို့ ကိုယ့်ကို ပြန်ချစ်လိမ့်မယ်လို့လည်း မိုးသောက် မမျှော်လင့်ပါဘူး။

''နောင်း''

''_____''

''နင့်ကို ငါ ကပြရဦးမှာလား''

နောင်း လွန့်ခနဲပြုံးလိုက်ပြီး –

''နေပါစေ ကြယ်ရယ်၊ ငါ နင့်ကို ဒုက္ခမပေးချင်တော့ပါဘူး။ ပြီးတော့ တစ်ဖက်သတ်ချစ်ရတဲ့ဘဝကိုလည်း ငါ ကိုယ်ချင်းစာတတ်သွားပါပြီ။ နှလုံးသားရဲ့အမိန့်ကို မလွန်ဆန်နိုင်တဲ့ငါလေ၊ ငုံ့ကိုယ်ငါ

www.burmeseclassic.com

www.burmeseclassic.com

ခွင့်မလွှတ်ချင်ဘူး သိလား။ နင့်ကို ပြန်မချစ်နိုင်တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပေးပါ''

''နှောင်းရယ် ... ငါ နင့်အပေါ်မှာ ဘယ်တုန်းကမှ အပြစ်မတင်ရက်ခဲ့ပါဘူးဟာ။ ငါက နင် စိတ်ချမ်းသာဖို့အတွက်ဆိုရင် ဘာမဆို ပေးဆပ်မယ့်ကောင်ပါဟာ။ နင့်အတွက် လိုအပ်လာရင် ကြယ်ဆိုတဲ့ ကောင်က နင်သာ ကြွေခိုင်းရင် ကြွေပေးမယ့်ကောင်ပါ''

''ကြယ်ရယ်''

နှောင်း ကြယ်နာမည်ကို ခပ်တိုးတိုးခေါ်ရင်း ကြယ်မျက်နှာကို ခပ်တွေတွေလေးကြည့်လိုက်မိသည်။ နှောင်းရဲ့နှလုံးသားက ကိုယ့်အပေါ် အရမ်းကောင်းတဲ့ ကြယ်ကိုကျတော့ ဘာလို့ လက်မခံနိုင်တာလဲ။ နှလုံးသားလင်းကြောင်းမှာ ကျွန်းခံနေလို့များ ကိုယ့်အပေါ် မတုံ့ပြန်နိုင်တဲ့သူကိုမှ ရွေးပြီး ချစ်မိလေရော့သလား။

ကိုချိုနဲ့ ဆုံခွင့်ရလို့ –

ရေစက်ဆိုတာကို ကျေးဇူးတင်ပြီး ရွှေဘူးနဲ့တောင်ထည့်ထားချင်မိခဲ့တာ။ အခုတော့ အဲဒီရေစက်ဆိုတာကိုပဲ မုန်းလိုက်တာ။ အစကတည်းက ပေါင်းစည်းခွင့်မရှိဘူးဆိုရင် ဆုံစည်းမပေးနဲ့ပေါ့။

အချစ်ဆိုတာ တစ်ခါတလေကျတော့ ပေးဆပ်ရတာပဲ ကျေနပ်ဖို့ကောင်းပါတယ်။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းခွင့်ပဲ

ကြုံချင်ကြတာပေါ့။

''ငါ ကိုချိုကို အရမ်းချစ်တယ်''

''ငါသိပါတယ်''

''ငါ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး ကြယ်''

''ဟင်''

အဆုံးရှုံးမခံနိုင်လို့ သူမက ဘာလုပ်လို့ရမှာလဲ။ နှောင်းက မိန်းကလေးလေ။ သူမှာ ဘာအကြံအစည်တွေ ရှိနေလို့လဲ။ ဘာအကြံအစည်ပဲရှိရှိ နင် နောက်ကျသွားပါပြီနှောင်းရယ်။ သူတို့ စေ့စပ်ပြီးသွားကြပြီ။ နင် ဘာလုပ်လို့ ရတော့မှာလဲ။ အခု သူတို့ စေ့စပ်တဲ့အကြောင်းကို ငါ မပြောဘဲထားတာအဲတွက် ငါ့ကိုခွင့်လွှတ်ပေးပါဟာ။

နင့်ကိုငါ့အတွက် ဖြစ်ရအောင် မနာလိုစိတ်နဲ့ ဖုံးကွယ်ထားတာ မဟုတ်ပါဘူး။ နင် အမှားတွေလုပ်မိမှာစိုးလို့ပါ။

''ဟင်''

နှောင်းလက်ထဲမှာကိုင်ထားတဲ့ဖုန်းက မြည်လာလေသဖြင့်–

''ဟယ်လို''

''------''

''အေး ... ပြော ဝင်းမာ''

''-----''

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဘာလဲ၊ ငါက ဘာကိုသိရမှာလဲ"

"_____"

"ဘာ"

"____"

"ကို ကိုချိုတို့ စေ့စပ်သွားပြီ ဟုတ်လား ငင်းမာ။ အဲဒါ တကယ်ပဲလား"

"____"

"အို ... မဖြစ်ရဘူး၊ မဖြစ်ရဘူး။ နင် ညာပြောနေတာ မဟုတ်လား။ ငါ မယုံဘူးနော် ဝင်းမာ"

"_____"

နှောင်း ဧဏာအသံတိတ်နေပြီး –

"ဒါဆို သူတို့က တကယ်ကြီးပေါ့ ဟုတ်လား"

"_____"

"စိတ်မကောင်းဖြစ်ပါနဲ့။ သူတို့က တကယ်ဆိုတော့လည်း ငါက သူတို့နဲ့ သွားတွေ့ရတော့မှာပေါ့"

"____"

"ငါ ဘာလုပ်မလဲဆိုတာ နောက်တော့ နင်သိမှာပေါ့"

"_____"

"နင် ပြောချင်တာ ဒါပဲမို့လား"

"_____"

"တော်ပြီ ... မပြောနဲ့တော့၊ ငါ ဖုန်းချလိုက်တော့မယ်"

"_____"

နှောင်း ဖုန်းချပြီး ထရပ်လိုက်တော့ –

"နှောင်း"

မိုးသောက်ပါ ထရပ်ပြီး နှောင်းလက်ကို ဆုပ်ကိုင်လိုက်သည်။ ပုံစံကြည့်ရတာ ကိုယ်မပြောတဲ့ကိစ္စကို ဝင်းမာပြောလိုက်ပြီထင်ပါရဲ့။ သိသွားပြီဆိုတော့ နှောင်း ဘာလုပ်မှာလဲ။

"နင် ပြန်တော့မလို့လား"

"အဲဒါ ဝါ့ကိစ္စ"

"နှောင်း"

နှောင်း လက်ကို ရုန်းပြီး ထွက်သွားလေတော့သည်။ မိုးသောက် လိုက်သွားရမလား။ ဒီအတိုင်းပဲ ရပ်ကျန်နေခဲ့ရမလား။ အချစ်အတွက် ကိုယ်ကတော့ ပေးဆပ်ချင်သူဖြစ်ပြီး နှောင်းကတော့ ဘယ်လိုလူမျိုး ဖြစ်မလဲဆိုတာ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၂)

သူတို့ စေ့စပ်သွားကြပြီတဲ့။ မဖြစ်ရဘူး။ နှောင်း သူတို့ကို ပေါင်းခွင့်မပေးနိုင်ပါဘူး။ ကိုယ်အရမ်းချစ်ရတဲ့လူတစ်ယောက်ကို ကိုယ်မှ ပိုင်ဆိုင်ခွင့်မရရင် ဘယ်သူမှ ပိုင်ဆိုင်ခွင့်မရစေရဘူး။ အဲဒါ နှောင်းရဲ့ အချစ်ပါပဲ။ ကိုယ့်ချစ်သူ ပျော်ပါစေဆိုပြီး ပေးဆပ်ရတာမျိုး နှောင်း မလုပ်နိုင်ပေ။

ကိုက ပေးဆပ်လိုက်ရင် ...

သူတို့ကတော့ ပျော်နေမှာပေါ့။ ကိုယ့်မှာသာ မအိပ်နိုင် မစားနိုင်နဲ့ ဒုက္ခရောက်ရမှာ မတန်ပါဘူး။ ဒီတော့ ကိုယ်မပျော်ရတဲ့ အတူတူ သူတို့ကိုလည်း နှောင်း ပျော်ခွင့်မပေးနိုင်ပေ။ ကိုယ်ခံစားရသလို

သူတို့လည်း ခံစားစေရမယ်။ နှောင်း ဆေးခန်းကို အရင်သွားတော့–

ဆေးခန်းက အပြီးပိတ်လိုက်ပြီတဲ့။

ဒါကြောင့် အိမ်ကိုပဲ လိုက်လာမိတော့သည်။

"ချစ်"

"ဟင့်"

"ကိုယ်တို့လက်ထပ်ပြီးရင်လည်း ခုလိုပဲ နားလည်မှုတွေနဲ့ ကြင်ကြင်နာနာ နေကြမယ်နော်"

"ဒါပေါ့ ကိုကိုရဲ့။ ကိုကိုက ချစ်ကို ချစ်သလို ချစ်ကလည်း ကိုကိုကို ချစ်တာပဲလေ။ တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ လက်ထပ်ကြတာပဲဥစ္စာ နားလည်မှုတွေနဲ့ ကြင်ကြင်နာနာ နေရမှာပေါ့။ ဒါမှ အိမ်ထောင်ရေးက သာယာပြီး ခိုင်မြဲမှာလေ၊ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့"

ပြောပြီး ကိုချို မြတ်နိုးစွာနှင့် ချစ် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားမိသည်။ ချစ်က တကယ့်ကို စိတ်သဘောထားဖြူစင်သည့် အပြင် အိမ်ထောင်ရေးသုခကို ပေးစွမ်းနိုင်မည့် မိန်းကလေးပါ။ ဆရာဝန်ဆိုတဲ့ ဂုဏ်ပုဒ်ကြီးနဲ့ အခန့်သားမနေတတ်ပါဘူး။ အိမ်မှုကိစ္စတွေလည်းနိုင်သည်လေ။

"ချစ်က အရမ်းချစ်ဖို့ ကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုလည်း ချစ်ဖို့ကောင်းတယ်လေ"

"တကယ်လား"

"တကယ်ပေါ့"

"ဟုတ်ပါပြီ ... ချစ်တာတွေပြောရရင် ပြောလို့ကုန်မှာ မဟုတ်တော့ဘူး"

ကိုချို လက်ကနာရီကို ငုံ့ကြည့်ပြီး –

"ဆေးရုံသွားရအောင်နော်"

နှစ်ယောက်သား လက်ချင်းချိတ်ပြီး ထွက်လာခဲ့ကြတော့သည်။ ကားပေါ်တက်ပြီး ကားမောင်းထွက်ခဲ့ကြပြီးနောက်မှာတော့–

"ဟင်"

နှောင်းရဲ့ကား ဘေးကနေ ဖြတ်မောင်းသွားတာ ကိုချို့ရဲ့ကားပါ။ ကိုချို့ကိုလည်း မြင်လိုက်တာမို့ နှောင်း ကားကို ဘတ်စ်ဆုတ်ပြီးမှ ပြန်ကွေ့ကာ ကိုချို့ကားကို မီအောင် လိုက်လေတော့တ်။ ကိုချို့ဘေးက မိန်းကလေးကို မျက်နှာသေသေချာချာ မမြင်လိုက်ရပေမယ့်

နှောင်း သိနေပါတယ်။ ချစ်ပဲဖြစ်မှာပေါ့။ သူ့အပြင် ဘယ်သူရှိရဦးမှာလဲ။

"ကိုကို"

"ဟင်"

"နောက်ကကားက ချစ်တို့ကားနောက်ကို အမီလိုက်နေသလိုပဲ။ ထပ်ကြပ်မကွာပဲ ကိုကို"

"ကိုကိုသိတယ် ချစ်။ အဲဒါကြောင့် ကိုကို မျက်ခြေဖြတ်ခဲ့ဖို့ ကြိုးစားနေတာ။ ကြည့်ရတာ နှောင်း ထင်တယ်"

"ဟင် ... ဟုတ်လား"

ချစ် နောက်သို့လှည့်ကြည့်လိုက်တော့ ဟုတ်ပါတယ် နှောင်းပါပဲ။ သူ လှည့်ကြည့်နေတုန်းမှာပဲ ကိုချို့ဖုန်းက အသံမြည်လာလေလျှင် –

"ချစ်"

"ဟင်"

"ချစ် ကိုင်လိုက်ကွာ၊ နံပါတ်ကိုပြော"

ကိုချို ကမ်းပေးတဲ့ဖုန်းကို လှမ်းယူပြီး ချစ်ကြည့်လိုက်တော့ နာမည်ပေါ်လာတာက နှောင်းတဲ့။

"နှောင်း ကိုကို"

"အဲဒါဆို မကိုင်ခဲ့၊ စက်ပိတ်ထားလိုက်"

"သူ ဘာပြောမလို့လဲမှမသိတာ ကိုကို့ရဲ့"

"ဖယားတွေရှုပ် အာရုံတွေနောက်လို့ ချစ်ရယ်။ ပိတ်းပိုရင် ပိတ်ထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com

ချစ် ကိုကိုခိုင်းတဲ့အတိုင်းပဲ ဖုန်းကိုစက်ပိတ်ထားလိုက်တော့တာ။ ချစ် နှောင်းကို သနားပါသည်။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ ကိုကိုက သူကိုမှမချစ်တာ။

ကိုကိုကသာ သူကိုချစ်ရင် ချစ် အသာတကြည်နဲ့ နောက်ဆုတ်ပေးမှာပါလေ။ ဘာဖြစ်လို့လဲဆိုရင် ချစ် ယောကျ်ားတစ်ယောက်ကို ပြိုင်ပြီးမလုချင်ပါဘူး။

ပြီးတော့ ကိုယ်ချင်းစာသည်လေ။

အခုအခြေအနေက –

ချစ် နောက်ဆုတ်ပေးလို့လည်း ကိုကိုက သူကို ပြန်ချစ်မှာမှ မဟုတ်တာ။

"တောက် ... အရေးထဲ မီးပွိုင့်က မိနေသေးတယ်"

မီးပွိုင့်မိနေတဲ့အချိန်မှာပဲ နှောင်းက ဖုန်းခေါ်တာဖြစ်ပြီး ဒီဘက်က စက်ပိတ်ထားလေတော့ –

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

နှောင်း မရမ္မန်းသိသိနဲ့ ထပ်ခေါ်ကြည့်မိပြန်တာ။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

"တောက်"

ဟော ... မီးပွိုင့်က လွတ်တာနဲ့ ကားတွေ တန်းစီထွက်ကုန်ပြီ၊ နှောင်း ဘာမှစဉ်းစားမနေတော့ပါဘူး။ ကိုချိုတို့ကားကို မီအောင်ရိုက်ပြီးတိုက်ပစ်မည်ဟု ကားကို အရှိန်မြှင့်ပစ်လိုက်သည်။ ဖြစ်ချင်ရာဖြစ် လောလောဆယ် ဖြစ်တည်နေတဲ့ဒေါသကို အရှုံးမပေးနိုင်တာမို့ သေချင်ရာလူ သေပါစေတော့။

"ဒုန်း"

"အား"

"ခွမ်း"

"အား"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

"သမီး"

"သမီးလေး"

နှောင်းကတော့ စိတ်လွတ်ကိုယ်လွတ်နဲ့ လုပ်ချင်ရာကို လုပ်ခဲ့ပြီးပြီ၊ မိဘနှစ်ပါးမှာတော့ အရူးမီးဝိုင်းဖြစ်နေပြီလေ။ သူမ စိတ်ထဲမှာ အချစ်တစ်ခုကလွဲပြီး မိဘဆိုတာကို ထည့်မတွက်ခဲ့လို့ပေါ့။ မိတွေ့မှာတော့ တစ်ဦးတည်းသော သမီးလေးမို့ အရိပ်ကို ကြည့်နေခဲ့တာ။ အခုတော့ သူတို့မှာ မဖြေနိုင် ဖြစ်နေကြရပြီလေ။

"ကျွန်မတို့တော့ ကိုယ်ကျိုးနည်းပါပြီ ကိုကျော်မောင်ရယ် ... အဟင့် ဟင့်"

"ဘာတတ်နိုင်တော့မှာလဲ မေရယ်၊ ကံတရားလို့ပဲ သတ်မှတ်ရတော့မှာပေါ့။ ဆရာဝန်တွေလည်း တတ်နိုင်သလောက် ကြိုးစားကုနေကြတာပဲကွာ"

"ကျွန်မသမီးလေး သမီးလေး အသက်အန္တရာယ်ကနေ လွတ်ကင်းပြီး ကျန်းမာပါစေ"

"နှောင်းရယ်"

နင် တကယ်ကို တစ်ဖွတ်တိုးဆန်ပါလား။ ဝိုးသောက် စိုးရိမ်လို့ လိုက်လာခဲ့တာတောင် မမီလိုက်ပေ။ စိတ်လိုက်မာန်ပါလုပ်တော့ အရာ ကိုချိုတို့က ဘာမှမဖြစ်ဘူးလေ။ နင်ပဲ ထိခိုက်နစ်နာပြီ မဟုတ်လား။

"ဟော ... ဆရာဝန်ကြီး ထွက်လာပြီ"

ဆရာဝန်ကြီးအနားသို့ ပျာပျာသလဲနှင့်ရောက်သွားကြပြီး–

"ဒေါက်တာ ... ကျွန်တော်တို့သမီးလေးအခြေအနေ ဘယ်လိုရှိလဲ ဒေါက်တာ"

"ပြောပါ ဒေါက်တာရယ်၊ ကျွန်မ သမီးလေးကို စိုးရိမ်လွန်းလို့ပါ"

"အသက်အန္တရာယ်ကတော့ စိုးရိမ်စရာမရှိပါဘူး။ ဒါပေမဲ့" ဒေါက်တာက စိတ်မကောင်းဟန်နှင့် ခေါင်းခါပြီး သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com

ချလေတော့ အသက်အန္တရာယ်က စိုးရိမ်စရာမရှိဘူးဆိုလို့ ဝမ်းသာမယ် ကြံရုံရှိသေး စိတ်က မချမ်းသာနိုင်သေးပေ။

"မျက်လုံးကို ထိခိုက်သွားတာက အကောင်းဟုတ်ပြန်ဖြစ်လာမယ်လို့ ကျွန်တော် မထင်ဘူးဗျာ။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးတော့ ကြိုးစားနေကြပါတယ်။ သူ့ရဲ့ကံပဲပေါ့"

"ဗျာ"

"ဂွင်"

ဒေါ်နွေဦးမေ ငိုနေရင်း ရင်ဘတ်ကိုလက်နှဝိုဖိတာမြင်လေတော့ –

"မေ"

"အန်တီ"

"မေ သတိထားလေ"

"အန်"

ဒေါ်နွေဦးမေ ခေါင်းခါလိုက်ပြီး –

"မေ ဘာမှမဖြစ်ပါဘူး။ သမီးလေးကိုပဲ ကယ်တင်ပေးကြပါဟီး"

"မေရယ်"

ဦးကျော့မောင် ဇနီးဇော်ပခုံးကိုဖက်ပြီး ဘယ်လိုနှစ်သိမ့်

ပေးရမှန်းမသိတော့ပေ။

"သမီးလေးအတွက် စည်းစိမ်တွေ အကုန်ကုန်စမ်းပါစေကိုယ်ရအောင်ကုမှာပါ မေရယ်"

ပြောသာပြောရတယ် ဦးကျော့မောင် ရင်ထဲမှာလည်း မချိတော့ပေ။

ဦးသောက် ရင်ထဲမှာလည်း

ယောကျ်ားဖို့လို့သာ မျက်ရည်မကျအောင် ထိန်းနေရတယ်။ မူပန်သောကတွေက နေလိုမီးလိုပါ။ ဝိုက်လိုက်တာနော်းရယ်။ နင် အဲဒီလိုလုပ်တော့ ကိုရှိက ကရုဏာသက်ပြီး နင့်ကိုပြန်ချစ်မှာတဲ့လား။ အခု သူတို့ကတော့ နင့်ကို လာမေးရုံကလွဲပြီး ချစ်တယ် လက်ထပ်ပါမယ်လို့ ပြောမှာဖို့လိုလား။

သူ စာထဲမှာ ရေးခဲ့ဖူးပါတယ်။

မိန်းကလေးတွေက အချစ်အတွက်ဆိုရင် နှာခေါင်းမပါလို့ ကန်တော့ မစင်တောင်စားမယ်လို့လေ။ နင် အဲဒီစာရင်းထဲမှာ ပါနေပြီနော်။ ငါလည်း ယောကျ်ားပေမယ့် နင့်လိုပါပဲ နော်းရယ်။ ဒါပေမဲ့ နင်နဲ့ငါ ချစ်တတ်ပုံချင်းတော့မတူပါဘူး။ ငါက နင့်အပေါ်မှာ အနစ်နာခံပေးဆပ်ခြင်းနဲ့ ချစ်ခဲ့တာပါ။

"ကြယ်"

www.burmeseclassic.com

www.burmeseclassic.com

''_____''

''မင်း သူငယ်ချင်းကို မကယ်နိုင်တော့ဘူးလား သားရယ်''

မိုးသောက် အန်တီလက်ကို ခပ်တင်းတင်းဆုပ်ထားလိုက်မိသည်။ ကယ်ချင်တာပေါ့။ ကိုယ့်ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကို အစားထိုးပြီး ခံစားလို့ရရင် နှောင်းခံစားနေရတဲ့ ဝေဒနာတွေကို သူဝင်ပြီး ခံစားပေးတာပေါ့။ အဲဒီလောက်အထိ နင့်ကိုငါ ချစ်တာပါ နှောင်းရယ်။

ဖြစ်နိုင်ရင် နှောင်းဘဝလေး သာယာလှပဖို့အတွက် မိုးသောက်ဆိုတဲ့ကောင်က အသက်ကိုတောင် ပေးခဲ့တဲ့ကောင်ပါ။

''နှောင်းသွဲ့လေညင်းကို ဝင်တွေ့လို့ရပါပြီရှင်''

''ဟင်''

နာစ်မလေးတစ်ယောက် လာပြောလေတော့ နှောင်းရှိရာသို့ လာခဲ့ကြောင်း ရင်တွေတထိတ်ထိတ်နှင့်ပါ။

❐❐❐

အခန်း (၂၄)

''သမီး''

ဒေါ်နွေဦးမေ သမီးလက်ကလေးကို ဆုပ်ကိုင်လိုက်ကာ–

''သမီး သက်သာရဲ့လားဟင်''

နှောင်း ခေါင်းညိတ်လိုက်ပြီး –

''မေမေ''

''ပြောလေ သမီး''

''ကိုချို မလာဘူးလားဟင်''

''ဟင်''

ကိုချိုကိုသာ အရင်မေးတဲ့ နှောင်းရဲ့အချစ်က ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com

တောင် နက်ရှိုင်းလိုက်ပါသလဲ။ ဝေဒနာတွေ အလူးအလိမ့်ခံစားနေရ တာတောင် စိတ်မနာနိုင်ဘူးလေ။ ဒေါ်နွေဦးမေ မိုးသောက်ကို မော့ ကြည့်လေတော့ မိုးသောက် ဘယ်လိုပြောရမှန်းမသိပေ။

"မေမေ သမီးမေးတာ ဖြေဦးလေ။ ကိုချို မလာဘူးလားဟင်။ သမီးကို ခဏလေးတောင် သူလာမကြည့်ဘူးလား"

"ကြော် ... လာတယ်နှောင်းရဲ့လာတယ်။ သူလာတော့ နင်က သတိမရသေးဘူးလေ။ သူလည်း ဆေးရုံမှာ ဂျုတိဝင်နေရတော့ မအားလို့ဖြစ်မှာပါ။ သူအားတာနဲ့ နင့်ဆီကိုလာမှာပါ"

"အခုပြောတာ ကြယ်လား"

"ဟုတ်တယ်လေ နှောင်းရဲ့။ နင်က ဘယ်သူထင်လို့လဲ"

"နင်မှန်းတော့ သိပါတယ်။ ဒါပေမဲ့ ကိုချိုအသံနဲ့တူလို့ပါ။ ဒါနဲ့ သူ ငှဲ့ဆီကို တကယ်လာမှာလား။ လာတုန်းက ဘာတွေပြောသွား လဲဟင်"

မိုးသောက်နှင့် အန်တီမေ အကြည့်ချင်းဆုံသွားကြလေသည်။ အဖြေခက်မယ့်မေးခွန်းမျိုးတွေ မမေးပါနဲ့လား နှောင်းရယ်။

"သူပြောသွားတာကတော့ သမီးကို ဂရုစိုက်ပါတဲ့။ သူလည်း အားတာနဲ့ မကြာမကြာ လာကြည့်ပါမယ်တဲ့"

"ဟုတ်လား"

"ဟုတ်တယ် နှောင်း။ ကိုချိုကလေ နင့်အတွက် အရမ်း ပူးရိမ်နေတာဟာ။ နင် အက်ဆီးဒင့်ဖြစ်တုန်းက သူပဲ ဆေးရုံပို့ပေးပြီး ပျာယာခတ်နေတာ။ သူ့ကြောင့် နင် ဒီလိုဖြစ်ရတာဆိုပြီး ငိုတောင် ငိုတယ်။ သူ နင့်အပေါ် နားလည်သွားပါပြီတဲ့"

နှောင်းရဲ့နှုတ်ခမ်းလေးတွေက ပြုံးနေသည်။ တကယ်ထင် ပြီး နင်ဝမ်းသာနေတာ မဟုတ်လား နှောင်း။ ငါ နင့်ကို အခုလို ညာချင်ပါဘူးဟာ။ ညာမှဖြစ်မှာမို့လို့ ညာလိုက်ရတာပါ။ နောက်ဆို တာထက် အခုလောလောဆယ်မှာ နင် စိတ်ချမ်းသာဖို့က အရေးကြီး တယ် မဟုတ်လား။ ဒါကြောင့်ပါ နှောင်းရယ်။

"ကြယ်"

"ပြောလေ"

"နင်ကရော ငှဲ့အပေါ်မှာ အရင်လို သည်းခံနိုင်ဦးမှာလား။ ငါက အကန်းဖြစ်နေပြီဆိုတော့ နင့်ကိုပဲ အားကိုးနေရဦးမှာနော်"

"ဟာ ... ဘာအကန်းလဲ။ နင့်မျက်လုံးတွေ ဘာမှမဖြစ်ပါဘူး ပြန်ကောင်းလာမှာပါဟာ"

"ငှဲ့ကို နှစ်သိမ့်မပေးပါနဲ့ ကြယ်ရယ်။ ငှဲ့အခြေအနေကို ငါ သိပါတယ်။ ဆရာဝန်တွေ ပြောတာကိုလည်း ငါကြားပြီးပါပြီ။ ဒါပေမဲ့ ငါကျေနပ်ပါတယ်။ ကိုချိုက ငှဲ့အပေါ် နားလည်သွားတယ် ဆိုလို့လေ"

www.burmeseclassic.com

www.burmeseclassic.com

ငါးပိကောင်ဖြစ်တောင် အပြီးတစ်ပိုင်းလှုပ်တုန်းလားလို့တော့ မမေးချင်တော့ပါဘူး နှောင်းရယ်။ နင်လည်း နင့်ခံစားချက်နဲ့နင်ပဲဥစ္စာ။ ဒါပေမဲ့ နင် စိတ်တွေ အစွန်းမရောက်ပါနဲ့ နှောင်းရယ်။ နင် ကိုချို့ကို လှမ်းလို့မိမယ်ဆိုရင် ငါက နင့်ခြေဖဝါးအောက်မှာ တုံးအဖြစ် ခုံအဖြစ်နဲ့ ငှါပခုံးကို ခုထားပေးမယ့်ကောင်ပါ။

အခုတော့ –

နင်မမိပါဘူး နှောင်းရယ်။ သူက လက်ထပ်တော့မှာ။ ငါ နင့်ကို ဘယ်လိုပြောထွက်ပါ့မလဲ။ အမှောင်ကျနေတဲ့ နင့်ဘဝအတွက် ငါကတော့ အမြဲတမ်း လင်းလက်ပေးနေဦးမယ့်ကြယ်ပါ။ နင့် မျက်စိတွေ အလင်းရောင်ကို ပြန်မြင်ရဖို့အတွက် စာစ်နေ့နေ့ကျရင်တော့ ကြယ်က ကြွေချိန်မကျလည်း –

ကောင်းကင်ကနေ ရအောင်ကြွေပေးမှာပါ။

"ကြယ်"

"------"

"ငှါကို ခွင့်လွှတ်ပါနော်"

"ဘာအတွက်လဲ နှောင်း"

"ငါ နင့်အပေါ် မတုံ့ပြန်နိုင်တဲ့အတွက်ပါ။ နှလုံးမကောင်းရင် နှလုံးအစားထိုးကုလို့ ရပေမယ့် နှလုံးသားက သူအလိုလို တောင်းဆို

လာတဲ့အချစ်က အစားထိုးမရလို့ပါ။ နင့်ကိုငါ အရင်းချစ်ပါတယ်။ အစ်ကိုလို သူငယ်ချင်းလိုပေါ့။ ငါ နင့်အပေါ် အရင်လိုမဆိုးတော့ပါဘူး ဟာ ... နော်"

"အေးပါ ... နင်စိတ်ချမ်းသာရင် ပြီးတာပါပဲ။ ငါလည်း နင့်ဆီက တွဲပြန်ရကောင်းစေလို့ မမျှော်လင့်ပါဘူး"

"ကြယ်ရယ်"

နှောင်း လက်ကလေးနဲ့ ဟိုစမ်း ဒီစမ်းလုပ်နေတော့ မိုးသောက် ရင်ထဲမှာ ဆို့နင့်သွားရ၏။ ဒါ့ကြောင့် နှောင်းလက်ကလေးကို ဆုပ်ကိုင်လိုက်တော့ နှောင်းက ကျန်လက်တစ်ဖက်နှင့် သူလက်ကို ပြန်ပြီး ဆုပ်ကိုင်ထားလေသည်။ ဒီလိုဖြစ်ရမလားလို့ ကံကိုအပြစ်တင်ရအောင်ကလည်း နှောင်းကိုယ်တိုင်က ကြမ္မာဖန်ခဲ့တာပဲဥစ္စာ။

"နှောင်း"

"ဟင်"

"ငါ သွားစရာကိစ္စလေးရှိသေးလို့ သွားလိုက်ဦးမယ်နော်။ ညနေမှ ပြန်လာခဲ့မယ် သိလား"

"နင် ဘယ်သွားမှာလဲ ကြယ်"

"စာမူသွားပို့မလို့ပါ"

"ဩော် ... ဒါဆိုသွားပါ"

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက် ပါးစပ်ထဲ တွေ့ရာကောက်ပြောလိုက်တာဖြစ်တ၏။ တကယ် သူ ကိုချို့ဆီကိုသွားမလို့ပါ။ နှောင်းနဲ့ပတ်သက်လို့ အကျိုး အကြောင်းပြောပြပြီး အကူအညီတောင်းစရာရှိလို့ပါလေ။ နှောင်း စိတ် ချမ်းသာဖို့အတွက်ဆို သူ ဘယ်သူကိုပဲ ခယတောင်းပန်ရပါစေ တောင်း ပန်မှာပါ။

"အန်တီ"

"____"

"ကျွန်တော့်ကို သွားခွင့်ပြုပါဦးနော်"

"အေး အေး . . . သား၊ သွားပါ"

မိုးသောက် နှောင်းကို တစ်ချက်ကြည့်ပြီး ထွက်လာခဲ့တော့ သည်။

ချစ်သူ့အတွက်
အဝတ်တွေဖြေရှင်း
အသက်ကိုနှင်းအပ်ရစေဦးတော့
နှင့်ဆီက ချစ်ခြင်းတွေပေးပါလို့။
အရှက်ပြေတောင်
ငါမတောင်းတော့ပါဘူး ချစ်သူရယ်။
နှင့်ပျော်ဖို့သာ ငါဆုတောင်းရင်း

ငါ့ရဲ့ချစ်ခြင်းတွေကိုတော့
နှင့်ဆီမှာ ပုံအပ်လိုက်ပါပြီး

ကဗျာမဟုတ်တဲ့ ကဗျာလိုလို ပုံစံလေးပဲ စိတ်ထဲက ရေရွတ် ရင်း မိုးသောက် ထွက်လာခဲ့ရာ –

"မိုးသောက်"

"ဟင်"

ခေါ်တဲ့သူကို မော့ကြည့်ပြီး မိုးသောက် အံ့သြသွားလေသည်၊ ဪ သူ နှောင်းဆီကိုလာတော့ လာသေးတယ်ပေါ့။ လမ်းကြုံလို့ စစ်တာလား။ တမင်ပဲ ရည်ရွယ်ပြီးလာခဲ့တာလားတော့ မသိပေ။

"ကိုချို"

"နှောင်းနဲ့ပတ်သက်ပြီး ငါ တကယ်စိတ်မကောင်းဘူးကွ။ သူ ငါ့ကို တော်တော်မုန်းနေမလား မသိဘူး"

မိုးသောက် ခေါင်းခါလိုက်ပြီး မျက်ချည်က ဝေ့တက်လာ သည်။ ကိုချို့ကတော့ စိတ်မကောင်းရုံပဲလား ကိုချို့။ ကျွန်တော်က တော့ စိတ်တွေ မွန်းကျပ်ပြီး အရမ်းခံစားနေရတာပါ။ အခုဆိုရင် နှောင်းက အသက်ရှင်လျက်နဲ့ ဘဝသေသွားပါပြီဗျာ။ သူက ပေးတာကို မယူဘဲ မရတာလိုချင်တောင့်တမိလို့ ကံကြမ္မာက ဒဏ်ခတ်လိုက် သလားတော့ မသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

အခု ...

နှောင်း မျက်လုံးတွေ ခင်ဗျားမျက်နှာကို မမြင်နိုင်တော့သလို ကျွန်တော့်ကိုလည်း မမြင်နိုင်တော့ပါဘူး ကိုချိုရယ်။ အရာအားလုံးကို သူ မြင်ခွင့်မရှိတော့တာပါ။

"ကျွန်တော် ခုပဲ ကိုချို့ဆီ လာတော့မလို့ပါ"

"ဘာကိစ္စရှိလို့လဲ မိုးသောက်။ ကိုချို ဘာကူညီပေးရမလဲ၊ ပြောလေ"

"နှောင်းက ကိုချို့ကို မမုန်းပါဘူးဗျာ။ အခုဆို ကိုချို့ကို ပိုပြီးတောင် တမ်းတနေပါသေးတယ်။ ကိုချို မလာဘူးလား။ နှောင်းကို လာမကြည့်ဘူးလားလို့မေးနေတာ တတွတ်တွတ်ပါပဲ"

ကိုချို သက်ပြင်းချလိုက်မိသည်။ ဒီလိုတွေ ဖြစ်လာမယ်မှန်း သိရင် အစကတည်းက သူ နှောင်းကို ခင်မင်ရင်းနှီးခွင့်မပေးခဲ့ပါဘူး။ နှောင်းရဲ့စိတ်ကိုလည်း အလိုမလိုက်ခဲ့ပါဘူး။ သူ ပထမတွဲခဲ့တဲ့ မိန်းကလေးတွေလိုပဲလို့ နှောင်းကိုထင်ခဲ့မိတာ။ အခုတော့ သူက အရမ်း အစွဲအလမ်းကြီးတဲ့သူ ဖြစ်နေတော့ –

ကိုယ်ပါးစပ်နဲ့ရေးလိုက်တဲ့ လက်ရေးအတွက် ဖျက်ဆေးက မရှိဘူးလေ။ ဘယ်လိုတောင်းပန်ရင် ဖျက်ပေးနိုင်မှာတဲ့လဲ။

"ကိုချို"

"_____"

"ကိုချိုကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ဘာအတွက် တောင်းပန်တာလဲ မိုးသောက်။ မင်းကို ငါ ပြောခဲ့ဖူးပါတယ်။ မင်း ပထမစာစီခါတောင်းပန်တုန်းက တစ်နေ့ကျရင် ငါက မင်းကို ပြန်ပြီးတောင်းပန်ရမှာပါလို့။ အခု အရာအားလုံးအတွက် ငါ တောင်းပန်ပါတယ်။ မင်းက နှောင်းကို စိတ်ညစ်မှာစိုးလို့ဆိုပြီး ငါ့ကို တောင်းပန်လို့ ငါ အလိုက်အထိုက်နေပေးလိုက်တာကပဲ ခုလို ဒုက္ခရောက်ဖို့ ဖြစ်သွားတာပေါ့"

မှန်ပါသည်။ ဒါဆိုရင် အဓိကတရားခံက ကိုယ်ပဲပေါ့။ ကိုယ်က နှောင်း စိတ်ညစ်နေတာကိုမကြည့်ရက်လို့ တောင်းဆိုခဲ့မိတာ နှောင်းကိုအဆိုးဆုံး ခံစားရအောင် လုပ်လိုက်သလိုပါပဲလား။ သူ တွေးမိခဲ့ပေမယ့် ဒီလောက်အထိ ဆိုးရွားသွားလိမ့်မယ်လို့တော့ ထင်မထားခဲ့ဘူးလေ။

လောလောဆယ်အတွက် ဖြေရှင်းပြီး အနာဂတ်မှာ အဆင်ပြေသွားလိမ့်မယ်လို့ထင်ခဲ့တာ။ ခုလည်း မတောင်းဆိုသင့်ပေမယ့်

"ကိုချို"

"____"

"ကိုချို ... နှောင်းကို ခဏခဏလာကြည့်ပေးပါဗျာ။

www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ်မှာ''

''တော်တော် ... မိုးသောက်၊ ငါ နောင်းကို ထပ်ပြီး မလှည့်စားချင်တော့ဘူး။ ဒီနေ့ သူကို ငါလာကြည့်တာ နောက်ဆုံးပဲ။ နောက်ထပ် သူကို မျှော်လင့်ချက်တွေ ထပ်ပေးမိရင် ဒီထက် အဆိုးဆုံးတွေ ထပ်ဖြစ်မလာဘူးလို့ ပြောနိုင်မလား။ လောလောဆယ်ထက် ရှေ့ရေးကို ပဲ့ မင်း ဦးစားပေးပြီး တွေးပေးပါကွာ။ ငါလည်း ချစ်ခဲ့လက်ထပ်ပြီးရင် နိုင်ငံခြားကို သွားတော့မှာ''

''ဗျာ''

''မင်းရဲ့စာအုပ်တွေကို ဖတ်ပြီး စာအုပ်ထဲမှာရေးတဲ့ အတွေးအခေါ် အယူအဆတွေကို ငါ ကြိုက်ခဲ့တယ်။ အဲဒါကြောင့် မင်းကို ငါ အရမ်းလေးစားခဲ့တာပါ။ အခုကျတော့ မင်းက အချစ်အတွက်နဲ့ အတွေးအခေါ်တွေ လမ်းလွဲနေတယ် မိုးသောက်။ ငါ တစ်ခုတော့ သတိပေးခဲ့ချင်တယ်''

မိုးသောက် ပါးစပ်အဟောင်းသားနှင့် ဘာမှပြန်မပြောနိုင်ပေ။ စာရေးဆရာတွေ အတွေးအခေါ်မမှားရဘူးဆဲလား။ မမှားသောရှေ့နေ မသေသောဆေးဆရာ မရှိဘူးဆိုတဲ့စကား ဘယ်သွားထားမလဲ။ မိုးသောက် ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိပါတယ်လေ။

ဒါပေမဲ့ –

နောင်းကိုချစ်တဲ့စိတ်နဲ့ အဲဒီအမှားတွေကို မပြင်နိုင်ခဲ့တာပါ။ အနာဂတ်ကိုလည်း ကြိုတွေးခဲ့မိပါတယ်။ တွေးမိရင်းပဲ လောလော ဆယ် နောင်း စိတ်ညစ်တာကို မကြည့်ရက်တဲ့ နလုံးသားက ဦးနောက်ကို အမှားတွေ စေခိုင်းနေသမျှ ဦးနောက်က မလွန်ဆန်နိုင်ခဲ့တာပါ။

''မင်းရဲ့စိတ်ကို ပြုပြင်ဖို့လိုနေပြီ။ ပြုပြင်ပါ မိုးသောက်။ မဟုတ်ရင် မင်း နောင်းကိုချစ်တဲ့စိတ်ကြောင့် မင်းရဲ့အောင်မြင်မှုကို ထိခိုက်သွားနိုင်တယ်။ ငါ မင်းကို အမြဲတမ်း လေးစားနေပါရစေ''

ပြောပြီး ကိုချိုက နောင်းဆီသို့ လျှောက်သွားလေတော့သည်။ သူတို့ပြောနေတာ အပြင်ဘက်မှာဆိုတော့ နောင်းမကြားနိုင်ပါဘူး။ ကိုယ့်အတွေးအခေါ်တွေက လမ်းလွဲနေတယ်တဲ့။ ဆက်လွဲဦးမယ်ဆိုရင် ကျွန်တော့်ကို အပြစ်မတင်ပါနဲ့ကိုချိုရယ်။ ခင်ဗျားမှာလည်း ချစ်တတ်တဲ့ နလုံးသားနဲ့ပို့

နလုံးသားချင်း ကိုယ်ချင်းစာပေးပါ။

ဩော် ... ကိုချိုတို့က သူချစ်ကိုယ်ချစ်နဲ့ ချစ်သူချင်း ပေါင်းစည်းခွင့်ရတာကိုး။ ကျွန်တော်က ပေါင်းစည်းခွင့်မပြောနဲ့ ချစ်တာတောင် တစ်ဖက်သတ်ချစ်ရတဲ့ကောင်ပဲလေ။

''နောင်း''

''_____''

www.burmeseclassic.com

www.burmeseclassic.com

"နောင်း ... သက်သာရဲ့လား"

"ကြာယ်လား၊ နင်သွားစရာရှိလို့ဆို မသွားဘူးလား။ ဘာလဲ ငါ့ကို စိတ်မချလို့လား။ သွားမှာသာ သွားစမ်းပါဟယ်။ ငါ့အေားမှာ မေမေရှိနေတာပဲ နင်စိတ်ချပါ"

"မဟုတ်ဘူး သမီး၊ သူကလေ"

"ကိုချိုပါ နောင်း"

ဒေါ်နွေဦးမေ့၏စကားကို ဖြတ်ပြောလိုက်သူက ကိုချိုပါ။ ကိုချိုဆိုတာနှင့် နောင်းမျက်နှာလေး ကြည်စင်ဝင်းပသွားပြီး –

"ကိုချို ... နောင်း နောင်း ဝမ်းသာလိုက်တာ ကိုချိုရယ်။ ကိုချိုက နောင်းဆီကို တကယ်လာတာပဲ။ နောင်း ဝမ်းသာလိုက်တာ"

မိုးသောက် သူတို့ကို ချောင်းကြည့်မိနေရာမှ ကျောခိုင်းပြီး ထွက်လာခဲ့တော့သည်။ ပျော်ခွင့်ရှိတဲ့အချိန်လေးမှာ နှင် ပျော်ပါစေ နောင်းရယ်။ ငါ မနောင့်ယှက်တော့ပါဘူးဟာ။

❐❐❐

အခန်း (၂၅)

တုတ်ကောက်ကလေးနှင့် ဟိုစမ်း ဒီစမ်း လမ်းလျှောက်နေရတဲ့ နောင်းကိုကြည့်ပြီး မိုးသောက် မျက်ရည်ပင် ဝဲလာမိသည်။ စိတ်မကောင်းလိုက်တာ နောင်းရယ်။ နောင်းရဲ့မျက်လုံးတွေက အစားထိုးကုမ္ပဏီမယ်တဲ့။ အသက်မသေဘဲသာ မျက်လုံးကို ထုတ်ယူလို့ရရင် မိုးသောက်လေ။

နောင်းရဲ့ မျက်စိနှစ်ကွင်းအလင်းရှိဖို့အတွက် ကိုယ့်မျက်လုံး တစ်စုံကို ထုတ်ပေးလိုက်ပါတယ် နောင်းရယ်။ အဲဒါ တကယ်ဆိုတာ ပြောပြရင် နင်ယုံပေးပါ။

"အမေ့"

www.burmeseclassic.com

www.burmeseclassic.com

"နောင်း"

နောင်းရဲ့တုတ်ကောက်ကလေးက တွင်းချိုင့်တစ်ခုထဲကို ကျသွားပြီး အားပြုလိုက်တဲ့ကိုယ်လေးက ကယိမ်းကယိုင်ဖြစ်သွားလေလျှင် မိုးသောက်အတင်းပဲ ပြေးထိန်းလိုက်ရတ်။ ထိန်းလိုက်တာက လက်မောင်းကို ဆွဲတာမဟုတ်ဘဲ ကိုယ်လေးကိုဖက်ပြီး ထိန်းလိုက်မိတာပါ။

"ကျေး ... ကျေးဇူးပါ"

ပြောပြီး မိုးသောက်လက်ကို ဖယ်ချလိုက်ကာ –

"ကြယ်လားဟင်"

"အင်း ... ဟုတ်တယ်လေ၊ တစ်ယောက်တည်း လျှောက်သွားမနေနဲ့ နောင်းရဲ့။ သွားချင်လာချင်ရင် တစ်ယောက်ယောက်ကို ခေါ်လေ။ တော်ကြာ လဲနေရင် ဘယ်လိုလုပ်မလဲ၊ မဖြစ်သေးပါဘူး၊ အန်တီ့ကို ပြောဦးမှပါ။ နောင်းအတွက် အဖော်တစ်ယောက်လောက် ရှာထားပေးပါလို့"

"မေမေက အဖော်ရှာပေးဖို့ပြောပါတယ်။ ငါက လက်မခံတာပါ။ ငါသူများကို ဒုက္ခမပေးချင်ပါဘူး ကြယ်ရယ်။ အမြင်အာရုံချို့တဲ့နေတော့လည်း အကြားအာရုံနဲ့ပဲ အရာရာကို မှန်းနိုင်အောင် ငါ ကြိုးစားနေတာပါ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ နင် တစ်ယောက်တည်း သွားလာနေရင် အန္တရာယ်များတယ်လေ နောင်းရဲ့"

"_____"

"ကျွတ် ... မဖြစ်သးပါဘူး။ နင့်အတွက် အဖော်တစ်ယောက် ငါကိုယ်တိုင် ရှာပေးမှ ဖြစ်မှာပါ"

"ကြယ်"

"ဟင်"

"ဧ့်အတွက်နဲ့ နင်အလုပ်ရှုပ်မခံပါနဲ့ဟာ။ တကယ်ဆိုရင် ငါက နင့်ရဲ့စေတနာမေတ္တာတွေနဲ့ မတန်တဲ့သူပါ။ နင် ငါ့ကို ဥပေက္ခာပြုထားလိုက်စမ်းပါ ကြယ်ရယ်"

နောင်းရဲ့အသံလေးက တိုးလျလျရယ်ပါ။ သူအဖြစ် သူတွေးပြီး နောင်း ဝမ်းနည်းနေတာလား။ ကိုချိုကလည်းပြောတဲ့အတိုင်းပဲ နောက်ထပ် နောင်းဆီကို လုံးဝမလာတော့တဲ့ ချစ်နဲ့ လက်ထပ်ပြီး နိုင်ငံခြားကို သွားပြီလေ။ အရင်ရက်ကမှ နောင်းမျက်နှာရွှင်လန်းသေးတယ်။ ဒီရက်ထဲမှာ ဘိုင်နေသည်။

သူ ...

ကိုချိုကို သတိရပြီး လွမ်းနေတာလား။ ဟုတ်မှာပါ။ သူက ကိုချိုကို အရမ်းချစ်တာဆိုတော့လေ။ လာမလားလို့ မျှော်နေမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ကိုချို လက်ထပ်တာကို နှောင်းက သိမှမသိတာ။ မပြောရက်လို့ မပြောဘဲနေကြတာပါ။

"အဲဒီလိုတော့ မပြောပါနဲ့ နှောင်းရယ်။ ငါ နင့်ကို ဥပေက္ခာပြု မထားနိုင်ဘူး နှောင်း။ ငါ အသက်ရှင်နေသရွေ့ နင့်အတွက် ဘာမဆို ငါက နင်လိုသမျှ ပေးဆပ်နေမယ့်ကောင်ပါဟာ"

"မတန်ဘူးလို့ ငါပြောပြီးပြီပဲ ကြယ်။ ငို့ဘက်က နင့်အတွက် ဘာမှပြန်မပြန်မပေးနိုင်ဘူး"

"ငါ နင့်ကိုချစ်တာ ဘာရယူလိုမှုမှမပါဘူး နှောင်း။ အခုလည်း မမျှော်လင့်ဘူး၊ နောက်အတွက်လည်း မမျှော်လင့်ဘူး"

"_____"

"ငို့အချစ်တွေကိုသာ နင့်ဆီမှာ ပုံအပ်ထားတာပါ"

နှောင်း မျက်ဝန်းထဲမှာ မျက်ရည်ဥတွေ ခိုတွဲလာလေသည်။ သံယောဇဉ်ဆိုတာ နှယ်တစ်ပင် မြက်တစ်ပင်သာ ဖြစ်ခဲ့ရင် ကိုချို့ဘက်ကို တွယ်ငင်မယ့် ကြိုးတွေဖြတ်ပြီး နင့်ဘက်ကို ငါရစ်ပတ်လိုက်ပါတယ် ကြယ်ရယ်။ အခု စိတ်က နှလုံးသားကို မလွန်ဆန်နိုင်လို့ ဒီလို အဖြစ်ဆိုးတွေနဲ့ ကြုံနေရတာပါ။

အဲဒီအတွက် ...

ငါ အခုထိ နောင်တမရပါဘူး။ ရေစက်ရှိလို့ဆုံကြတယ်၊

ရေစက်ကုန်ရင်တော့ ပြီးသွားလိမ့်မယ် ထင်ပါရဲ့။

"နှောင်း"

"_____"

"နင် ကိုချို့ကို သတိရနေတာလား"

ကြယ်ရယ် နင် ဘာလို့မေးရတာလဲ။ ငါက ဟုတ်တယ်လို့ ဖြေရင် နင်ပဲ ခံစားရမှာလေ။ မဟုတ်ပါဘူးလို့ ဖြေရင်လည်း နင်ယုံမှာမှ မဟုတ်တာ။

"ဟုတ်လား နှောင်း"

"ဟုတ်တယ် ကြယ်၊ ငါ သူ့ကို အရမ်းသတိရနေတယ်။ သူမျက်နှာကို မမြင်နိုင်ပေမယ့် သူအသံကိုကြားနေချင်တယ်။ သူ့ရဲ့ ကိုယ်သင်းရနံ့လေးကို ရှူရှိုက်ရင်း သူရဲ့ ပြုစုယယမှုတွေကို ခံယူချင်တယ်"

မိုးသောက် တွေခနဲဖြစ်သွားလေသည်။ နှောင်း ခဏခဏ ပြောတယ်လေ။ ကြယ်အသံက ကိုချို့အသံနဲ့တူတယ်တဲ့။ နှောင်း စိတ်ချမ်းသာရအောင် သူမိတာတွေနဲ့တိုင်ပင်ပြီး တစ်ခုခုလုပ်ပေးမှ ဖြစ်မှာပါ။

"သူ အလုပ်မအားလို့ ဖြစ်မှာပေါ့ နှောင်းရဲ့။ ငါ ကိုရင့်ဆီကို ဖုန်းဆက်ကြည့်လိုက်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

"နေပါစေ ကြယ်ရယ်၊ နင်ပြောသလို သူ အလုပ်မအားလို့ ဆိုရင် အနောင့်အယှက် ဖြစ်နေပါ့မယ်"

"အေးပါ ... အဲဒါဆိုလည်း ပြီးတာပါပဲ"

"နင် စာမရေးဘူးလား ကြယ်"

"ရေးပါတယ်၊ အခု တစ်အုပ်ပြီးသွားလို့ နားနေတာလေ။ နောက်တစ်အုပ် ရေးဖို့ စဉ်းစားနေတုန်းပဲ"

"ဒါဆြော်"

နင် မမြင်နိုင်တဲ့အရာနဲ့ ငါ ညာလိုက်မိတာကို ခွင့်လွှတ်ပေးပါ နောင်းရယ်။ တကယ်ဆိုရင် ငါ စာမရေးဖြစ်ခဲ့တာ ကြာပါပြီ။ နင် ခုလိုစဖြစ်ကတည်းကပေါ့။ ရေးတော့ရေးမှာပါ။ စိတ်ရှုပ်နေတော့ မရေးဖြစ်ခဲ့တာပါ။

"သမီးရေ"

"____"

"သမီး"

"ဟင်"

သမီးကို စိတ်မချလို့လိုက်ရှာနေတဲ့ ဒေါ်နွေဦးမေ မိုးသောက်ကို မြင်သွားလေတော့ –

"ဆြော် ... မိုးသောက်ရောက်နေတာကိုး"

"ဟုတ်ကဲ့ အန်တီ"

"အန်တီက သမီးဘေးမှာ ဘယ်သူမှမရှိဘူးထင်လို့ စိတ်မချတာနဲ့ လိုက်ရှာနေတာ သားရဲ့"

"အန်တီ"

"ဟင်"

"နောင်းအတွက် အဖော်တစ်ယောက်တော့ ရှာပေးမှ ထင့်တယ်"

"ဟုတ်တယ် သား၊ အန်တီလည်း စဉ်းစားမိလို့ လူရှာထားထိတယ်။ လူက ရတော့ရတယ်၊ အခုလောလောဆယ် မလာနိုင်သေးလို့ သားရဲ့။ နောက်တစ်ပတ်လောက်ကြာမှ ရောက်မယ်လေ"

"ဆြော်"

မိုးသောက် ခေါင်းညိတ်လိုက်မိ၏။ ကိုယ်က စိုးရိမ်နေတာ၊ အန်တီက လူတောင်ရှာထားပြီးပြီတဲ့၊ ဒါပေါ့လေ အန်တီက နောင်းကို မွေးထားတဲ့အမေပဲ။ သူသမီးအတွက် သူက ပိုပြီး ဘာလုပ်ရမယ် ဆိုတာကို သိနေမှာပေါ့။

"အန်တီကို ကျွန်တော် တိုင်ပင်စရာရှိသေးတယ်"

"အင်း ... ပြောလေ သား"

မိုးသောက် နောင်းကို မေးဆတ်ပြလိုက်ပြီး –

www.burmeseclassic.com

www.burmeseclassic.com

"နောက်မှပဲပြောတော့မယ် အန်တီ။ အခု နောင်းအနားမှာ အန်တီရှိနေပြီဆိုတော့ ကျွန်တော် သွားလိုက်ပါဦးမယ်"

သမီးကိုကြည့်ပြီး ပြောလိုက်တာမို့ သမီးမသိစေချင်တဲ့စကား ဆိုတာကို ဒေါ်နွေဦးမေ နားလည်လိုက်ပါသည်။ ဒါကြောင့် ခေါင်းပဲ ညိတ်ပြလိုက်မိတော့တ်။

❐❐❐

အခန်း (၂၆)

"ကျွန်တော်ဖြစ်ချင်တာတော့ အဲဒါပဲ အန်တီ။ နောင်းက ကိုချို့ကို အမြဲတမ်း တမ်းတနေတာ။ ကျွန်တော် သူ့ကို ပျော်စေချင်တယ်။ အဲဒါကြောင့် ကျွန်တော်လုပ်သမျှ အန်တီတို့က နားလည်ပေးပြီး အလိုက်အထိုက် နေစေချင်တာပါ"

ဒေါ်နွေဦးမေ သက်ပြင်းချလိုက်မိသည်။ မိုးသောက်က သမီးလေးအပေါ် အရမ်းချစ်ပြီး အရမ်းအာခံတဲ့သူ။ ဒါကြောင့် သမီးလေးအတွက် အားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက်။ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်သင့်လို့ မိဘတွေက သဘောတူပေမယ့် သမီးလေးကမှ လက်မခံနိုင်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

သမီးလေးက –

ကိုချိုမှကိုချို ဖြစ်နေတာ ခက်သား။ မမီမကမ်းမဟုတ်ပေမယ့် မီသော်လည်း ကိုယ့်တက်ကိုမှ မတိမ်းပဲလေ။ ဒါကို အစွဲအလမ်းကြီးနေတာ ကိုယ့်ဒုက္ခကိုယ်ရှာနေသလိုပါပဲ။

''ဖြစ်ပါ့မလား သားရယ်''

''ဘာဖြစ်လို့လဲ အန်တီ''

''တော်ကြာ ပိုဆိုးနေမှာစိုးလို့ပါ။ သူတာသာသူ့ နေသားကျအောင် ဒီအတိုင်းပဲထားလိုက်ရ ကောင်းမလားလို့''

''ခက်တာပဲ အန်တီရယ်။ ကျွန်တော်က အခုလောလော ဆယ် နှောင်းစိတ်ဆင်းရဲနေတာကို မကြည့်ရက်တာ။ နောက်မှ တဖြည်းဖြည်းနဲ့ သူစိတ်တွေ သွေးအေးသွားအောင် ဘယ်လိုလုပ်သင့်လဲ စဉ်းစားပြီးလုပ်မလို့ပါ''

''သဘောပဲလေ၊ သား ကောင်းသလိုသာစီစဉ်ပါ''

''ဒါကို ကျွန်တော်သွားစရာလေးရှိလို့ သွားလိုက်ဦးမယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ''

''ကောင်းပြီ သား''

မိုးသောက် အန်တီကိုနှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည်။ သူ ထွက်လာခဲ့တာသည် ဝင်းမာတို့အိမ်ကိုပါ။ ဝင်းမာယောကျ်ား

ကိုသော်တာဦးက ကိုချို့ရဲ့သူငယ်ချင်းပဲလေ။ ကိုချို့နဲ့ပတ်သက်ပြီး သိချင်တာကိုမေးရင် ကိုသော်တာ သိမှာပါ။

ဝင်းမာတို့အိမ်ကိုရောက်တော့ –

''ဟယ် ... မိုးသောက်ပါလား၊ မလာစဖူး အလာထူးလို့ ကိစ္စရှိ လို့လာတာလား။ ဒါမှမဟုတ် တမင် အလည်လာတာလား ပြောပါဦး''

''နင့်ကို သတိရလို့ လာတာပေါ့''

''ငါ့ကို သတိရလို့လာတာ ဟုတ်လား။ ယုံစရာလား ဖင်ခေါင်းကျယ်ရယ်''

''ဟာ ... ဟေ့ နင် ငါ့ကို အဲဒီလိုမခေါ်နဲ့လေဟာ၊ နင့် ယောကျ်ား ရှိလား။ တော်ကြာ ကြားသွားလို့ ငါ့ကို တစ်ချီးထင်နေပါဦးမယ်ဟာ။ နင်ကလည်း''

''အမယ် ... ထင်စရာလား၊ ငါ့ယောကျ်ားက သဘောထားပြည့်ဝပါတယ်ဟ''

ပြီးလိုက်ရင်းပဲ မိုးသောက် ဟိုဟိုဒီဒီကြည့်ကာ –

''နင့်ယောကျ်ားရှိလား''

''ရှိတယ်လေ၊ ဘာဖြစ်လို့လဲ''

''ငါ သူနဲ့တွေ့ချင်လို့ လာခဲ့တာဟ''

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား၊ ကိစ္စရှိလို့လား"

"ဆိုပါတော့ သူ့ကို ငါမေးစရာလေးရှိလို့ပါ"

"အဲဒါဆို ခဏနော်၊ သူ အပေါ်ထပ်မှာရှိတယ်။ ငါ မက်ဆေ့ချ်ပို့ပြီး ခေါ်လိုက်မယ်"

ပြောပြီး ဝင်းမာက သူယောကျ်ားဆီသို့ မက်ဆေ့ချ်ပို့လိုက်ပြီး

"ငါလည်းဟယ် နောင်းဆီကို လာချင်တာ အလုပ်က မအားဘူးကိုဖြစ်နေတာ။ ဆေးရုံမှာတုန်းက တစ်ခါပဲသွားမေးဖြစ်တယ်။ ငါက အိမ်ထောင်သည်ဖြစ်သွားပြီဆိုတော့ အိမ်မှာကိစ္စတွေနဲ့ သွားချင် တိုင်း သွား၊ လာချင်တိုင်းလာလို့မရတော့ဘူးလေ။ စိတ်ကတော့ ရောက်ပြီး လူမရောက်ဘူးဖြစ်နေတာ"

"ဟား ... စကားကလည်း များလိုက်တာ။ ကျောင်းတုန်းက အတိုင်းပဲ"

"နင်ကလည်း ပါးစပ်ဆိုတာ စားဖို့နဲ့စကားပြောဖို့လေဟယ်"

"နင် ဒီစကားပြောမယ်ဆိုတာ ငါသိပါတယ်"

မှန်ပါသည်။ အရင်ကတည်းက ဝင်းမာက စကားများသည်လေ။ ဒါကိုပြောလိုက်ရင် ဒီစကားက ပြောနေကျပါပဲ။ အစားကလည်း စကားနဲ့ညီအောင် ပုပ်ပဲ့။ နောင်းက ကြယ်လို့ခေါ်တိုင်း နောက်ကနေ ဖင်ခေါင်းကျယ်လို့ လိုက်ခေါ်တာလည်း သူပဲလေ။

"မိုးသောက်"

"ဟင်"

"ငါ နောင်းအတွက် တကယ်စိတ်မကောင်းဘူးသိလား။ ကိုချို့နဲ့သူ ပတ်သက်ခဲ့တာကို ငါ တကယ်မသိလို့ပါဟာ။ သိရင် ရအောင် ဖျက်ခဲ့ပါတယ်။ ငှဲ့ဆီ ဖုန်းဆက်ပြီး ကိုချို့အကြောင်း မေးတာတောင် ငါ မသိဘူးလို့ပဲဖြေလိုက်တာ။ တကယ်လည်း ကိုချို့အကြောင်းကို ငါ မသိဘူး။ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတော့ နောင်းဘာကြောင့်မေးလဲဆိုတာလည်း မစုံစမ်းဖြစ်ခဲ့တာပါ"

ဝင်းမာက စကားပြောရင် အဲဒီလိုမနားတမ်းဆက်ပြောတတ်သူပါ။ ကိုယ့်ယောကျ်ားရဲ့သူငယ်ချင်းဆိုပေမယ့် ကိုချို့အကြောင်းကိုသော်က ပြောမပြဿလို့ ဝင်းမာကလည်း မစပ်စုမိပေ။

"ကံစီမံရာပဲပေါ့ ဝင်းမာရယ်"

"အေးပါ ... အဲဒါတွေထားပါတော့၊ အခု နင် စာရောရေးဖြစ်ရဲ့လား"

"မရေးဖြစ်ပါဘူးဟာ"

ထင်ပါတယ်၊ နောင်း အခုလိုဖြစ်နေတော့ မိုးသောက် စာတွင်တွင်ကျယ်ကျယ်ရေးဖြစ်မှာ မဟုတ်ဘူးဆိုတာကိုလေ။ အရင်ကတည်းက မိုးသောက် နောင်းကို ဘယ်လောက်အလိုလိုက်ပြီး ချစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ သူမတို့ အသိဆုံးပဲလေ။ အခုလိုဖြစ်တော့ နှောင်းအတွက် မိုးသောက်ခံစားနေရမှာပေါ့။

"နောက်ရက်တွေတော့ ပြန်ရေးကြည့်ဖို့ စဉ်းစားထားပါတယ်။ ပရိသတ်တွေနဲ့တော့ အဆက်အသွယ် အပြတ်မခံပါဘူး"

"အေးပါ မိုးသောက်ရယ်၊ ငါ့လည်း နင့်စာအုပ်တွေ မဖတ်ဖြစ်တာကြာပြီဟာ။ အလုပ်က မအားဘူးလေ"

"နင်ကလည်း မအားတဲ့အကြောင်းပဲ ပြောနေတော့တာပဲ"

နှစ်ယောက်သား ရယ်လိုက်မိကြစဉ်မှာပဲ အပေါ်ထပ်ကနေ ဆင်းလာတဲ့ ခြေသံကိုကြားတော့ ပြိုင်တူ မော့ကြည့်လိုက်မိကြသည်။

"ဩော် ... ညည်းသည်ရောက်နေတယ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်၊ မိုးသောက်ကိုး"

"ဟုတ်ကဲ့ ကိုသော်တာ"

အပြန်အလှန် ခေါင်းညိတ်ပြုံးပြလိုက်ကြပြီး ကိုသော်တာက ဆိုဖာပေါ်မှာဝင်ထိုင်လေလျှင် ဝင်းမာက –

"ကိုသော်"

"ဟင်"

"မိုးသောက်က ကိုသော်ကိုမေးစရာရှိလို့တဲ့"

"ဟုတ်လား၊ မေးလေ မိုးသောက်"

"ကိုချို၊ ဘာရေမွှေးသုံးလဲဆိုတာ ကျွန်တော်သိချင်လို့ပါ ကိုသော်တာ"

"ဘယ်လို"

မေးစရာရှိတယ်ဆိုလို့ အရေးကြီးကိစ္စလို့ထင်ထားတာ။ အခု ကိုချိုသုံးတာ ဘာရေမွှေးလည်းဆိုတော့ ကိုသော် အံ့သြစွာနှင့် မျက်လုံးပြူးသွားလေတော့သည်။

"နင့်အတွက် အရေးကြီးလို့လား မိုးသောက်။ နင်က ဘာလုပ်မလို့ မေးတာလဲ"

"အရေးကြီးလို့ပေါ့ ဝင်းမာ၊ ဘာလုပ်မလို့လဲဆိုတော့ သိချင်ရင် နင်လာခဲ့ပေါ့"

ဝင်းမာတို့ လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားကြလေသည်။ မိုးသောက်ကို ရှူးကြောင်ကြောင်လုပ်တယ်လို့များ ထင်နေသလား မသိပါဘူး။

"သိချင်လို့မေးတာဆိုတော့ ဖြေပေးရမှာပေါ့"

ပြောပြီး ကိုသော်က ကိုချိုသုံးတဲ့ရေမွှေးနာမည်ကိုပြောပြလေသည်။

"ကျေးဇူးတင်ပါတယ် ကိုသော်။ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ပြန်လှုချေလား မိုးသောက်"

"ကျွန်တော် လုပ်စရာလေးတွေ ရှိသေးလို့ပါ"

"Ok ... Ok"

မိုးသောက် နှုတ်ဆက်ပြီး ပြန်လာခဲ့တော့သည်။ သူ ကိုချို သုံးတဲ့ရေမွှေးမျိုး ဝယ်ရဦးမှာပါ။

❐ ❐ ❐

အခန်း (၂၇)

"တီ တီ"

"_____"

"တီ တီ"

"ကားဟွန်းတီးသံ ကြားတယ် မေမေ။ ဖေဖေပြန်လာတာလား မသိဘူး"

နောင်းပြောတော့ ဒေါ်နွေဦးမေ လည်ပင်းရှည်ပြီး မျှော်ကြည့်လိုက်ကာ –

"သမီး ဖေဖေတော့မဖြစ်နိုင်ပါဘူး၊ သူ ဒီအချိန် ပြန်လာစရာ မရှိ။ နေဦး ... မေမေ သွားကြည့်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ဒေါ်နွေဦးမေ ထသွားလေတော့သည်။ နောင်းက တော့ ခပ်ဝိုင်ဝိုင်းလေး ထိုင်နေဆဲပါ။ ထိုင်မရလို့လည်း သူများတွေလို သွားချင်တိုင်း ထသွားလို့မှမရဘဲလေ။ ဒုက္ခိတဘဝဖြစ်နေရခြင်းကို အားငယ်ရတဲ့အထဲ ကိုယ်ချစ်ရတဲ့သူကလည်း ကိုယ့်ကို ဥပေက္ခာပြုကာ လာဖော်မေးဖော်ပင် မရပေ။

နေနိုင်လိုက်တာ ကိုချိုရယ်။

ကိုချို နောင်းကို မချစ်တာ နောင်းသိပါတယ်။ ဒါပေမဲ့ ခုလိုဖြစ်တော့ နောင်းအပေါ် ကရုဏာသက်မလားလို့ မျှော်လင့်ခဲ့မိတာပါ။ အခုချိန်ဆို ချစ်နဲ့ ပျော်နေရောပေါ့။ သူက ချစ်ကို ချစ်တာပဲဥစ္စာ။ သူတို့ လက်ထပ်ပြီးကြပြီးလား။ စေ့စပ်ပြီးတာကိုတော့ နောင်းသိသည်ပဲလေ။

ပျော်မယ်ဆိုလည်း သူပျော်ပါတော့မလေ။ နောင်းက ဖျက်မမြင်ဘဲ ဥစ္စာ။ သူ အစကတည်းက မချစ်ခဲ့တာကို အခုကျတော့ ပိုဆိုးတော့မှာပေါ့။

"သခီး"

"____"

"သခီး"

"ရှင် မေမေ"

"ဒီမှာ ကိုချိုလာတယ်"

"ဟင်"

အခုပဲ ကိုချိုအကြောင်းတွေးပြီး နောင်းစိတ်ထဲမှာ အားငယ်နေမိတာ။ ကိုချိုက ချစ်နဲ့ပျော်နေရော့မယ်လို့လေ။ အခု ကိုချိုလာတယ်တဲ့။ ဒါဆို ကိုချို နောင်းကို ဥပေက္ခာပြုမထားဘူးပေါ့။ မချစ်ရင်နေပါစေ၊ ကိုယ့်ဆီလာဖော်ရရင်ပဲ နောင်းက ကျေနပ်ပြီလေ။ ကိုချိုလာတယ်ဆိုတော့ –

နောင်း မျက်နှာလေးဝင်းပသွားပြီး –

"ကိုချို"

"____",

"ကိုချိုလာတယ် ဟုတ်လား မေမေ"

"ဟုတ်တယ် နောင်း၊ ကိုချိုက မအားလို့သာ မလာဖြစ်တာပါ။ နောင်းကို သတိရပါတယ်"

"ကိုချို တကယ်ပြောတာနော်"

"တကယ်ပေါ့ နောင်းရဲ့"

နောင်းမျက်နှာလေး ဝင်းပနေတာကိုကြည့်ပြီး ဒေါ်နွေဦးမေနှင့် မိုးသောက် ပြုံးလိုက်တဲ့အပြုံးတွေက မခိုပြုံးတွေပါ။ တကယ်တော့ ကိုချိုအဖြစ်နဲ့ သရုပ်ဆောင်ရတာ မိုးသောက် စိတ်တော့မလုံပေ။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကိုယ်က ကိုချိုမှ မဟုတ်ပဲ။ ကိုယ့်အသံက အကြင်နာတွေ အပြည့်နဲ့ဖြစ်နေမှာပါ။ နင့်ကို ပျော်စေချင်လို့ ငါညာရတာပါ နှောင်းရယ်။

သဏ္ဌာန်လုပ် သရုပ်တူဆိုသလို ဒေါ်နွေဦးမေကလည်း

"သား သမီးလေးနဲ့ စကားပြောဦးနော်။ အန်တီ အအေး သွားဖျော်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

"ဩော် ... မေမေ"

"ပြောလေ ... သမီး"

ဒေါ်နွေဦးမေ ထရပ်မည့်ဆဲဆဲကနေ သမီးက ခေါ်လိုက်တာကြောင့် မထဖြစ်သေးပေ။

"ကိုချိုက ဘာကြိုက်လဲမသိဘူး။ ဘာသောက်မှာလဲလို့ မေးဦးလေ"

"ဩော် ... ဟုတ်သားပဲ၊ ဘာသောက်မလဲ သား"

"ဘာဖြစ်ဖြစ် ရပါတယ် အန်တီ"

ဒေါ်နွေဦးမေ ထသွားလေတော့သည်။ သူမက မိုးသောက် ဘာကြိုက်တယ်ဆိုတာကို သိပြီးသားလေ။ ဒါကြောင့် မမေးဖြစ်တာပါ။

အခုမေးလိုက်တော့လည်း ဘာဖြစ်ဖြစ် ရတယ်ဆိုတော့ ပြီးသွားတာပေါ့။ နာမည်ခေါ်ရင်လည်း မှားခေါ်မိမှာစိုးလို့ သူမမှာ သားလို့ပဲ ခေါ်နေရသည်။

ပြီးတော့ ကိုချိုဆိုတဲ့နာမည်ကို သူမ မခေါ်ချင်ပါဘူး။ ခေါ်ရတာ ပါးစပ်ကျက်သရေတုံးလို့လေ။ သမီးလေး ခုလိုဖြစ်ရတာ သူနဲ့ပတ်သက်မိလို့ပေါ့။ မပတ်သက်မိရင် ခုလို ဒုက္ခိတဖြစ်စရာအကြောင်းမှ မရှိတာ။

သူမ သနားမိတာကတော့ မိုးသောက်ကိုပါ။ သမီးလေးကို ချစ်လွန်းလို့ သူခမျာ အနစ်နာခံနေရှာတာ။

တော်ရုံမေတ္တာမျိုးဆို ခုလို ဒုက္ခိတဖြစ်နေတဲ့သမီးကို ဂရုစိုက်နေမယ့်အစား သူထက်သာတာရှာမယ်ဆိုပြီး အချစ်သစ်နဲ့ ပျော်နေရော ပေါ့။

"နှောင်း"

"ဟင်"

"ကိုချို ခုလိုလာတော့ နှောင်းပျော်လား"

"ပျော်တာပေါ့ ကိုချိုရဲ့၊ ကိုချို"

"ဗျာ"

"နောက်လည်း အားရင် နှောင်းဆီကိုလာဦးမှာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com

''လာမှာပေါ့ နှောင်းရဲ့၊ နှောင်းက လာစေချင်တယ် မဟုတ်လား''

''ကိုချို့ကလည်း နှောင်းက လာစေချင်လို့ ပြောနေတာကို'' မိုးသောက် ရယ်လိုက်မိသည်။ အသံထွက်အောင်ရယ်ပြနေပေမယ့် ရင်ထဲမှာ အသံတိတ်ငိုနေမိတာကိုတော့ ဘယ်သူမှမသိပေ။ နှောင်းက သူလက်မောင်းကို လက်ဖြင့် လာစမ်းပြီးကိုင်မိလေတော့ တဖြည်းဖြည်းချင်း ရွှေကာ လက်ဖဝါးကို ကိုင်မိလေလျှင် ခပ်တင်းတင်း ဆုပ်ထားလေတော့ –

မိုးသောက်

နှောင်း လက်ဖဝါးလေးကို ပြန်ဆုပ်ထားလိုက်မိသည်။

''ကိုချို့''

''ဟင်''

''ချစ်ခဲ့အဆင်ပြေရဲ့လားဟင်''

မိုးသောက် တွေခနဲ ဖြစ်သွားလေသည်။ ဘယ်လိုဖြေရပါ့မလဲ။

''အဆင်ပြေလည်း အဆင်မပြေတယ်လို့ပဲ ပြောပါ ကိုချို့ရယ်။ နှောင်း အရင်လို မဟုတ်တော့ပါဘူး။ နှောင်း နားလည်နေပါပြီ။ နှောင်းက ဒုက္ခိတဖြစ်နေပြီပဲလေ''

''အဲဒီလိုတော့ မပြောပါနဲ့ နှောင်းရယ်''

''ချစ်နဲ့ အဆင်ပြေလို့ လက်ထပ်မယ်ဆိုလည်း လက်ထပ်ပါ ကိုချို့။ နှောင်းကတော့ အခုလို ကိုချို့ နှောင်းဆီလာနေရင်ပဲ ကျေနပ်ပြီ''

''နှောင်းရယ်''

နှောင်းက သူ့ရင်ခွင်ထဲ တိုးဝင်ပြီး သူ့ခါးကို ဖက်လေတော့ မိုးသောက်ခန္ဓာကိုယ်ကြီး တောင့်ခဲနဲ့ဖြစ်သွားလေသည်။ နှောင်းကို ပြန်ဖက်ပြီး နှစ်သိမ့်ပေးလို့လည်းမဖြစ်။ အန်တီထွက်လာတာနဲ့ တိုးရင် ဆော့ ဒုက္ခပါပဲ။ ကိုယ့်ကို အခွင့်အရေးသမားလို့ မိုးသောက် အထင်ခံနိုင်ဘူးလေ။

သူ နှောင်းကိုချစ်တာ ...

ကာလာနဲ့ဆိုပေမယ့် ချစ်တာတစ်ခုကလွဲပြီး ဘာအခွင့်အရေးမှ မယူချင်ပေ။ ဖြူစင်သောစိတ် မြင့်မြတ်သောသိက္ခာနဲ့ပဲချစ်ခဲ့တာပါ။

''အရင်တုန်းက ကိုချို့ ဂရုမစိုက်တော့ နှောင်း အရမ်းခံနည်းတာပဲ သိလား။ အခုလို ဂရုစိုက်ပြန်တော့ နှောင်း ဒုက္ခိတဖြစ်ရတာ တန်တယ်လို့ထင်တယ်''

အခြားသူကို အဲဒီလောက်ချစ်နေတဲ့ သူကိုမှ ကိုယ်ကလည်း အသက်ပေးလောက်အောင် ချစ်ခဲ့တာပါ။ သူက ဒုက္ခိတဖြစ်ရတာ

www.burmeseclassic.com

www.burmeseclassic.com

တန်တယ်ဆိုတော့ ကိုယ်ကတော့ အသက်ပေးရလည်း တန်ပါတယ်လေ။

"နောင်း"

"ဟင်"

"ဟိုလေ ... အန်တီပြန်ထွက်လာတာနဲ့ တိုးနေဦးမယ်၊ ဖယ်နော်"

"ခဏလေးပါ ကိုချို့ရယ်။ နောင်း ကိုချို့ကို ခုလို လေးဖက်ထားပြီး ကိုချို့ရဲ့ ကိုယ်သင်းရနံ့လေးကို ရှူရှိုက်ချင်လို့ပါ။ နောက်ဆိုရင် ကိုချိုက ချစ်နဲ့လက်ထပ်တော့မှာဆိုတော့ ဒီအခွင့်အရေးမျိုးရမှာ မဟုတ်တော့ဘူးလေ"

"နောင်းရယ်"

ဒီတစ်ခါတော့ မိုးသောက် နောင်း ပခုံးလေးကို ဖွဖွပြန်ဖက်ထားလိုက်မိသည်။ ကောင်းပါတယ်လေ၊ နောင်း နားလည်ပြီဆိုတော့ လည်း ကိုချို့ကို မျှော်လင့်မနေတော့ဘူးပေါ့။ သူလည်း ကိုချို့အဖြစ်နဲ့ သရုပ်ဆောင်စရာမလိုတော့ပေ။ နောက်မှပဲ ကိုချို နိုင်ငံခြားသွားတော့မယ်ဆိုပြီး ဒီကိစ္စကို ရှင်းရတော့မှာပေါ့။

"ကိုချို"

"ပြောပါ နောင်း"

"ကိုချိုက ချစ်ကို အရမ်းချစ်တာပဲလားဟင်"

"_____"

"ပြောလေ ကိုချို"

"ဟုတ်တယ် နောင်း၊ ကိုချိုက ချစ်ကို အရမ်းချစ်တယ်။ နောင်းက ကိုချို့ကိုချစ်သလိုမျိုး နောင်းကို မိုးသောက်က ချစ်သလို ဖြစ်ပေါ့"

"ဟင်"

နောင်း သူမမျက်နှာလေးကို ကိုချို ရင်ဘတ်နှင့်ခွာလိုက်လေသည်။ နောင်းကို မိုးသောက် ချစ်နေတာကို ကိုချိုကသိနေတယ်တဲ့လား။

"ကိုချိုက မိုးသောက်အကြောင်းကို သိနေတယ်ပေါ့"

"သိတာပေါ့ နောင်းရယ်။ နောင်းနဲ့ပတ်သက်လာရင် မိုးသောက်က အသက်ပေးရဲတဲ့အထိ ပေးဆပ်မယ့်ကောင်ပါ"

နောင်း ခေါင်းညိတ်လိုက်ပြီး –

"နောင်း သိပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်လဲ နောင်း။ ဆက်ပြောလေ"

ဆက်ပြောဆိုပေမယ့် နောင်းက ချက်ချင်း ဆက်မပြောပေ။ တံတွေးမျိုချပြီးမှပဲ –

www.burmeseclassic.com

www.burmeseclassic.com

"နောင်း ... သူကို သူငယ်ချင်းတစ်ယောက်လို သံယောဇဉ်ရှိပါတယ်။ အစ်ကိုတစ်ယောက်လိုလည်း အားကိုးတယ်။ ချစ်သူတစ်ယောက်လို ချစ်လို့မရတာပဲရှိတာပါ"

"ဟုတ်ပါတယ်၊ အချစ်ဆိုတာ လုပ်ကြံဖန်တီးယူလို့မှ မရဘဲလေ။ နောင်းမှာ အပြစ်မရှိပါဘူး"

"နောင်းလည်း ကိုချို့အပေါ် အပြစ်မမြင်တော့ပါဘူး ကိုချို့ရယ်"

ဩော် ... နောင်းရယ်၊ နင့်အတွက် ငါ ပေးဆပ်ဖြည့်ဆည်းပေးချင်သလောက် နင့်စကားထဲမှာတော့ ငါ့အတွက်ဆိုပြီး တွေးပေးတဲ့စကား တစ်ခွန်းတစ်ပါဒမှမပါ ပါလား။ ဒါပေမဲ့ ငါ ကျေနပ်ခဲ့ပါတယ် နောင်း။ နောက်ထပ် နင့်ဘဝအတွက် အရေးအကြီးဆုံးအရာတစ်ခုကို ငါ ပေးဆပ်သွားဦးမှာပါ။

အဲဒီနေ့ပြီးသွားရင်တော့ ...

နင် နောင်တမရပါစေနဲ့။

"ကိုချို့ ချစ်ကိုလက်ထပ်လိုက်ပါ"

နင်ပြောတာ နောက်ကျနေပြီ နောင်းရယ်၊ သူတို့ လက်ထပ်ပြီးတာ ကြာခဲ့ပါပြီဟာ။

❐ ❐ ❐

အခန်း (၂၈)

"ပေးဆပ်ခြင်း"

နင့်ရင်ဘတ်ထဲမှာ
ဘယ်လိုပင်ဖွေရှာ
အချစ်ဆိုတာ ငါ့အတွက်နေရာမရှိမှန်း
ငါသိပါတယ် ချစ်သူ။
နင် သူ့ကိုချစ်သလို
ငါက နင့်ကို ပိုချစ်တယ်။
သူ့ကိုပြောတဲ့ချစ်စကား
နင့်နှုတ်က ချိုသော်ငြားပေမယ့်
ငါ့အတွက်ကျတော့

www.burmeseclassic.com

www.burmeseclassic.com

နင့်အဖြေက ခပ်ခါးခါးပါလား။
ခါးမှန်းသိလျက်နဲ့ ငါ မျိုချခဲ့တာ
နင့်ကို သိပ်ချစ်လို့ပါ ချစ်သူ။
နင့်အတွက် ဘာမဆို
နင်လိုချင်တဲ့ဆန္ဒ
ဖြည့်ဆည်းခွင့်ရချင်ခဲ့တာ
ငါ ဆုတောင်းမှားခဲ့လို့လား။
နင့်ရင်ထဲကအချစ်
ငါ့အတွက်မဖြစ်လည်း
နေပါစေ ချစ်သူ။
ငါကတော့
ငါ့အချစ်တွေ အကုန်လုံး
ဘဝဆုံးသည်အထိ
နင့်ဆီမှာ ပုံအပ်ထားခဲ့မှာပါ။

ကဗျာလေးဆုံးလို့ ကိုယ့်နာမည်ရေးကာနီးမှာ

"မိုးသောက်ကြယ်"

"အမေ့"

"ဖင်ခေါင်းကျယ်"

ပခုံးကိုတွန်းပြီး နောက်ကနေ အော်လိုက်တာကြောင့် လက်ထဲက ဘော့လ်ပင်နက် ထိန်းမရတော့ဘဲ စာရွက်ပေါ် ခြစ်မိသွားတာ မင်ကြောင်းရာကြီးထင်သွားလေလျှင် မိုးသောက် ဒေါသဖြစ်ချင်ချင် ဖြစ်သွားရတော့တာ။

ထို့ကြောင့် –

"ဘယ်လိုဖြစ်တာလဲ ကိုသူရဲ့၊ ကျွန်တော် နားမပင်းဘူး။ ဒီမှာ မင်ကြောင်းရာထင်သွားပြီ ကျွတ်"

"မင်ကြောင်းရာထင်တာ ဖျက်ပေါ့ပဲဟဲ့။ ငါက ထမင်းစားဖို့ လာခေါ်တာ'

"ဖျက်ရာထင်တော့ ပကတိအတိုင်း ရမလားဗျ"

သူရ မျက်မှောင်ကြုတ်သွားကာ –

"နင် စာရေးနေမှန်းသိလို့ပါဟယ်။ ခါတိုင်းက ဒီလိုရေးတာမှ မဟုတ်တာ"

"ဒါက ကဗျာ ကဗျာမို့လို့ ဘော့လ်ပင်နဲ့စာအုပ်ထဲမှာ ရေးနေတာပေါ့။ အဲဒါမှ နှစ်ဘယ်လောက်ကြာကြာ သိမ်းထားလို့ရမှာ။ တစ်ယောက်ယောက်ကိုပေးချင်လည်း ဒီစာအုပ်နဲ့ပဲ ဒီအတိုင်း ပေးချင်လို့"

"ကဲပါ ... ထမင်းစားမယ်"

www.burmeseclassic.com

www.burmeseclassic.com

"မစားသေးဘူး"

"ဘာဖြစ်လို့လဲ"

"မဆာသေးလို့ပေါ့"

"မိုးသောက် ... တော်ကြာ နင် အစာအိမ်ဖြစ်နေမယ်နော်။ ထမင်းစားချိန် မမှန်တာကြာပြီ။ အခု စာအုပ်စရေးပြီဆိုကတည်းက ထမင်းစားအချိန်မမှန်တာ။ ဘယ်လောက်တောင် အရေးကြီးနေလို့လဲ"

"အရေးကြီးတာပေါ့။ အခုရေးတဲ့စာအုပ် ဇာတ်သိမ်းရင် နောက်ထပ် ကျွန်တော် စာမရေးတော့ဘူး"

"ဟင်"

သူသူ မျက်လုံးပြူးနှင့် မိုးသောက်မျက်နှာကို ငုံကြည့်လေသည်။ ဒီအလုပ်ကို ဝါသနာကြီးလို့မှ ဖအေနဲ့အစ်ကိုကို အတိုက်အခံလုပ်ပြီး ရွေးချယ်ခဲ့တာ။ အခု အောင်မြင်လာမှ မရေးတော့ဘူးဆိုတာ ဘာသဘောလဲ။ ပရိသတ်ကိုလှည့်ပြီးကစားချင်လို့ သူ ဒီစာပေလောကထဲကို ခက်ခက်ခဲခဲနဲ့ ဝင်ခဲ့တာလား။

အရင်တုန်းက –

စာရေးနေရရင် ပျော်ပါတယ်ဆိုတဲ့လူက အခု ဘာအတွက် စိတ်ညစ်ပြီး ဒီအလုပ်ကို စွန့်လွှတ်တော့မှာလဲ။

"နင်ပဲပြောတော့ ဒီအလုပ်ကို ချစ်ပါတယ်ဆို။ အခု ဘယ်လို

ဖြစ်ရတာလဲ။ ဘာလဲ နှောင်းကြောင့်လား"

"ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ပဲ"

"ဘာကြောင့် အဲဒီလို ဆုံးဖြတ်ရတာလဲ ငါ့ကိုပြော"

မိုးသောက် သူသူ့ကို မကြည်ကြည့်နှင့် ကြည့်ပစ်လိုက်သည်။

"ပြောလေ"

"ကိုသူ ခင်ဗျား တော်တော်စပ်စုပါလား။ ကိုယ့်ဘာသာကိုယ် ဘာကြောင့်ပဲ ဆုံးဖြတ်ခင်ဗျား သိစရာမလိုဘူး။ နောက်ထပ် မေးကြည့် လျှာဖြတ်ပစ်မယ်"

"အမယ်လေးတော်"

ကိုသူ ရင်ဘတ်ဖိလေတော့ စေတနာနဲ့မေးတာကို စေတနာအရာမထင်ပါလား။

"ငါက ကိုယ့်မောင်လေးအတွက် စိုးရိမ်လို့မေးတာပါဟယ်။ မကြိုက်ရင်လည်း မမေးတော့ပါဘူး။ တကတည်း လူကို ထသတ်တော့မလား အောက်မေ့ရတယ်။ ပြောကိုမပြောချင်ဘူး"

"မပြောနဲ့ သွား"

"သွားမယ်"

ကိုသူ သူ့ကိုပြန်အော်ခဲ့ပြီး ခြေဆောင့်၍ ထွက်သွားလေတော့သည်။ မတတ်နိုင်ဘူးလေ။ ကိုယ့်ဆုံးဖြတ်ချက်ကို သူများပြောပြ

www.burmeseclassic.com

www.burmeseclassic.com

လို့မှ မဖြစ်တာ။ ပြောပြရင် တားကြမှာပေါ့။ လူတိုင်းက အခြားသူကို ဘယ်လောက်ပဲချစ်ချစ် ကိုယ့်သွေးထိမှာတော့ စိုးကြသည်လေ။ သူ ဆုံးဖြတ်ထားတာက –

နောင်အတွက်။ သူ နောက်ဆုံးပေးဆပ်မှုတစ်ခု ပြုလုပ်တော့ မှာပါ။ အဲဒီပေးဆပ်မှုအတွက် ဘယ်သူကမှ လက်ခံကြမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုပေးဆပ်မှုက အကြီးမားဆုံး ပေးဆပ်မှု ဖြစ်နေလို့ပါပဲ။

"သား"

"ဗျာ"

ကိုယ့်အတွေးနှင့်ကိုယ် မျောနေတုန်း နောက်က ခေါ်သံ ကြောင့် မိုးသောက် လန့်ထူး ထူးလိုက်မိသည်။

"မင်း တကယ်ဆုံးဖြတ်ပြီးပြီလား"

"ဘာကိုလဲ ဖေဖေ"

"မင်းနဲ့ သူရပြောနေတာတွေ ငါအကုန်ကြားတယ်။ မင်း ရေးလက်စစာအုပ်ပြီးရင် တကယ်ပဲ စာ ဆက်မရေးတော့ဘူးလား"

မိုးသောက် ခေါင်းညိတ်လိုက်လေလျှင် –

"ကောင်းတယ်၊ မင်း ငါသနာပါတဲ့အလုပ်ကို တားမရလို့ ဖေဖေ လုပ်ခွင့်ပေးခဲ့ပြီးပြီ။ အခု ဒီအလုပ်ကို ဆက်မလုပ်တော့ဘူးဆို

တော့ စီးပွားရေးလုပ်ငန်းပဲ လုပ်ပေါ့ကွာ"

သားကိုခွင့်လွှတ်ပါ ဖေဖေ။ သား စာဆက်မရေးတော့သလို ဖေဖေ့အလုပ်တွေကိုလည်း လုပ်မပေးနိုင်ပါဘူး။ မလုပ်ချင်လို့ မဟုတ် ဘူး ဖေဖေ။ သားမှာ လုပ်ခွင့်မရှိတော့လို့ပါ။ ဘာ့အတွက် ဖေဖေတို့ ဘာမှ လုပ်ပေးခွင့်မရတော့သလို သားကလည်း မိဘတွေအတွက် ဘာမှ လုပ်ပေးခွင့်မရတဲ့ အရာအားလုံးကို သား စွန့်ခွာသွားတော့မှာပါ။

ချစ်ရသူအတွက်သာ ပေးဆပ်သွားလို့...

သားက သားဖိုက်အဖြစ် နာမည်တွင်ချင်လည်း ထွင်သွားမှာ ပါ။ အဲဒီအတွက် သားကိုခွင့်လွှတ်ပေးပါ ဖေဖေ။

"ဖေဖေပြောတာ ကြားရဲ့လား သား"

"ဟုတ်ကဲ့ပါ ဖေဖေ"

ပြီးစလွယ် ဟုတ်ကဲ့ပဲ ဖြေလိုက်မိသည်။ အခု ဟုတ်ကဲ့လိုက် လို့ ဘာမှ ဖြစ်မသွားပါဘူး။ နောင် မလုပ်နိုင်တာက နောင်အကြောင်း ပဲလေ။ အဲဒီအချိန်ကျရင်တော့ သားကို ခိုင်းတာမလုပ်လို့ဆိုပြီး ဆူခွင့်မာန်ခွင့်ရကြတော့မှာမှ မဟုတ်တာ။ အဲဒီအတွက် ခွင့်လွှတ်ပါလို့ ထပ်တောင်းပါရစေတော့။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၉)

နောင်း မေမေနှင့်အတူ တုတ်ကောက်ကလေးနှင့် လမ်းလျှောက်နေမိတာ ခြံထဲမှာဆိုတာ သိပေမယ့် ဘယ်နေရာဆိုတာကိုတော့ တိတိကျကျ မသိပေ။ မှန်းတတ်ပေမယ့် မြင်နေတဲ့သူတွေလိုတော့ အတိအကျ ဘယ်သိမှာလဲ။

ဩော် ... အရင်တုန်းကလို ခြံထဲက ပန်းပင်တွေနဲ့ ကိုယ့်ခြံထဲက လှခြင်း မလှခြင်းအရာအားလုံးကို နောင်း မမြင်နိုင်ခဲ့တာ ကြာခဲ့ပါပြီ။

လွမ်းလိုက်တာ –

အရာအားလုံးကိုပဲပေါ့။ ဒါနဲ့ ကြယ်တောင် အိမ်ကိုလာတာ

ကျဲသွားပါရော့လား။ သူ ဘာလုပ်နေပါလိမ့်။ စာရေးနေတာများလား။

"မေမေ"

"ပြောလေ သမီး"

"ကြယ် သမီးတို့အိမ်ကို အလာကျဲသွားတယ်နော်။ ဘာဖြစ်လို့လဲမသိဘူး။ သမီးက မျက်မမြင်မို့လို့ သူ သည်းမခံနိုင်တော့ဘူး ထင်ပါရဲ့"

"မဟုတ်တာ့ သမီးရယ်၊ သူ စာမရေးဖြစ်တာကြာပြီဆိုတော့ အခု ကြိုးစားရေးနေရတာ ထင်ပါရဲ့။ တစ်နေ့တစ်ခါတော့ ပုံမှန်လာသားပဲကွယ်။ မိုးသောက်မှာ သမီးပြောသလို စိတ်ဓာတ်မျိုး မရှိပါဘူး သမီးရဲ့"

"ဩော်"

ဩော် ... သမီးရယ်၊ သူ့ဆရာမှာ မိုးသောက်အဖြစ်နဲ့လာလိုက်၊ ကိုချိုအဖြစ်နဲ့ လာလိုက်လာနေရတာပါ။ ဒါကို သမီးက သိမှမသိဘဲလေ။ ကိုချို့ကို တမ်းတနေမှန်းသိရတော့ ကိုချိုအဖြစ်နဲ့လာရတဲ့ သူ့ရင်ထဲကို မေမေ ဝင်ကြည့်သလိုသိပါတယ်။ သူ့ အရမ်းခံစားနေရမှာပေါ့။ သူ့ကိုမချစ်တဲ့ မိန်းကလေးက အခြားသူကို ချစ်နေလို့ ခံစားရတဲ့ ခံစားမှုမျိုး ဘယ်သူက ခံစားချင်မှာလဲ။ အခြားတစ်ယောက်သားလို

ကိုယ့်ကို ဂရုမစိုက်နေပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သူထက်သာတဲ့မိန်းကလေး ငါယူပြမယ်ဆိုပြီး လှည့်ဖြားတောင်
ကြည့်မှာမဟုတ်တော့ပေ။ အခု မိုးသောက်ကတော့ အချစ်ကြီးစွာနှင့်
သစ္စာတရားကို မဖောက်မပျက် စောင့်ထိန်းခဲ့သူပါ။

"သမီး"

"ရှင်"

"မိုးသောက်က အရမ်းသနားဖို့ကောင်းပါတယ် သမီးရယ်။
သူခမျာ သမီးကို အရမ်းချစ်ရှာတာပါကွယ်"

"သမီး သိပါတယ် မေမေရယ်"

"ဒါနဲ့များ သမီးက ဘာလို့ သူ့ကိုပြန်မချစ်နိုင်ရတာလဲ။
ကိုယ်ချစ်ထက် သူချစ်ကိုပဲ ရွေးချယ်သင့်တယ်လေ။ ကိုချိုက သမီးကို
ဂရုစိုက်တာမှ မဟုတ်တာ"

နှောင်း သက်ပြင်းလေးချလိုက်မိပြီး –

"မဖြစ်နိုင်မှန်းသိပြီဆိုကတည်းက သမီး သူ့ကို မေ့နိုင်အောင်
ကြိုးစားနေပါတယ် မေမေ"

"ကောင်းတယ် ... မေ့နိုင်အောင် မေ့ပစ်စမ်း သမီး။
တကယ်ဆို မိုးသောက်ကမှ သမီးနဲ့ အသင့်တော်ဆုံးလူပဲ"

နှုတ်ခမ်းလေးက လွန်ခဲ့ပြီးမိသွားလေသည်။ သင့်တော်
တော့ရော ဘာလုပ်ရတော့မှာလဲ။ အခု နှောင်းက မျက်မမြင်ဒုက္ခိတ

ပဲလေ။ အခုချိန်ကျမှ ကြယ့်အချစ်ကို လက်ခံပါမယ်ဆိုရင် ရေနစ်လို့
အသက်ဘေးနဲ့ကြုံရမှ ဆွဲမိဆွဲရာ နွယ်ပင်ကို ဆွဲသလို ဖြစ်နေမှာပေါ့။

ကောင်းနေတဲ့အချိန်မှာတော့ –

အချစ်လေ့ကိုစီးပြီး ကမ်းမမြင် လမ်းမမြင် နေရာမှန်းသိသိနဲ့
ပျော်နေမိခဲ့တာ။

အကန်းဖြစ်မှ သူ့ရင်ခွင်ဆီ တိုးဝင်မယ်ဆိုတော့ နှောင်း
တရားပဲ့မလား။

"အခုဆိုရင် ကိုချိုက လိုက်ထပ်သွားပြီ။ လက်ထပ်ပြီးလို့
နှစ်ယောက်စလုံး နိုင်ငံခြားကို သွားကြပြီလေ။ အဲဒီကောင်က မေမေ့
သမီးလေးအချစ်နဲ့ လုံးဝ မတန်ဘူး သိလား"

"အဲဒီလိုကြီးတော့ ကိုချိုကို အပြစ်တွေချည်းပဲ မပြောပါနဲ့
မေမေရယ်။ သူ သမီးကို မချစ်နိုင်ပေမယ့် ကြင်နာမှုတွေတော့ ပေးခဲ့
ပါတယ်"

"ကြင်နာမှုတွေပေးခဲ့တယ် ဟုတ်လား သမီး"

"ဟုတ်တယ် မေမေ၊ သူ လက်မထပ်ခင်အထိ သမီးဆီကို
လာနေခဲ့သားပဲ"

"မဟုတ်ဘူး သမီး"

ပြောရင်းပဲ ဒေါ်နွေဦးမေ မျက်ရည်တွေဝဲတက်လာလေ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ အညာခံလိုက်ရတဲ့အဖြစ်ကို ဝမ်းနည်းလွန်းလို့ပါ။ ကိုချို လာတယ်ဆိုတိုင်း သူမမှာတော့ ပျော်လိုက်ရတာ။ ခုတော့ ကြယ် ဘဲလား။

ကိုယ့်ကိုမချစ်တဲ့သူကိုမှ –

စွဲလမ်းတမ်းတမိပြီး ကိုယ့်အပေါ် တကယ်ချစ်လို့ အနစ်နာခံ ခဲ့သူကိုကျတော့ ဥပေက္ခာပြုနိုင်တဲ့ နှလုံးသားကို အပြင်ဆွဲထုတ်ပြီး ခွိုက်နှက်ဆုံးမချင်လိုက်တာ။ ဘာလို့ အလွဲလွဲတွေနဲ့ ချစ်မိနေတာလဲ လို့လေ။

"သမီး"

"____"

"သမီး သေသေချာချာ စဉ်းစားသင့်နေပါပြီကွယ်။ ငယ်တဲ့ အရွယ်လည်း မဟုတ်တော့ဘူး။ ဦးသောက်ကို သမီးပြန်ချစ်နိုင်အောင် ကြိုးစားပါ။ မေမေ တောင်းပန်ပါတယ်။ ဦးသောက်ကို မေမေ အရမ်း သနားတာပဲ"

နှောင်း မျက်ရည်တွေကိုသုတ်ပြီး ခေါင်းမော့လိုက်ကာ–

"အခုချိန်မှာ သူနဲ့သမီးက မတန်တော့ပါဘူး မေမေရယ်။ သမီး သူ့ကို ဒုက္ခမပေးပါရစေနဲ့"

"ဒုက္ခပေးတယ်လို့ မပြောပါနဲ့သမီးရယ်၊ သမီးကသာ

သည်။ သူမ ဦးသောက်ကို သနားလွန်းလို့ ဒီမျက်ရည်တွေကျမိတာပါ။ ကိုယ့်သမီးမို့ ငါးပိကောင်ဖြစ်တောင် အပြီးတစ်ပိုင်းလှော်ချင်တုံးလား လို့ မမေးတော့ပါဘူး။ သမီးမသိတဲ့အကြောင်းအရာတွေက ရှိနေသည် လေ။

မထူးတော့ပါဘူး။ အမှန်ကို အမှန်အတိုင်း ဖွင့်ပြောလိုက်ပါ တော့မည်။

"သမီးဆီကို ခဏခဏလာနေတယ်ဆိုတာ နှစ်သစ်ချို အစစ် မဟုတ်ဘူး သမီး။ နှစ်သစ်ချိုအစစ်က လက်ထပ်သွားတာကြာခဲ့ပြီ။ သူ သမီးကို ဘယ်တုန်းကမှ လာမကြည့်ခဲ့ဘူး"

"ဘယ်လိုမေမေ"

"ဟုတ်တယ် သမီး။ တကယ်တော့ ဦးသောက်ကလေ သမီး ကို ပျော်ပါစေဆိုတဲ့ဆန္ဒနဲ့ ကိုချိုဟန်ဆောင်ပြီး လာနေခဲ့တာ။ သူရင်ထဲ မှာ ဘယ်လိုခံစားရမလဲ သမီးတွေးကြည့်စမ်းပါ။ သူခမျာ သမီးအတွက် ခံစားရလွန်းလို့ စာတောင်မရေးနိုင်ခဲ့တာ။ သူအတွက် ဆုံးရှုံးမှုတွေ ဘယ်လောက်များခဲ့သလဲ"

"တော် ... တော်ပါတော့ မေမေရယ်"

မေမေက ငိုသံနှင့်ပြောပြနေတော့ နှောင်းလည်း မျက်ရည် တွေ ဝိုးဝိုးပေါက်ပေါက် ကျလာတော့သည်။ သူမက မျက်မမြင်

www.burmeseclassic.com

www.burmeseclassic.com

လက်ခံရင် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူက မိုးသောက်ပဲဖြစ်မှာပါ''

''သူ့အချစ်နဲ့ သမီးနဲ့မတန်ဘူး။ သူ ဘာလို့ သမီးကိုမှ ချစ်နေရတာလဲ''

ကိုယ့်ကို ချစ်မိတဲ့အချစ်က အညစ်အကြေးတစ်ခု ဒါမှမဟုတ် ချို့ယွင်း ခါးခြောင်းအရသာတစ်ခုဆိုရင် ကြယ်ရဲနဲ့လုံးသားကို ကပ်ငြိနေတဲ့ အချစ်အားလုံး ဆပ်ပြာတိုက်ပြီး ရေစင်စင်ဆေးပေးချင်လိုက်တာ။ အချစ်တွေအားလုံး ရေနောက်မှာ မျောပါသွားပေတော့ပေါ့။

''အချစ်ကို အပြစ်လို့မမြင်နဲ့သမီး။ သမီးလည်း နှစ်သစ်ချို့ကို ချစ်ခဲ့တာပဲလေ။ သမီး ကိုယ်ချင်းစာကြည့်ပေါ့''

''သမီး မျက်လုံးတွေပြန်မြင်ချင်လိုက်တာ မေမေရယ်''

''တစ်နေ့နေ့တော့ မြင်ရမှာပေါ့သမီးရယ်။ သမီး အခု နောင်တရနေပြီလား''

နှောင်း ဘာမှပြန်မပြောပေ။

''ကိုချိုက ယုယကြင်နာတော့ မျက်မမြင်ဒုက္ခိထဖြစ်ရတာ တန်တယ်လို့ သမီးပြောခဲ့တာ။ အခု အဲဒီလို ယုယကြင်နာတဲ့ သူဟာ နှစ်သစ်ချို့ အစစ်မဟုတ်မှန်း သမီး သိသွားပြီဆိုတော့လေ။ နောင်တရနေပြီလား သမီး''

မေမွေ့စကားကြောင့် နှောင်းရင်ထဲမှာ စူးရှနာကျင်သွားရသည်

အမှန်တကယ်ပဲ နှောင်း နောင်တရခဲ့ပါပြီ မေမေ။ နှောင်း လိုတာမရ ရတာမလိုဖြစ်ခဲ့လို့ တစ်ဖွတ်ထိုးလုပ်ခဲ့သမျှ အခု ဒုက္ခ ရောက်နေတာက သမီးပါ။

နှစ်သစ်ချို့ဆိုတဲ့လူကတော့ –

တစ်ချက်ကလေးတောင် စောင်းငဲ့ကြည့်ဖော်မှ မရခဲ့ပဲလေ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၀)

''နောင်း''

''ဟင်''

''နင် ဒီမှာ ခဏနေဦးနော်၊ ငါ ဘုရားပန်းသွားဝယ်လိုက်ဦးမယ်''

''စောစောက ဝယ်မလာခဲ့ဘူးလား''

''မဝယ်ဖြစ်ဘူးလေ၊ နင်က တစ်ဖက်၊ ပန်းက တစ်ဖက်နဲ့ဆို မဖြစ်မှာစိုးလို့ပါ။ ပြီးတော့ ငှက်လည်း ဝယ်ဦးမယ်''

''မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့နော်''

''အေးပါ''

မိုးသောက် သွားကာနီး နောင်းကို စိတ်မချသလို ကြည့်ကာ

''နင် ဒီမှာပဲနေနော် နောင်း။ ဘယ်မှမသွားနဲ့ သိလား''

နောင်း ခေါင်းညိတ်ပြတော့မှ မိုးသောက် ထွက်လာခဲ့တော့သည်။ ဘုရားရိပ် တရားရိပ်ဆိုတာ အေးချမ်းသည်လေ။ ဒါကြောင့် နောင်းကို သူ ဘုရားလိုက်ပို့တာပါ။ နောက်ဆို ဒီအခွင့်အရေးမျိုး ရတော့မှာမဟုတ်ပါဘူး။ နောင်းကို သူ အခုလို ဂရုစိုက်နိုင်မှာမဟုတ်တော့ဘူးလေ။ ဒီနေ့ဟာ သူ နောင်းကို နောက်ဆုံးဂရုစိုက်ခြင်းနဲ့ နွှတ်ဆက်ရမယ့်နေ့လိုပဲ ပြောရတော့မှာပေါ့။

လူလောကမှာ –

အရေးနဲ့အယူ အသွားနဲ့အပြန်ရှိနေတော့ တစ်ခုလိုချင် တစ်ခုကို စွန့်ရမှာပေါ့။ နောင်းရဲ့မျက်စိနှစ်ကွင်း အလင်းပြန်မြင်နိုင်ခွင့်ရဖို့ အတွက် မိုးသောက် နောင်းနဲ့ဝေးရာကို ထွက်သွားတော့မှာပါ။ အားလုံးနဲ့ ဝေးရာကမ္ဘာတစ်ခုဆီ ငါ ထွက်သွားချိန်မှာ နင်ပျော်နိုင်ပါစေ နောင်းရယ်။ နင်နဲ့ငါ ဘယ်တော့မှ ပြန်မဆုံနိုင်တော့ဘူးဆိုတာ။

''ဟယ် ဆရာ ... ဆရာမိုးသောက်ကြယ် မဟုတ်လားဟင်''

''ဟင်''

ကိုယ့်နာမည်ကိုခေါ်လိုက်တဲ့သူတွေကိုအကြည့် ကောင်မလေးနှစ်ယောက်က သူ့ကို မျက်လုံးဝိုင်းလေးတွေနဲ့ကြည့်ပြီးကာ –

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လားဟင်၊ စာရေးဆရာ မိုးသောက်ကြယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော် မိုးသောက်ကြယ်ပါ"

"ဟုတ်တယ်တဲ့။ အခုလို လူကိုယ်တိုင် တွေ့ခွင့်ရတော့ ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်မတို့က ဆရာ့ရဲ့ အမာခံပရိသတ်တွေပါ။ Facebook မှာတော့ ဆရာ့ပုံတွေ မြင်ဖူးပါတယ်။ လူကိုယ်တိုင်တော့ အခုမှပဲ မြင်ဖူးတာပါ"

"ဆရာ့ကို ကျွန်မတို့ အမြဲတမ်းအားပေးနေမယ်နော် ဆရာ"

"ဟုတ်ကဲ့ ... ကျေးဇူးအထူးတင်ပါတယ်ဗျာ"

"အခု ဘာခေါင်းစဉ်နဲ့ ရေးနေလဲ ဆရာ။ သိခွင့်ရှိမလား မသိဘူးနော်"

"ရှိပါတယ် 'ကြွေချိန်မကျတဲ့ကြယ်' ပါ။ မနေ့ကပဲ ကျွန်တော် ဇာတ်သိမ်းပြီးပါပြီ"

"ဟုတ်လား ... ခေါင်းစဉ်လေးက ဆွဲဆောင်မှုရှိတယ်နော်။ ဖတ်တောင် ဖတ်ချင်လာပြီ"

ပရိသတ်ကို ပြုံးပြနေရပေမယ့် ရင်ထဲမှာတော့ ငိုနေမိသည်သာ။ ကျွန်တော် ဒီစာအုပ်ကို နောက်ဆုံးရေးခြင်းပါလို့ ပြောရင် သူတို့ ဘယ်လိုခံစားကြရမလဲ။ ပရိသတ်ကိုချစ်ပေမယ့် နှလုံးသားက

ပေးဆပ်ခွင့်ကို ချစ်သူအတွက်ပဲဖြစ်စေ မိန်းကြားနေတော့ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ ချစ်ပရိသတ်တို့ရေ။

စာရေးဆရာလည်း ...

ချစ်တတ်တဲ့နှလုံးသားနဲ့မို့ ကျွန်တော် ဆုံးဖြတ်မှားမှန်း သိလည်း မှားခွင့်ပေးကြပါဗျာ။

"ဆရာ"

"ဗျာ"

"ကျွန်မတို့ကို စာအုပ်မှာ လက်မှတ်လေး ထိုးပေးပါနော်"

ပြောပြီး တစ်ယောက်က လက်ဝါးလောက်တောင်မရှိတဲ့ စာအုပ်လေးကို ထုတ်ပြီး သူ့ရှေ့မှာ ဖြန့်ပေးလေတော့ မိုးသောက် လက်မှတ်ထိုးပေးလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"ဆရာတစ်ယောက်တည်း လာတာလား။ ဟိုလေ ကျွန်မတို့ ဆရာ့ကို တစ်ခုခုလေး"

"ရပါတယ် နေပါစေဗျာ။ ကျွန်တော် သူငယ်ချင်းနဲ့လာတာပါ။ အခုက ပန်းလာဝယ်တာလေ။ စိတ်မရှိပါနဲ့၊ ခွင့်ပြုပါဦးနော်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ... ကောင်းပါပြီ ဆရာ"

မိုးသောက် ဟရိသတ်နှစ်ယောက်ကို နှုတ်ဆက်ပြီး ပန်းဝယ်လိုက်သည်။ ပြီးတော့ နောင်းရဲ့အသက်ကို တွက်ပြီး ငှက်လည်းဝယ်ရာတွင် ရှိတာအကုန်ယူလိုက်ပါဆိုတာနှင့် ပိုတဲ့ငါးကောင်ဝါ ဝယ်လာခဲ့တော့သည်။ ဒီငါးကောင်ကျမှ လောင်အိမ်ထဲမှာ မထားခဲ့ရက်ပါဘူး

"နောင်း"

"ဟင် ... ကြယ်ပြန်လာပြီလား"

"ဟုတ်တယ်၊ ရော့ နင် ပန်းစည်းကိုင်ထားနော်၊ နှင့်မွေးနေ့ထောင့်ကို ငါလိုက်ပို့မယ်။ ငှက်လည်း ဟိုရောက်မှလွှတ်ပေါ့"

"အေးပါ"

ပြောပြီး မိုးသောက် နောင်းလက်ထဲသို့ ပန်းစည်းထည့်ပေးပြီး မွေးနေ့ထောင့်သို့ လိုက်ပို့လေသည်။ တကယ်တော့ နောင်းက အင်္ဂါသဒီးပါ။ နာမည်ပေးတာ နေ့သင့်နဲ့သင့် မဟုတ်တော့ရော ဘာဖြစ်လဲဆိုပြီး နောင်းဖေဖေက နောင်းကို နောင်းသွဲ့လေညင်းလို့ နာမည်လှလှလေးပဲ ကင်မွန်းတပ်ပေးခဲ့တာတဲ့လေ။

မိုးသောက်ကတော့ –

ကြိုသပတေးသားပါ။ မိဘတွေက ဒီကလေးနှစ်ယောက် နေ့လည်းသင့်တယ်ဆိုပြီး လက်ထပ်ပေးဖို့ သဘောတူထားကြပေမယ့်

နောင်းရဲ့ နှလုံးသားက မရနိုင်တာကို လိုချင်ခဲ့လို့ ခုလို မျက်မမြင်ဒုက္ခိတဘဝကို ရောက်ရတာပေါ့။

"ဒီမှာထိုင် နောင်း"

"ရောက်ပြီလား"

"ရောက်ပြီ ... နင် ဘုရားကို အရင်ဦးချလေ။ ပြီးမှ ငှက်လွှတ်ကြတာပေါ့"

နောင်း ဘုရားကို ဦးချပြီး မိုးသောက်က ပန်းသွားကပ်ပေးသည်။ ငှက်ရောင်းတဲ့သူက သူခြင်းကို ပြန်ယူဖို့ စိတ်ရှည်လက်ရှည် စောင့်နေသည်သာ။ ငှက်လွှတ်တော့ မိုးသောက် နောင်း လက်ထဲကို ငှက်ကလေးတွေ တစ်ကောင်ချင်း ထည့်ပေးလေသည်။ ခြင်းလေး ပြန်ပေးလိုက်တော့ –

"ကျေးဇူးပါ အစ်ကို"

"ကျေးဇူးပါဗျာ"

မိုးသောက် နောင်းလက်က လေးကို ဆုပ်ကိုင်လိုက်တော့ နောင်းက မရွှန်းပေ။

"နင်ရော မသွားဘူးလား ကြယ်"

"ဟင် ... ဘယ်လိုလဲ"

"နှင့်မွေးနေ့ထောင့်ကိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"စောစောက ပန်းဝယ်သွားရင်း ငါ တစ်ခါတည်း ဝင်ခဲ့ပြီး ပါပြီး။ အခု နင် ဘယ်ကိုသွားချင်သေးလဲ ပြောလေ"

နှောင်း တွေခနဲဖြစ်သွားပြီး –

"မသွားချင်တော့ပါဘူးဟာ။ သွားတော့ရော ဘာထူးမှာတဲ့လဲ။ မြင်မြင်ရသမျှ လှုခြင်း မလှုခြင်းတွေကို ငါ ကြည့်ပြီး ခံစားလို့ရတာမှမဟုတ်တာ"

"အဲဒီလိုတော့ မပြောပါနဲ့ နှောင်းရယ်၊ မမြင်ရပေမယ့် နင့်မှာ အနုံအာရုံခံဖို့ နှာခေါင်းနဲ့၊ အကြားအာရုံခံဖို့ နားရှိနေတာပဲဥစ္စာ"

အားမငယ်ပါနဲ့ နှောင်းရယ်။ မကြာခင်မှာ နင့်မျက်လုံးတွေ လောကကြီးရဲ့အလှကို မြင်တွေ့ခံစားနိုင်လာမှာပါ။ ကြွေချိန်မကျသေးပေမယ့် နင် အလင်းရောင်ကို မြင်ရဖို့အတွက် ငါ ကောင်းကင်ကနေ ရအောင်ကြွေကျတော့မှာပါ။

"ဒါဆို ကန်တော်ကြီးကိုသွားမယ်လေ"

"ကောင်းသားပဲ"

နှောင်းသဘော၊ နှောင်းစိတ်တိုင်းကျပါပဲ။ မိုးသောက် နှောင်း သွားချင်တဲ့ ကန်တော်ကြီး လာခဲ့ပါတော့သည်။

အရာရာ မင်းစိတ်တိုင်းကျ
မင်းသဘောပါ ချစ်သူ
မင်းရင်ထဲက အပူထု
ငါက ထုခွဲပြီးခွင်းလို့
ဒီအပူတွေကို သယ်ဆောင်ပေးသွားမယ့်လေညင်း
စစ်ခင်းရလည်း ခင်းမယ့်သူပါ။
မင်း ဘာမှပူစရာမလိုပါဘူး ချစ်သူ
မျက်ရည်စက်တွေနဲ့
မင်းဘဝအေးစက်နေလည်း
ငါ့ရင်ခွင်ကို အငှားပေးပြီး
အနွေးဓာတ်နဲ့ ထွေးပေးပါ့မယ်
နင်စေလိုရာစေ
ငါ့အသက်ကိုတောင် ခြွေလို့
ပေးဆပ်ခြင်းနဲ့ချစ်မယ့်သူပါ ချစ်သူ။

ကန်တော်ကြီးထဲကိုရောက်တော့ နှောင်း ခေါင်းလေးကိုမော့ပြီး အသက်ကို ဝအောင်ရှူသွင်းလိုက်သည်။ ကျေးဇူးတင်ပါတယ်ကြယ်။ ငါ့မျက်လုံးတွေ မြန်မြင်လာတဲ့နေ့ နင့်ကိုငါ ပြန်ပြီး ပေးဆပ်ပါ့မယ်ဟာ။

www.burmeseclassic.com

www.burmeseclassic.com

"နောင်း"

"ဟင်"

"ငါနဲ့ အခုလို လျှောက်သွားရတာပျော်လိုက်"

နောင်း လွန်ခနဲပြုံးလိုက်ပြီး –

"ပျော်ပါတယ် ကြယ်ရယ်။ ငါက အရင်တုန်းက နောင်းမှ မဟုတ်တော့တာ၊ နင်က အမှောင်ကျနေတဲ့ ဝိုဘဝအတွက် အလင်းလက်ဆုံး အတောက်ပဆုံးကြယ်ပါ။ ကျန်ခဲ့တဲ့အချိန်က အဖြစ်အပျက်တွေအတွက် ငါ နောင်တရနေပါပြီ"

မိုးသောက် ရင်ထဲမှာဆို့နင့်ကြေကွဲစွာနှင့် နောင်း မျက်နှာလေးကို ငေးကြည့်ရင်း မျက်ရည်တွေကျလာလေတော့သည်။ ဝမ်းသာလို့ ကျတဲ့ဝမ်းသာမျက်ရည်နဲ့ ဝမ်းနည်းလို့ကျတဲ့ ဝမ်းနည်းမျက်ရည်ဟာ ပါးပြင်ပေါ်မှာ ခွဲခြားလို့ မရတော့ပေ။

"ကြယ်"

နောင်းက ခေါ်ပြီး မိုးသောက်မျက်နှာကို သူမလက်ချောင်းလေးများနှင့် လိုက်စမ်းလေလျှင် စမ်းမိသွားချိန်မှာပဲ မိုးသောက် နောင်း လက်ကလေးကို အပေါ်ကနေ အုပ်ကိုင်ထားမိ၏။

"နင့်ပုံစံက အရင်အတိုင်းပဲလားဟင်။ ဝန်ခံလား ပိန်နေလား အရင်လိုချောသေးလား၊ ငါမြင်ချင်လိုက်တာ ကြယ်ရယ်"

"အရင်ကထက် ပိုချောတယ်လေ"

"ဟုတ်လား"

နှုတ်ခမ်းကပြုံးပြီး ရယ်သွမ်းသွေးကာ ပြောလိုက်ပေမယ့် မျက်ရည်တွေကတော့ ပါးပြင်ပေါ်သို့ကျနေတာ မိမနိုင် ဖမနိုင် သားသမီးလိုပါ။ ပထီမတော့ နောင်း ရယ်လိုက်မိပြီး မိုးသောက်ပါးပြင်ပေါ်က မျက်ရည်စတွေကို လက်ချောင်းလေးနှင့် စမ်းမိသွားလေလျှင်–

"ဟင်"

"____"

"ကြယ်"

"_____"

"နင် နင် ငိုနေတာလား။ ဘာဖြစ်လို့ငိုတာလဲဟင်"

မိုးသောက် နောင်းလက်ကိုဖယ်ချပြီး မျက်ရည်တွေကို သုတ်လိုက်ကာ –

"မငိုပါဘူးဟာ၊ ငါက ဘာလို့ငိုရမှာလဲ"

"ဒါဆို ငါ့လက်ကို စိုသွားတာ ဘာတွေလဲဟင်။ မျက်ရည်တွေမဟုတ်ဘူးလား"

"ဘယ်ကမျက်ရည် ဟုတ်ရမှာလဲ နောင်းရဲ့။ စောစောက ငါ ရေသန့်ဘူးထဲကရေနဲ့ မျက်နှာသစ်လိုက်တာ။ အဲဒါက မခြောက်

www.burmeseclassic.com

www.burmeseclassic.com

သေးဘဲ စိုနေတာပါဟာ။ နင်က ထီးဆောင်းထားလို့ ပူမှန်းမသိတာ။ ငါမှာ မျက်နှာတွေပူပြီး ချွေးတွေထွက်နေတာလေ''

''ဒါဆို နင်လည်း ထီးထဲကိုဝင်လေ''

တကယ်လည်း နေက ပူတော့ပူနေတာပါ။ နေရဲ့ပူလောင်မှုက ရင်ထဲကအပူကို မထိုးဖောက်နိုင်ခဲ့ပါဘူး။ နှောင်း ထီးလေးကို သူဘက်သို့မှန်းပြီး ရွှေ့မိုးပေးလေတော့ မိုးသောက် ပြန်တွန်းပို့လိုက်ကာ –

''ရပါတယ် ... နင်ပဲ ဆောင်းပါ။ ငါက ယောကျ်ားလေးပဲ ဥစ္စာ။ ဒီအပူဒဏ်လောက်ကို ခံနိုင်ပါတယ်''

နှောင်း ဘာမှမပြောဘဲ နှုတ်ဆိတ်သွားလေတော့သည်။ ကြယ်က အမြဲတမ်း သူမကို ဦးစားပေးခဲ့သူပါ။ သူ့ရဲ့ ကြင်နာယုယမှုတွေကို နှောင်းရဲ့နှလုံးသားက ဘာလို့ ဥပေက္ခာပြုထားနိုင်တာလဲ။ သူ့ရဲ့အချစ်တွေကို ဘာလို့ မခံစားတတ်တာလဲ။ ကျူးပစ်ရယ် နင် ရက်စက်လိုက်တာ။ ဘာလို့များ အချစ်မြားတွေကို လူမှားပြီးပစ်ပေးရတာတဲ့လဲ။

''နှောင်း''

''____''

''နင် ဘုရားမှာ ဘာတွေဆုတောင်းခဲ့လဲဟင်''

နှောင်းက မဖြေလေတော့ –

''ဘာလဲ မပြောပုံထောက်တော့ ယောကျ်ားမြန်မြန်ရရပါလို့ ဇော်လို့ ဆုတောင်းလာတာပဲဖြစ်မယ်''

''ကြယ်နော်''

''လာပြန်ပြီ ကြယ်။ အဲဒီလိုမခေါ်ပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ''

''နင်က တကယ်မကြိုက်ဘူးပေါ့''

''မကြိုက်ဘူး''

''အေးပါ ... ဒါဆိုလည်း ငါပြောင်းခေါ်ပါ့မယ်''

''အဲဒီလိုမှပေါ့ဟ''

နှောင်း အနားမှာ ဖြတ်သွားဖြတ်လာတွေများ ရှိနေမလားလို့ ငြိမ်သက်ပြီး နားစွင့်နေမိသည်။ ဘာခြေသံမှ မကြားရဘူးဆိုမှ လွန်ခနဲ ပြီးလိုက်ပြီး –

''ဖင်ခေါင်းကျယ်''

''ဟာ ... နှောင်း''

''ဖင်ခေါင်းကျယ် ဖင်ခေါင်းကျယ်''

နှောင်း အသံကိုမြှင့်၍ သံချည်နှင့် အော်ခေါ်လိုက်လေလျှင်–

''နှောင်းဆို''

www.burmeseclassic.com

www.burmeseclassic.com

ကြယ်က သူမပါးစပ်ကို လိုက်ပိတ်တာ လက်က ဖွဖွရယ်ပါ။ ဒါကြောင့် နှောင်း သူ့လက်ကိုဖယ်ချပြီး ရယ်လေတော့သည်။

''ခစ် ခစ်''

နင်ရယ်ပါ နှောင်းရယ်။ နင် ပြုံးပျော်နေတာကို ခုလိုမြင်ရတာ ငါလည်းပျော်ပါတယ်။ နောက်ထပ် နင့်ကို ရယ်အောင်လုပ်ပေးချင်သေးပေမယ့် နောက်ဆိုရင် ငါလုပ်မပေးနိုင်တော့ဘူး နှောင်း။ နင့်ဘာသာပဲ နင်ပျော်အောင်နေပါ။

❐ ❐ ❐

အခန်း (၃၁)

''တီ တီ''

''____''

''တီ တီ''

ကားဟွန်းတီးပြီး မိုးသောက် ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ နှောင်းဘက်က ကားတံခါးကိုဖွင့်ပြီး နှောင်းလက်ကလေးကို ဆွဲကာ ဖြည်းဖြည်းဆင်းစေ၏။ ထိုစဉ်မှာပဲ –

''ဟာ ... သားနဲ့သမီး ပြန်လာပြီ''

ဒေါ်နွေဦးမေက ထွက်လာပြီး ကြိုးဆိုလေသည်။ အနား ရောက်တော့ သမီးလက်ကလေးကို ဆုပ်ကိုင်ပြီး –

www.burmeseclassic.com

www.burmeseclassic.com

''ဘယ်လိုလဲ သမီး၊ ပျော်ခဲ့ရဲ့လား''

''ဟုတ် ... ပျော်ပါတယ် မေမေ။ စိတ်ညစ်စရာရှိရင်တောင် ကြယ်က ပျော်အောင်လုပ်ပေးပြီး အဲဒီ စိတ်ညစ်မှုတွေကို အရည်ဖျော်ပစ်နေတာပဲ ဥစ္စာ''

''သမီးပျော်တယ်ဆိုရင် မေမေက ကျေနပ်ပါတယ်ကွယ်''

''ကြယ်''

''ဟင်''

''နင်မပြန်နဲ့ဦးနော်။ စာအုပ်က ဇာတ်သိမ်းပြီးပြီ မဟုတ်လား''

''စာမူတောင် အပ်ပြီးသွားပြီ။ ဇာတ်သိမ်းပြီးတာနဲ့ ပြန်စစ်ပြီး တစ်ခါတည်းသွားပို့လိုက်တာ''

''ဟုတ်လား မြန်လိုက်တာ''

''ကဲပါ ... အိမ်ထဲရောက်မှ ဆက်ပြောကြတာပေါ့''

ပြောပြီး မိုးသောက်က အရင်အိမ်ထဲသို့ ဝင်သွားလေတော့ ဒေါ်နွေဦးမေလည်း သမီးကိုခေါ်ပြီး လိုက်လာခဲ့တော့သည်။ ဆိုဖာပေါ်မှာ ကိုယ်စီထိုင်ကြပြီးနောက်မှာတော့ –

''သမီးနဲ့သွားရလာရတာ အဆင်ပြေရဲ့လား မိုးသောက်။ လေကားအဆင်းအတက်ရှိတဲ့နေရာတွေဆို အဆင်မပြေမှာစိုးလို့

အန်တီက စိတ်ပူနေတာ''

''အဆင်ပြေပါတယ် အန်တီ။ ကျွန်တော်က သူလက်ကိုဆွဲပြီး ဆင်းရမယ်ဆို ဆင်းရမယ်၊ တက်ရမယ်ဆို တက်ရမယ် ပြောပြနေထော့ အချို့ နှောင်းကို မျက်မမြင်မှန်းတောင် မသိကြပါဘူး''

''တော်ပါသေးရဲ့''

မိုးသောက်ရဲ့ကျေးဇူးတွေကို ဘယ်လိုဆပ်ရမှန်းပင် မသိတော့ပါဘူး။ သမီးလေးအပေါ်မှာ ကြင်နာ ဂရုစိုက်လွန်းလို့လေ။ မိဘတွေကတောင် သမီးလေးကို အပြင်ထွက်ရင် မဖြစ်မှာစိုးလို့ ဘယ်ကိုမှ လိုက်မပို့နိုင်ခဲ့ပါဘူး။ အခု သူက အပြင်ဆိုလည်း လိုက်ပို့ပေးသည်။

ဟုတ်တာပေါ့ –

သမီးလေးခမျာ နေ့တိုင်း အိမ်မှာချည်းပဲ နေရတာ စိတ်တွေမွန်းကျပ်နေမှာပေါ့။

''သမီးလေးအပေါ်မှာ ခုလိုသည်းခံပြီး စေတနာထားတဲ့ မိုးသောက်ကို အန်တီ ကျေးဇူးတင်ပါတယ်ကွယ်''

''အန်တီရယ် ... ဒီလူနဲ့ဒီလူ ကျေးဇူးတင်စရာလား အန်တီရဲ့။ ကျွန်တော်က သူ့စိမ်းမှမဟုတ်တာ''

''ဟုတ်တယ် မေမေ၊ ကြယ့်ကို ကျေးဇူးတင်စရာမလိုဘူး''

www.burmeseclassic.com

www.burmeseclassic.com

"သမီးကလည်း"

ဒေါ်နွေဦးမေ မိုးသောက်ကို အားနာစွာ ကြည့်လိုက်ပေမယ့် မိုးသောက်က အပြုံးမပျက်ပေ။

"သမီး ကြယ့်ကို ပြန်ပြီးပေးဆပ်မှာပါ။ မေမေတို့လည်း စိတ်ချမ်းသာမယ်ထင်ပါတယ်။ အဲဒါကြောင့် သမီးလေ မျက်လုံးတွေ ပြန်မြင်ချင်လိုက်တာ မေမေရယ်"

"သမီးရယ်"

သမီးလက်ကလေးကို ဆုပ်ကိုင်ပြီး ဒေါ်နွေဦးမေ မျက်ရည်တွေဝဲလာလေသည်။ မိုးသောက်ရင်ထဲမှာလည်း စူးခနဲ ကျင်ခနဲ ဖြစ်အောင် ခံစားရပါသည်။

စိတ်ချပါ နှောင်းရယ်။

နင့်မျက်လုံးတွေ ပြန်မြင်လာရပါစေမယ်။ ဒါပေမဲ့ အဲဒီအချိန် ကျရင်တော့ နင် မိုးသောက်ကြယ်ရဲ့မျက်နှာကို မြင်ခွင့်မရတော့တာပေါ့ ဟာ။

"ဩော် ... ဒါနဲ့ သားနဲ့သမီးအတွက် မေမေ အအေးဖျော်ပေးမယ်နော်။ ရာသီဥတုကပူတော့ မောလာကြရောပေါ့။ ခဏနေ"

ဆက်ထိုင်နေမိရင် ဒေါ်နွေဦးမေ ငိုမိမှာစိုးလို့ ထွက်လာခဲ့တာပါ။

"ကြယ်"

"ဟင်"

"နင် ... ခဏလေး ငြိမ်ငြိမ်နေပေးနော်"

"အင်း ... ဘာလုပ်မလို့လဲ"

"ပြီးရင် သိရမယ်လေ"

"ဟုတ်ကဲ့ပါမှာ"

နှောင်းက မိုးသောက်ရဲ့မျက်နှာကို သူမလက်ကလေးနှင့် လိုက်စမ်းလေတော့ မိုးသောက် ငြိမ်နေလိုက်သည်။

"နင် ငါ့ကို ကြည့်နေတာလား ကြယ်"

"____"

"မကြည့်နဲ့ မျက်စိမှိတ်ထား"

"ဘာဖြစ်လို့လဲ"

"မှိတ်ဆိုမှိတ်စမ်းပါ"

"ကဲ ... မှိတ်ပြီမျာ၊ မှိတ်ပြီ"

"တကယ်မှိတ်ထားလား"

"တကယ်ပါဟာ"

မိုးသောက်မျက်စိမှိတ်ထားတာကို နှောင်း လက်ချောင်းလေးများနှင့် လိုက်စမ်းပြီး သေချာပြီဆိုမှ သူပါးပြင်ကို နှောင်း နမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ချစ်တယ်လို့မပြောပေမယ့် အခုအနမ်းက နင်လိုချင်တဲ့ အဖြေပါ ကြယ်ရယ်။ နောင်တရပြီးမှ တုံ့ပြန်ခိုင်တဲ့ နောင်တအချစ်က ပိုပြီး နက်ရှိုင်းတယ်ဆိုတာ နင် နားလည်သဘောပေါက်ပေးပါ။

"ဟင်"

ပါးပြင်ဆီမှ နွေးခနဲဖြစ်သွားတာကြောင့် မိုးသောက် အံ့သြသွားရလေသည်။ နောင်းက သူ့ကို နမ်းလိုက်တာပါလား။ ဒီအနမ်း တစ်ပွင့်ကနေ အလွမ်းတွေ အရောင်ရင့်ပြီးဖြစ်ခဲ့ရင် နင် ကျေကျေနပ်နပ်ကြီး လွမ်းလိုက်တော့ နောင်း။ နင့်ရဲ့အနမ်းကြောင့် ငါ ဘဝကူးကောင်းမှာပါ။ ငါ အနစ်နာခံပေးဆပ်ခဲ့သမျှလည်း တန်သွားပါပြီဟာ။ အခုလည်း ငါ အကြီးမားဆုံးပေးဆပ်မှုကို ပေးဆပ်တော့မှာပါ။ နင့်ဘဝလေး သာယာအေးချမ်းပါစေ နောင်းရယ်။

"နင် ကျေနပ်ရဲ့လား ကြယ်"

"ငါ ငါ သွားတော့မယ်ဟာ"

"ကြယ်"

"------"

"ကြယ်"

မိုးသောက် နောင်းလက်တွေကို ဖယ်ချခဲ့ပြီး ထွက်လာခဲ့တာ လုံးဝလှည့်မကြည့်တော့ပေ။ နင့်ကိုငါ နူတ်ဆက်ခဲ့ပါတယ် နောင်းရယ်။

စာသားတွေနဲ့ သူများတွေကို ပညာပေးပြီး ဇာတ်လမ်းတွေတင်ပြဆိုးမည်ငါဒေတွေ ဖြွေခဲ့တဲ့ စာရေးဆရာတစ်ယောက်က အချစ်အတွက် ဦးနှောက်က မထက်မြက်တဲ့ဆုံးဖြတ်မှုနဲ့ ဘဝကို အဆုံးသတ်သွားခြင်း အတွက် –

ကြိုက်သလောက် ကဲ့ရဲ့ကြပါစေ။

နင့်ရင်ထဲမှာ ကြယ်ဆိုတာ ထာဝရလင်းလက်နေရင် ငါ ကြွေရကျိုးနပ်ပါပြီဟာ။

မိုးသောက်

ကားကို တရကြမ်းမောင်းထွက်ခဲ့တော့သည်။ ရောက်ချင်ရာရောက် ဦးတည်ချက်မဲ့နေတဲ့ ကားကို တစ်နေရာအရောက်မှတော့ လမ်းဘေးသို့ ဦးတည်ပေးလိုက်ပြီး လက်နှစ်ဖက်က မျက်လုံးနှစ်ဖက်ကို ဖိပိတ်ပစ်လိုက်သည်။

"ဝုန်း"

"အား"

ငါသွားပြီ နောင်းရေ၊ ငါ့ရဲ့နောက်ဆုံးပေးဆပ်မှုနဲ့ လောကရဲ့ အလင်းမှန်သမျှ နင်မြင်ရပါစေ။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၂)

"ဖြည်းဖြည်းဖွင့် သမီး။ ဖြည်းဖြည်းဖွင့်၊ စိတ်မလှုပ်ရှားနဲ့ နော် စိတ်ကို ငြိမ်ငြိမ်ထား"

နောင်း မျက်လုံးကို မှိတ်လိုက် ဖွင့်လိုက်လုပ်နေရသည်။ အမြင်တွေက ပထမတော့ ဝိုးတဝါးရယ်ပါ။ နောက်တစ်ခါ မျက်လုံးကို ပြန်မှိတ်ပြီး ဖွင့်အကြည့်မှာတော့ ပထမဆုံးမြင်လိုက်ရသည်က ကြယ့် မျက်နှာပါ။ ကြယ်က သူမကို ပြုံးပြီးကြည့်နေတာလေ။

"ကြယ်"

"မြင်ရပြီလား သမီး"

"ကြယ်"

"ကြယ် ရှိတယ်လေ သမီး။ သမီးမျက်လုံးတွေ ပြန်မြင်ရပြီလား"

စိတ်လှုပ်ရှားသံနှင့် မေးလိုက်သူက မေမေပါ။ ဖေဖေက မေမေ့ဘေးမှာ မျက်နှာမကောင်းစွာနှင့်လေ။ ဘာလို့ ဖေဖေက မျက်နှာ မကောင်းတာလဲ။ နောင်း မျက်လုံးတွေ ပြန်မြင်ရတာကို ဝမ်းသာရမှာ မဟုတ်ဘူးလား။

"မြင်ရပြီ မေမေ၊ သမီး မျက်လုံးတွေ ပြန်မြင်ရပြီ"

"ဝမ်းသာလိုက်တာ၊ မေမေ ဝမ်းသာလိုက်တာ သမီးရယ်"

မေမေက သူမလက်ကို တင်းတင်းဆုပ်ထားလေသည်။ နောင်း ကြယ်မျက်နှာကို ပြန်အကြည့်မှာတော့ –

"ဟင်"

ကြယ်က မရှိတော့ပေ။ ဘယ်ရောက်သွားပါလိမ့်။ မြန်လိုက်တာ။ ကြယ် ဘယ်ကိုသွားတာလဲ။ အခုချိန်မှာ သူ နောင်းအနားမှာ နေပေးရမှာမဟုတ်ဘူးလား။

"မေမေ"

"ပြောလေ သမီး"

"ကြယ်ရောဟင် ကြယ် ဘယ်ရောက်သွားတာလဲ"

"လာမှာပေါ့ သမီးရဲ့၊ သူလာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com

"စောစောကတော့ နှောင်းအနားမှာ ရှိနေပြီး အခု ဘယ်ရောက်သွားတယ် မသိဘူး။ လာပါစေဦး ဖင်ခေါင်းကျယ် ခေါင်းကို ခေါက်ပစ်မယ်"

"ဟင်"

ဦးကျော့မောင်နှင့် ဒေါ်နွေဦးမေ အကြည့်ချင်းဆုံသွားကြလေသည်။ ဒေါ်နွေဦးမေ မျက်ရည်မကျအောင် မနည်းထိန်းထားရ၏။

"သမီး"

"ရှင် ဖေဖေ"

"သမီး ကြယ်ကို တကယ်မြင်လိုက်တာလား"

"တကယ် သေသေချာချာကို မြင်လိုက်တာလေ ဖေဖေရဲ့။ အခု သူ ဘယ်ကိုသွားတာလဲ"

"ဩော် ဟိုအိမ်ပြန်သွားတာပဲ ဖြစ်မှာပေါ့ သမီးရဲ့။ သူ့စာအုပ်တွေက ဗီဒီယိုအတွက် ရောင်းရတယ်ဆိုလားပဲ။ အဲဒါ စာပေတိုက်က ဖုန်းဆက်ခေါ်နေတာ။ အဲဒီကို သွားတာဖြစ်လိမ့်မယ်ထင်တယ်"

"ဩော်"

ဝမ်းသာစရာသတင်းပေမယ့် နှောင်း ဝမ်းမသာနိုင်ပေ။ စိတ်ထဲမှာ လေးဖင့်ဖင့်ကြီးဖြစ်နေတာ ဘာကြောင့်လဲ၊ နှောင်းက အခုချိန် ကြယ်ကို ကိုယ့်အနားမှာရှိစေချင်တာပါ။

"ကဲ ... ကိုကျော့မောင်"

"ဗျာ ... ဆရာ"

"ခင်ဗျားသမီးရဲ့မျက်လုံးက အကောင်းပကတိ ပြန်ဖြစ်သွားပါပြီ။ ဒီရက်ပိုင်းမှာ မျက်ရည်ကျရမယ့်ကိစ္စမျိုးတွေတော့ မဖြစ်ပါစေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ဒေါက်တာ ဦးရန်မျိုး ဒီလိုမှာရတာသည် အကြောင်းရှိနေလို့ပါ။ မျက်လုံးအလှူရှင်နဲ့ ပတ်သက်ပြီး နှောင်းကိုမသိစေချင်သေးဘူးလေ။ သူက ဒီကလေးတွေရဲ့ဇာတ်လမ်းကို သိထားသူမို့ပါ။

"လိုအပ်တာရှိရင်လည်း ကျွန်တော်တို့ကို အချိန်မရွေးပြောပါ။ အခုတော့ ကျွန်တော့်ကို သွားခွင့်ပြုပါဦးဗျာ"

"ဟုတ်ကဲ့ပါ ဆရာ"

ဒေါက်တာထွက်သွားလေတော့ –

"ဖေဖေ"

"ပြောလေ သမီး"

"သမီးကို ဖုန်းခဏလောက်ပေးပါလားဟင်"

"ဘာလုပ်မလို့လဲ သမီးရဲ့"

"ခဏလေးပါ"

ဦးကျော့မောင် ဖုန်းကိုပေးလိုက်တော့ နှောင်းက ကြယ်

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းနံပါတ်လေးကိုနှိပ်ပြီး ခေါ်လေသည်။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

နောင်း နောက်တစ်ခါထပ်ခေါ်ကြည့်တော့လည်း စက်ပိတ်ထားပါသည်ပဲ ပြောလေတော့ --

"ကျွတ် ... ဒီကောင် ဘာလို့ ဖုန်းကိုစက်ပိတ်ထားတာလဲ မသိဘူး"

"အလုပ်ကိစ္စစကားပြောနေလို့ ဖြစ်မှာပေါ့သမီးရဲ့"

ဒီစကားနဲ့ပဲ သမီးကိုနှစ်သိပ်ပေးပြီး ဒေါ်နွေဦးမေ ထွက်လာခဲ့တော့သည်။ သူမ ငိုမိတော့မယ်လေ။

❐❐❐

အခန်း (၃၃)

ခေါ်လို့မရတော့တဲ့ ဖုန်းနံပါတ်ကလေးကိုပဲ နောင်း နေ့စဉ်ခေါ်နေမိသည်။ ပြောတော့ ကြယ်က ပုံကိုသွားတယ်တဲ့။ ဟိုနေ့ပြန်လာမှာပါ ဒီနေ့ပြန်လာမှာပါနဲ့။ အခုဆို ကြယ်နဲ့မတွေ့ရတာ သုံးလပင် ပြည့်တော့မည်။ ဖုန်းခေါ်လို့မရတိုင်းမေးတော့ ဆင်းကတ်အသစ်လဲထည့်ထားလို့ပဲ ဖြစ်မှာပေါ့တဲ့။

ကြယ် ဘယ်ကိုရောက်နေသလဲ။

ဘာတွေလုပ်နေသလဲ။ ငါ လွမ်းလိုက်တာ ကြယ်ရယ်။ နှင့် ပြန်လာခဲ့ပါတော့။

"နောင်း"

www.burmeseclassic.com

www.burmeseclassic.com

"_____"

"နှောင်း"

"ဟင်"

နှောင်းဆီသို့ လျှောက်လာနေသူက သူသူပါ။ လက်ထဲမှာလည်း စာအုပ်တစ်အုပ်ကိုကိုင်လို့ပါ။

"လာလေ သူသူ"

"ငါ နင့်ကို စာအုပ်လာပေးတာပါ။ ကြယ် နောက်ဆုံးရေးခဲ့တဲ့ စာအုပ်ထွက်နေပြီ။ အဲဒါ ရောက်လာလို့ နင့်ကိုလာပို့တာ"

သူသူအသံကတုန်နေသည်။ ပြီးတော့ မျက်နှာလည်း မကောင်းပေ။ နှောင်း စာအုပ်ကို လှမ်းယူပြီး ကြည့်လိုက်တော့။ ခေါင်းစဉ်က 'ကြွေချိန်မကျတဲ့ကြယ်" တဲ့။ ဇာတ်လမ်းအစကိုလှန်လိုက်တာနဲ့ ကဗျာလေးတစ်ပုဒ်က –

"ကြွေချိန်မကျတဲ့ ကြယ်"

နင့်အတွက်ဆိုရင်...
ငါဟာ
နင်ဆုတောင်းတိုင်းပြည့်စေဖို့
ကြယ်တစ်ပွင့် ဖြစ်ချင်ခဲ့တယ်။

နင်တောင်းတဲ့ဆုတိုင်း
ပြည့်စေဖို့အတွက်
ကြွေချိန်မကျလည်း
ငါ...ကောင်းကင်ကရအောင်
ကြွေကျခဲ့မယ်
ကဲ...
သင်လိုရာဆုတောင်းပေတော့။

နှောင်း ကဗျာလေးကိုဖတ်ပြီး သူသူကိုကြည့်လိုက်ကာ–

"သူသူ"

"_____"

"ဒီကဗျာရဲ့အဓိပ္ပာယ်ကို သူသူသိလားဟင်"

"သိတာပေါ့အေ၊ သိတာမှ ရင်နှစ်ခြမ်း ဖြန်းခနဲကွဲလုမတတ်ကိုသိတာ။ အဲဒီစာအုပ်ကို ညည်းဖတ်ကြည့်လိုက်၊ ကြယ်ရဲ့ ပေးဆပ်ခြင်းနဲ့ ချစ်တဲ့အချစ်ကို သိလာလိမ့်မယ်"

သူသူက ပြောရင်း မျက်ရည်တွေကျလာလေသည်။ သူသူဘာဖြစ်တာလဲ။ ဘာကိုဝမ်းနည်းလို့ငိုတာလဲ။ ဒီစာအုပ်က အရှင်းဝင်းနည်းဖို့ကောင်းလို့လား။ နှောင်း နားမလည်နိုင်တော့ပေ။ ပြီးတော့ သူပြောတဲ့စကားတွေက ဘာတွေလဲ။

www.burmeseclassic.com

"သူသူ"

"____"

"သူသူ ဘာဖြစ်လို့ငိုတာလဲဟင်"

"ဘာဖြစ်လို့ငိုတာလဲ ဟုတ်လား"

နှောင်းက ခေါင်းညိတ်လိုက်လေလျှင် –

"ဒီစာအုပ်က မိုးသောက် နောက်ဆုံးရေးခဲ့တဲ့စာအုပ်လို့ ငါ ပြောပြီးပါပြီဟယ်"

"နောက်ဆုံး ဟုတ်လား။ ကြယ်က နောက်ထပ်စာမရေးတော့ ဘူးလား။ ကြယ် ... ကြယ် ... ဘာဖြစ်လို့လဲ သူသူ။ သူဝါသနာ ပါတဲ့အလုပ်ကို သူက ဘာလို့ ဆက်မလုပ်တာတဲ့လဲ"

"မလုပ်နိုင်တော့လို့ပေါ့ နှောင်းရယ်"

"ဟင်"

နှောင်းကိုပြောပြဖို့ အချိန်တန်ပြီလို့ သူသူထင်ပါသည်။ ကိုယ့် အပေါ် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တဲ့အချစ်ကို နားမလည်ခဲ့တဲ့ မိန်းကလေး။ သူကို နောင်တတွေ ရစေချင်ပါပြီ။ နောင်တတွေနဲ့ အတူ တစ်သက်လုံးခံစားပေတော့လေ။ လူကြီးတွေက သူတို့သား သူကြမ္မာ သူဖန်သွားတာဆိုပြီး ဖြေသိမ့်နိုင်ကြပေမယ့် သူသူကတော့ မဖြေနိုင်ပါဘူး။

မိုးသောက် သူကြမ္မာ သူဖန်သွားတာ နှောင်းကြောင့်ပဲလေ။ နှောင်းကိုချစ်တဲ့စိတ်နဲ့ ခုလို မိုက်ရူးရဲဆန်သွားတာ။ နှောင်းကတော့ နှစ်သစ်ချိုမှ နှစ်သစ်ချိုဖြစ်နေတာ ဘယ်လောက်ရင်နာစရာ ကောင်း လိုက်ပါသလဲ။

"သူသူ နှောင်းကို ရှင်းရှင်းပြောပါ သူသူရယ်။ ကြယ် ကြယ် ဘာဖြစ်လို့လဲဟင်။ သူ ပုံကို ဘုရားဖူးသွားတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး နှောင်း။ အဲဒါ ညည်းကို ဝိုင်းညာနေကြတာ သိလား"

"ဒါဆို ကြယ်က ... ကြယ်က"

"ညည်းမျက်လုံးတွေကို ညည်းမှန်ထဲမှာ ပြန်ကြည့်လိုက် နှောင်း။ ဘယ်သူမျက်လုံး ဘယ်သူ့အကြည့်နဲ့ တူသလဲလို့"

နှောင်း ယောင်ယမ်းပြီး မျက်လုံးကို စမ်းကြည့်ပေမယ့် လက် ဝါးနှစ်ဖက်က ပါးပြင်ပေါ်မှာသာ ကပ်လျက်ပါ။ မှန်တစ်ချပ်ကို ချောက်ချင်း ပြေးယူပြီး ကြည့်ချင်သော်လည်း သူသူ စကားက ဘာလို့ တိတိကျကျ မသိရသေးတာမို့ မသွားဖြစ်ပေ။

"မိုးသောက်က နင့်ကို အရေးချစ်တာပါ နှောင်းရယ်"

"နှောင်းလည်း သူကိုချစ်တယ်။ အခု နှောင်း သူ့ကို ချစ်မိ နေလို့ ချစ်တယ်လို့ပြောဖို့ သူကို စောင့်နေခဲ့တာပါ။ နှောင်း နှောင်း

www.burmeseclassic.com

www.burmeseclassic.com

...ကြယ်ကို အရမ်းလွမ်းနေတာပါ သူသူရဲ့''

''နင် နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ လွမ်းပေဦးတော့ နောင်း။ နောင်းဆိုတဲ့အတိုင်း နင့်အချစ်တွေ ပြန်ပေးမယ့်အချိန်က နောင်းသွားခဲ့ပါပြီ''

''သူသူ ဘာတွေပြောနေတာလဲ''

''နင် ချစ်တယ်လို့ အော်ရင်း သေသွားတောင် နင့်စကားကို ပိုးသောက်က မကြားနိုင်တော့ဘူးလေ''

''ဟင်''

''သူ လူလောကကြီးမှာမရှိတော့ဘူး နောင်း''

နောင်း ပါးစပ်အဟောင်းသားဖြစ်ကာ မျက်လုံးပြူးသွားလေတော့သည်။ ပြီးတော့ ခေါင်းကို တွင်တွင်ခါယမ်းပစ်လိုက်တော့၏။ မယုံဘူး၊ နောင်း မယုံပါဘူး။ ဒါ နောင်းအပေါ်မှာ ကြယ် အနစ်နာခံအားကြီးလို့ သူတို့ မခံမရပ်နိုင်ဖြစ်ပြီး ညာပြောတာပဲနေမှာ။ ကြယ်ကို အချစ်ပိုပြီး နောင်းကိုညာနေကြတာ။

''မယုံဘူး။ နောင်း မယုံဘူး။ သူသူ နောင်းကို ညာနေတာပါ။ ကြယ် ဘာမှမဖြစ်ရဘူး။ သူ ဘာမှမဖြစ်ပါဘူး''

နောင်း အရူးတစ်ယောက်လိုပဲ အော်ပြောလိုက်မိသည်။

''တကယ်လား ညာနေတာလား သိရအောင် နင် ငါနဲ့လိုက်ခဲ့

နောင်း''

သူသူကပြောပြောဆိုဆိုနှင့် ထွက်သွားလေတော့ နောင်း ဒူးပြည်ပေါ်မှာ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်နှင့်ပါ။ မဟုတ်ပါစေနဲ့ လို့သာ ဆုတောင်းရင်း သူသူနောက်ကနေ လိုက်လာခဲ့တော့၏။ သွားနေတဲ့လမ်းတစ်လျှောက် ကားပေါ်မှာ မျက်ရည်တွေကျရင်း အတိတ်ပုံရိပ်တွေက တရေးရေးပေါ်နေလို့သာ။

''ခေါ်ပြန်ပြီ ဒီနေ့ကစပြီး နင်တို့ ငါ့ကို ကြယ်လို့ ဘယ်သူမှ မခေါ်ကြနဲ့''

''အေး ... ဟုတ်တော့ ဟုတ်တယ်ဟ၊ ကြယ်လို့ တစ်လုံးတည်း ခေါ်တော့ ဘာကျယ်မှန်းမသိ ညာကျယ်မှန်းမသိကြီးနော်''

''ဖင်ခေါင်းကျယ်''

''နောင်း''

''ရယ်မနေနဲ့၊ အဲဒါ နင်စလို့ ကျယ်သွားတာ နင်ပဲပြန်ပိတ်ပေး''

''ဘုရားရေ''

''ငါ ပိတ်ပေးရမလား''

''ဘာ''

''ဘာဖြစ်တာလဲ ပိတ်ပေးမယ်ဆိုတော့တစ်မျိုး။ နောက်ကို

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုမခေါ်နဲ့လို့ ပြောပေးမလို့ဟာ''

''မခေါ်နဲ့''

ဟိုအရင်တုန်းက အရိုန်လေး မမေ့သေးဘူး ကြယ်၊ တကယ်တော့ နင်က ငါ့ဘဝရဲ့ အလင်းရောင်ပါဟာ။ အဲဒီအကြောင်းတွေကို နင်နဲ့ငါ အတူတူ ပြန်ပြောပြီး ရယ်ကြမယ်လေ ကြယ်ရယ်။

''မတူလို့မရဘူး နောက်ထပ် အဲဒီလိုခေါ်ရဲခေါ်ကြည့်''

''ဘာလုပ်မှာလဲ''

''အဲဒီကျယ်တဲ့အထဲကို နင်တို့အားလုံး စုထည့်ပြီး ဝမ်းဗိတ် ဆေးသောက်ပစ်မယ်''

နင် စိတ်မဆိုးပါနဲ့ ကြယ်။ ငါ နင့်ကို အဲဒီလိုခေါ်ခဲ့တာ နင့်ကို အရမ်းခင်လို့ပါဟာ။ နောက် မခေါ်နဲ့ဆိုရင် နင်မကြိုက်ရင် ငါ မခေါ်တော့ပါဘူး။ ငါ့ဆီကိုပြန်လာခဲ့ပါဟာ။

❐ ❐ ❐

အခန်း (၃၄)

''ဟိုမှာ ကြည့်လိုက် နောင်း အဲဒါ မိုးသောက်ရဲ့အုတ်ဂူပဲ''

နောင်း အပြာရောင်အုတ်ဂူလေးအနားကို အပြေးသွားပြီး နာမည်ကိုဖတ်လိုက်တော့ ''မိုးသောက်ကြယ်'' တဲ့။ ဒါ ဒါ ကြယ်အစစ်လား။ ဘာလို့ သူ ဒီလိုဖြစ်တာ နောင်းကိုမပြောကြတာလဲ။ ဘာလို့ ညာကြတာလဲ။

''ကြယ်''

''_____''

''ကြယ်''

''ငါ့မောင်လေးကလေ နင့်ကိုသိပ်ချစ်တာ နောင်းရဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်ချစ်သလဲဆို နင့်မျက်စိနှစ်ကွင်း အလင်းရဖို့အတွက် သူ့အသက်ကို စတေးသွားတာဟဲ့''

အဲဒီနေ့က အဖြစ်အပျက်ကို သူသူပြောပြလေတော့ နှောင်းရင်ထဲမှာ အူတွေ အသည်းတွေ ဆွဲထုတ်ပြီး ဆားပက်ခံလိုက်ရသလိုပါပဲ။ နင် ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိပါတယ် ကြယ်ရယ်။ ဒါကို ဘာလို့များ အသက်ပေးပြီး သက်သေပြသွားရတာလဲ။

''ကြယ် နင့်ကိုငါ အရမ်းချစ်တယ် ကြယ်ရဲ့၊ ငါ့အမှားတွေ အတွက် ငါ နောင်တရနေပါပြီဟာ''

''အခုမှ နောင်တရလို့ ကြယ်က အသက်ပြန်ရှင်မလာတော့ဘူး နှောင်း။ အဲဒီနောင်တတွေနဲ့ နင် တစ်သက်လုံး ယူကျုံးမရ ဖြစ်နေတော့ပေါ့''

''ကြယ်ရယ်''

နင်က မေတ္တာစစ် မေတ္တာမှန်နဲ့ မထိုက်တန်တဲ့မိန်းကလေးပဲ။ အဲဒီတော့ ခံစရာရှိတော့လည်း ခံလိုက်ဦးပေါ့အေ''

''ပြောပါတော့ သူသူရယ်၊ သူသူကြီးက်သလို ပြောပါတော့ ... အဟင့် ဟင့် ဟီး''

နှောင်း အုတ်ဂူကို ခေါင်းနဲ့မှီပြီး တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။

''ငါ့ပါးစပ်က ချစ်တယ်လို့ပြောတာကို နင် ကြားမသွားရတော့ဘူးပေါ့ ကြယ်ရယ်။ ငါ နင့်ကိုချစ်ပါတယ်။ အရမ်းချစ်တယ်။ နင့်ရဲ့အချစ်နဲ့ မထိုက်တန်တဲ့ ငါ့ကို နင် ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့''

ဝအောင်ငိုလိုက် နှောင်း။ နင့်မျက်ညှိုတွေပြစ်ပြစ်ပြီး အဲဒီပြစ်ချက်တွေ တစ်ကမ္ဘာလုံးကို လွှမ်းသွားတောင် မိုးသောက်က အသက်ပြန်ရှင်မလာတော့ဘူး။ မိုးသောက်ရဲ့ မေတ္တာတွေစူးရှပါစေ။ တန်ပြန် သက်ရောက်မှုတွေ ရရှိပါစေ။

''ကြယ်''

''_____''

''နင့်ကို ငါ အရမ်းချစ်တယ်''

နှောင်း ဘယ်လောက်မဲအော်ပြောပြော ကြယ်က မကြားနိုင်တော့ပြီ။ ငါ့မျက်လုံးတွေ မြင်ရဖို့အတွက် နင့်အသက်ကို စတေးပြီး နင့်မျက်လုံးတွေကို ပေးခဲ့တယ်တဲ့လား ကြယ်ရယ်။ နှောင်းနဲ့ကြယ် နောက်ဆုံးတွေ့ခဲ့တဲ့နေ့က –

''ကြယ်''

''_____''

''နင် နင်ငိုနေတာလား။ ဘာဖြစ်လို့ငိုတာလဲဟင်''

''မငိုပါဘူးဟာ။ ငါက ဘာလို့ငိုရမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ငါ့လက်ကိုစိုသွားတာ ဘာတွေလဲဟင်။ မျက်ရည်တွေ မဟုတ်ဘူးလား"

"ဘယ်ကမျက်ရည် ဟုတ်ရမှာလဲ နောင်းရဲ့။ စောစောက ငါ ရေသန့်ဘူးထဲက ရေနဲ့ မျက်နှာသစ်လိုက်တာ။ အဲဒါက မခြောက်သေးဘဲ စိုနေတာပါဟာ။ နင်က ထီးဆောင်းထားလို့ ပူမှန်းမသိတာ။ ငါ့မှာ မျက်နှာတွေပူပြီး ချွေးတွေ ထွက်နေတာလေ"

တကယ်တော့ နင် ငါ့ကိုညာခဲ့တာ မဟုတ်လား ကြယ်။ နင် ငိုနေတာ ငါသိတယ်။

စိတ်ချပါ ကြယ်။

ငါ့အတွက် အရာရာပေးဆပ်ခဲ့တဲ့နင့်ကို ငါ တစ်သက်လုံး သတိရနေမှာပါ။ နောင်တတွေနဲ့အတူ နင့်နေရာမှာ ငါ ဘယ်သူ့ကိုမှ အစားမထိုးတော့ပါဘူး။

နင့်ကို . . .

ထာဝရတမ်းတခြင်းနဲ့ ချစ်နေပါ့မယ်လို့ ငါကတိပေးပါတယ် ကြယ်ရယ်။

ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ။

အလင်းသစ်

၂၀၁၆ သြဂုတ်

တွင် ဖတ်နိုင်ပါပြီ . . .

မမသန့်ဦမောင်

"မင်း လက်ထဲကရေလေး ငါ"

ကြယ်စင်မှူးဝေ

အချစ်တရွေ့

မိုးစက်ပွင့်

သစ္စာစူးစေသား

အလင်းသစ်

ကြွေချိန်မကျတဲ့ကြယ်

လှိုင်းကြာဖြူ

နှလုံးပိုင်ရှင်

www.burmeseclassic.com